# မြဝတီ နေ့စဉ်

သတင်းလောက ရှေ့ဆောင်မည် လူထုကြားက မြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၄)၊ အမှတ်(၂၈၈)

၁၃၈၆ ခုနှစ်၊ တပို့တွဲလဆန်း ၃ ရက်
၂၀၂၅ ခုနှစ်၊ ဇန်နဝါရီ ၃၁ ရက်၊ သောကြာနေ့


## မြတ်ဗုဒ္ဓ၏အဆုံးအမတရား

နေမင်းသည် နေ့၌တောက်ပ၏။ လဝန်းသည် ညဉ့်၌ထွန်းလင်း၏။ မင်းသည် ချပ်ဝတ်တန်ဆာဆင်သော် တောက်ပ၏။ ဗြာဟ္မဏသည် စျာန်ဝင်စားသော် တောက်ပ၏။ ဗုဒ္ဓဘုရားရှင်သည် နေ့ညဉ့်ပတ်လုံး တန်ခိုးတော်ဖြင့်တောက်ပ၏။

ဓမ္မပဒ

## ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၁/၂၀၂၅)ကြိမ်မြောက်အစည်းအဝေးက လျှပ်စစ်သုံးယာဉ်အမျိုးမျိုးတပ်ဆင်ထုတ်လုပ်ခြင်းလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်းသုံး ပစ္စည်းများထုတ်လုပ်ခြင်းလုပ်ငန်းနှင့် ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများအပါအဝင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသစ် ၁၄ ခုကိုခွင့်ပြု

စာ - ၁၇ သို့

## တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်) ရန်ကုန်တိုင်းဒေသကြီး၊ ကိုကိုးကျွန်းမြို့နယ်၊ ကိုကိုးကျွန်းမြို့နှင့် အနီးဝန်းကျင်မှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

စာ - ၁၁ သို့



## ပွင့်ဖြူမြို့နယ်တွင် စားတော်ပဲသီးနှံ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင် ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပြည်ပပို့ကုန်အဖြစ်တင်ပို့နိုင်မည်

**ပွင့်ဖြူ ဇန်နဝါရီ ၃၀**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားတော်ပဲသီးနှံ ၃၃၁၂ ဧကထိ စိုက်ပျိုးပြီးစီး၍ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားတော်ပဲသီးနှံ ၃၁၈၅ ဧက စိုက်ပျိုးရန်လျာထားပြီး ဒေသခံတောင်သူများက သတ်မှတ်လျာထားစိုက်ဧက ပြည့်မီစေရန် ၂၀၂၄ ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၃၃၁၂ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်၍ **စာမျက်နှာ ၁၂ ကော်လံ ၃** ○

## ပြည်ပဘီလပ်မြေများ တင်သွင်းရောက်ရှိမည်

**နေပြည်တော် ဇန်နဝါရီ ၃၀**

နိုင်ငံတစ်ဝန်းတွင် ယခုပွင့်လင်းရာသီချိန်၌ ဆောက်လုပ်ရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းများ အချိန်မီပြီးစီးနိုင်ရေးအတွက် ဘိလပ်မြေလိုအပ်ချက်များအား ပြည်တွင်းဘိလပ်မြေစက်ရုံများ၏ထုတ်လုပ်မှုများအပြင် ပြည်ပမှဘိလပ်မြေများကို နယ်စပ်ကုန်သွယ်ရေးနှင့် ပင်လယ်ရေကြောင်းတို့မှ အားဖြည့်တင်သွင်းခွင့်ပြုထားကြောင်းနှင့် အဆိုပါ ပြည်ပဘိလပ်မြေများသည် ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလအတွင်း ရောက်ရှိမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၅၀၀)

## ရုပ်ကြွင်းလောင်စာများကို လျှော့ချနိုင်မည့်လျှပ်စစ်ကား



ဆောင်းပါး စာ - ၁၃ သို့

## ၃၀-၁-၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** (၅,၄၄၀,၀၀၀)ကျပ်ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**




## အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ ဇန်နဝါရီ ၃၁ ရက်)

# အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားမှုပပျောက်ရေး

လောင်းကစားမှုသည် လူသားတို့အတွက် ကောင်းကျိုးပြုသည့်အရာမဟုတ်ပေ။ လောင်းကစားမှုတွင် ပါဝင်ပတ်သက်ပါက တရားဥပဒေနှင့်အညီအရေးယူခံရမည်ဖြစ်သကဲ့သို့ မိမိတို့၏လူမှုစီးပွားဘဝသည်လည်း နိမ့်ပါးနေမည်သာဖြစ်သည်။ မိမိတို့၏မှန်ကန်သောလုပ်အားဖြင့်ရရှိသောငွေကြေးသည် တန်ဖိုးရှိသည်။ ဥပဒေနှင့်လွတ်ကင်းသည်။ ထိုသို့မဟုတ်ဘဲ လောဘဇောတက်ကာ ငွေကြေးအမြောက်အမြားကို တစ်ခဏအတွင်း ရယူလိုသည့်စိတ်ဓာတ်မျိုးဖြင့် လောင်းကစားလုပ်မည်ဆိုပါက နောက်ဆုံးတွင်တရားဥပဒေဘောင်အတွင်းသို့သက်ဆင်းရပေမည်။ လောင်းကစားဟုဆိုရာတွင် လောင်းကစားဒိုင်မှန်သမျှသည် လိမ်လည်သူများသာဖြစ်သည်။

ကရင်ပြည်နယ် မြဝတီ – ရွှေကုက္ကိုလ်နှင့် KK Park နယ်မြေအတွင်း တရားမဝင်အွန်လိုင်းလောင်းကစားအပါအဝင် ဒုစရိုက်မှုများလုပ်ဆောင်လျက်ရှိသည်။ အဆိုပါရွှေကုက္ကိုလ်နယ်မြေကို ၂၀၁၆ ခုနှစ်မှစတင်ကာ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးကိစ္စရပ်များဆောင်ရွက်ရန်အကြောင်းပြု၍ စီမံကိန်းတစ်ရပ်အဖြစ် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ယင်းနောက် မီဒီယာများမှဖော်ပြချက်များ၊ တရားမဝင်စီးပွားရေးလုပ်ငန်းများဆောင်ရွက်နေသည်ဆိုသည့်သတင်းများကြောင့် စီမံကိန်းဆက်လက်တည်ဆောက်ခြင်းကိုရပ်ဆိုင်းခဲ့ရသည့်ဒေသဖြစ်သည်။

အဆိုပါနယ်မြေ၌ လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့ပေါင်းစုံလှုပ်ရှားနေထိုင်လျက်ရှိခြင်း၊ တရားဥပဒေစိုးမိုးရေးအဖွဲ့များနှင့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာတာဝန်ရှိသူများ အပြည့်အဝစိုးမိုးအုပ်ချုပ်ရန်အခက်အခဲနှင့်ကန့်သတ်ချက်များရှိခြင်းတို့ကြောင့် နယ်မြေဒေသမတည်ငြိမ်မှုများဖြစ်ပေါ်လျက်ရှိသည်။ ထို့အတူ ဆက်စပ်နေရာများမှ ကိုယ်ကျိုးစီးပွားရှာသူများအနေဖြင့် အခွင့်ကောင်းယူကာ တရားမဝင် အွန်လိုင်းလောင်းကစားအပါအဝင် ဒုစရိုက်မှုများကိုကျူးလွန်နေခြင်းဖြစ်သည်။ အဆိုပါအွန်လိုင်းလိမ်လည်မှုများ၊ အွန်လိုင်းလောင်းကစားမှုများလုပ်ဆောင်နေကြသူများမှာ ၂၀၁၅ ခုနှစ်ခန့်မှစ၍ ဖိလစ်ပိုင်နိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့တွင် လုပ်ကိုင်ခဲ့ကြပြီး၂၀၁၉ ခုနှစ်နောက်ပိုင်း၌ မြန်မာနိုင်ငံသို့ရောက်ရှိလုပ်ကိုင်ခဲ့ကြခြင်းဖြစ်သည်။

အဆိုပါဒေသများ၌ အွန်လိုင်းလိမ်လည်မှု၏အခြေခံလိုအပ်ချက်ဖြစ်သည့် လျှပ်စစ်ဓာတ်အားနှင့် အင်တာနက်လိုင်းအဆက်အသွယ်ကို မြန်မာနိုင်ငံအတွင်းမှပေးထားခြင်းမရှိပေ။ တစ်ဖက်နိုင်ငံမှ တစ်ဆင့်ရယူနေခြင်းဖြစ်သည်။ အခြေခံအဆောက်အဦများနှင့်ရင်းနှီးမြှုပ်နှံမှုအများစုမှာလည်း ပြည်ပအဖွဲ့အစည်းများက လာရောက်ရင်းနှီးမြှုပ်နှံထားခြင်းဖြစ်သည်။ တရားမဝင်လုပ်ငန်းလုပ်ဆောင်ရန် လက်နက်ခဲယမ်းများမှာလည်း တစ်ဖက်နိုင်ငံကိုအခြေခံ၍ ရယူထားခြင်းဖြစ်သည်။ လုပ်ငန်းလုပ်ဆောင်နေသူများအနေဖြင့်လည်း မြန်မာနိုင်ငံမှမဟုတ်ဘဲ အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်းပြီး မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင်ဝင်ရောက်နေထိုင်ကာ ရင်းနှီးလုပ်ကိုင်နေသည့်ပြည်ပနိုင်ငံသားများပင်ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်တရားဥပဒေစိုးမိုးရေးကို အလေးထားဆောင်ရွက်လျက်ရှိသည်။ အချို့သောနယ်စပ်ဒေသများတွင် လက်ရှိဖြစ်ပေါ်နေသည့်အခြေအနေများအပေါ် အခွင့်ကောင်းယူကာ ပြည်ပနိုင်ငံသားအချို့က လက်နက်ကိုင်သောင်းကျန်းသူများအပါအဝင် ဆက်စပ်နေရာများမှ ကိုယ်ကျိုးစီးပွားရှာသူများနှင့်အတူ ပါဝင်ပတ်သက်လုပ်ဆောင်နေခြင်းဖြစ်သည်။ ထိုသို့ပါဝင်ပတ်သက်မှုများဖြင့် အွန်လိုင်းလိမ်လည်မှုများ၊ အွန်လိုင်းလောင်းကစားမှုများ ကျယ်ပြန့်စွာဆောင်ရွက်နေခြင်းကို နိုင်ငံတော်အစိုးရအနေဖြင့် စိစစ်ဖော်ထုတ်ခြင်းနှင့် ပြန်လည်လွှဲပြောင်းခြင်းလုပ်ငန်းစဉ်များကို အလေးထားဆောင်ရွက်လျက်ရှိသည်။

ထိုကဲ့သို့ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လျက်ရှိသည့် ပြည်ပနိုင်ငံသားများကို စိစစ်ဖော်ထုတ်မှုများဆောင်ရွက်ခဲ့ရာ အများစုသည်အိမ်နီးချင်းနိုင်ငံအချို့ကိုတစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံနယ်နိမိတ်အတွင်းသို့ ကိုယ်ကျိုးစီးပွားအတွက် အလုပ်လုပ်ကိုင်ရန် တရားမဝင် ဝင်ရောက်လာကြသူများဖြစ်ကြောင်းတွေ့ရှိရသည်။ သို့သော် နိုင်ငံတော်အစိုးရအနေဖြင့် လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကိုရှေးရှု၍ တရားဥပဒေနှင့်အညီ စစ်ဆေးကာ သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးလျက်ရှိသည်။ ထို့ပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေသောနိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့်နိုင်ငံခြားသားများကိုလည်း သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင်လွှဲပြောင်းပေးလျက်ရှိသည်။

အွန်လိုင်းလိမ်လည်မှုများ၊ အွန်လိုင်းလောင်းကစားမှုများ ကျူးလွန်နေကြသူများသည် သက်ဆိုင်ရာနိုင်ငံများ၌ ရာဇဝတ်မှုများကျူးလွန်ကာ တိမ်းရှောင်ထွက်ပြေးနေရသူများဖြစ်သည်။ အဆိုပါပြည်ပြေးလူတစ်စုနှင့် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအချို့အပါအဝင် လက်နက်ကိုင်အဖွဲ့အစည်းများ၊ ဆက်စပ်နေရာများမှ ကိုယ်ကျိုးစီးပွားရှာသူများနှင့်ပူးပေါင်းကာ လုပ်ဆောင်နေခြင်းဖြစ်သည်။ သို့ဖြစ်၍ နိုင်ငံတော်အနေဖြင့် နိုင်ငံတကာမှအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ စုံစမ်းဖော်ထုတ်အရေးယူမှုများကို ပြတ်ပြတ်သားသားဆောင်ရွက်လျက်ရှိသည်။ ပြည်သူများအနေဖြင့် အွန်လိုင်းလိမ်လည်မှု၊ လောင်းကစားမှုသတင်းများရရှိပါက သက်ဆိုင်ရာသို့ သတင်းပေးပို့ခြင်းဖြင့် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

# ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ရသူများ

**ကင်းလွတ်ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ-၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) သာသနာ့ဝန်ထမ်းများ။

( ခ ) အိမ်ထောင်သည်အမျိုးသမီးများ(အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်း ပါဝင်သည်)။

( ဂ ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။

(ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။

( င ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ

(က) ဉာဏ်အရည်အသွေးမမီခြင်းနှင့်အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန်မသင့်လျော်သူများ။

( ခ ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေ့ါသွပ်သူဖြစ်ခြင်း (သို့မဟုတ်)စိတ်ပေ့ါသွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။

( ဂ ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင် (သို့မဟုတ်)အတတ်ပညာရှင်များ။

(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့်တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏သားသမီးအရင်းအချာများ(ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများမပါ)။ မှတ်ချက်။ အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက်ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန်ခွင့်ပြုနိုင်သည်။

( င ) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ်တစ်ခုခုရရှိသော အားကစားသမားများ။

( စ ) နိုင်ငံ့ဝန်ထမ်းတာဝန်ထမ်းဆောင်နေသော တစ်ဆက်စပ်တည်းလုပ်သက် ၂ နှစ်နှင့်အထက်ရှိသော ဆရာဝန်နှင့်သူနာပြုများ။

(ဆ) တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့်အထက်ရှိသောတပ်မတော်စစ်သည်အစားခန့် အရပ်သားဝန်ထမ်းများ။

( ဇ ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

# မိုးချည်မျှင်ရှည်ဝါ ပန်းတိုင်အထွက်နှုန်းရရှိရေး တောင်သူများအား ဓာတ်မြေသြဇာများပေးအပ်

မြစ်သား ဇန်နဝါရီ ၃၀

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက တောင်သူများ အကျိုးစီးပွားဖြစ်ထွန်းရန်၊ ဝါသီးနှံအထွက်နှုန်းကောင်းမွန်စေရန်နှင့်အရည်အသွေးပြည့်ဝသော ဝါမျိုးကောင်း မျိုးသန့်များရရှိစေရန် မိုးချည်မျှင်ရှည်ဝါပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် တောင်သူများအား ဓာတ်မြေသြဇာများပေးအပ်ပွဲနှင့် ဆောင်းသီးနှံများအတွက် ဓာတ်မြေသြဇာရောင်းချပွဲ အခမ်းအနားကို ဇန်နဝါရီလ ၃၀ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

ရှေးဦးစွာ မြစ်သားမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းအောင်က အဖွင့်အမှာစကားပြောကြားပြီး မန္တလေးတိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်နီလာသန်းက စိုက်ပျိုးထုတ်လုပ်သည့် သီးနှံများ တစ်ဧကအထွက်နှုန်းတိုးအောင် ယခုလိုတောင်သူများအား ဓာတ်မြေသြဇာများပေးအပ်ရခြင်းဖြစ်ကြောင်း၊ ဝါသီးနှံအထွက်နှုန်းပြည့်ဝစွာ ရရှိစေရေးအတွက် မျိုးကောင်းမျိုးသန့်များစိုက်ပျိုးပြီး မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရန် သစ်စိမ်းမြေသြဇာဖြစ်သည့် ပိုက်ဆန်လျှော်စိုက်ပျိုးရေး၊ ဝါသီးနှံအထွက်နှုန်းကောင်းရေး၊ အရည်အသွေးပြည့်ဝသော ဝါမျိုးကောင်းမျိုးသန့်များရရှိရေးအတွက် တောင်သူများနှင့်ပူးပေါင်းဆောင်ရွက်ရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ချည်မျှင်ရှည်ဝါ ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် တက်ရောက်လာသော တောင်သူများအား ဓာတ်မြေသြဇာများကို တာဝန်ရှိသူများက အသီးသီးပေးအပ်ပြီး ဆောင်းသီးနှံအတွက် ဓာတ်မြေသြဇာများရောင်းချကြောင်း သိရသည်။

**ရဲနိုင်ဦး(ပြန်/ဆက်)**

မြဝတီ နေ့စဉ်
the Myawady Daily

စာတည်းမှူးချုပ် – ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) – ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) – ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် – ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) – ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) – ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) – ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) – ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** – ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** – ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website – www.myawady.net.mm

# ရန်ကုန်တိုင်းဒေသကြီးသို့ ၂၀၂၄ ခုနှစ်အတွင်း နိုင်ငံခြားခရီးသွားဧည့်သည် ၂၄၀၀၀၀ ကျော်နှင့် ပြည်တွင်းခရီးသွား နှစ်သန်းနီးပါးဝင်ရောက်ခဲ့




ရန်ကုန် ဇန်နဝါရီ ၂၀

ရန်ကုန်တိုင်းဒေသကြီးသို့ ၂၀၂၄ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ တစ်နှစ်တာကာလအတွင်း နိုင်ငံခြားခရီးသွား ဧည့်သည် ၂၄၀၀၀၀ ကျော်နှင့် ပြည်တွင်းခရီးသွား နှစ်သန်းနီးပါး ဝင်ရောက်ခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

နိုင်ငံခြားခရီးသွားဧည့်သည်များအနေဖြင့် ရန်ကုန်တိုင်းဒေသကြီးသို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှတစ်ဆင့် အဓိကဝင်ရောက်ကြခြင်းဖြစ်ပြီး တရုတ်နိုင်ငံမှ အများဆုံးဖြစ်ကာ ထိုင်းနိုင်ငံမှ ဒုတိယအများဆုံး၊ တောင်ကိုရီးယားနိုင်ငံမှ တတိယအများဆုံးနှင့် ဂျပန်၊ အိန္ဒိယ၊ ဗီယက်နမ်၊ အမေရိကန်၊ တရုတ်(တိုင်ပေ)၊ စင်ကာပူနှင့် မလေးရှား စသည့်နိုင်ငံများမှလည်း ဝင်ရောက်ခဲ့ကြောင်း သိရသည်။

"ရန်ကုန်တိုင်းဒေသကြီးကို ပြည်တွင်းပြည်ပခရီးသွားတွေ ဝင်ရောက်တဲ့နေရာမှာ နိုင်ငံခြားခရီးသွားဧည့်သည်တွေက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ကနေ အဓိကဝင်ရောက်ကြတာဖြစ်ပါတယ်။ ပြည်တွင်းခရီးသွားတွေကတော့ ကုန်းလမ်းကနေ အများဆုံးဝင်ရောက်ကြသလို ပြည်တွင်းလေကြောင်းလိုင်းတွေနဲ့လည်း လာရောက်ကြပါတယ်"ဟု ရန်ကုန်တိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးအောင်သက်ထွန်းက ပြောသည်။

ရန်ကုန်တိုင်းဒေသကြီးသို့ ဝင်ရောက်လာသော နိုင်ငံခြားခရီးသွားဧည့်သည်များစာရင်းကို ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ကောက်ယူပြီး ပြည်တွင်းခရီးသွားများစာရင်းကိုလည်း တိုင်းဒေသကြီးအတွင်းရှိ ဟိုတယ်နှင့် တည်းခိုရိပ်သာများနှင့် သက်ဆိုင်ရာဌာနများမှတစ်ဆင့် ကောက်ယူခြင်းဖြစ်ကြောင်း၊ အဆိုပါစာရင်းများအရ ၂၀၂၄ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ တစ်နှစ်တာကာလအတွင်း ရန်ကုန်တိုင်းဒေသကြီးသို့ နိုင်ငံခြားခရီးသွားဧည့်သည် ၂၄၂၇၂၀ ဦးနှင့် ပြည်တွင်းခရီးသွား ၁၉၈၄၁၄၂ ဦး ဝင်ရောက်ခဲ့ကြောင်း သိရသည်။

**ဆောင်းဦး**

---

# ရွှေကျင်မြို့နယ် အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)၌ လူငယ်များ အသိပညာပိုမိုတိုးတက်လာစေရန် လူငယ်စကားဝိုင်းဆွေးနွေးပွဲကျင်းပ

ရွှေကျင် ဇန်နဝါရီ ၂၀

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်ခရိုင် ရွှေကျင်မြို့နယ် ပျဉ်းမပင်ရပ်ကွက် အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)၌ လူငယ်များ အသိပညာပိုမိုတိုးတက်လာစေရန်နှင့် ပရိသတ်ရှေ့တွင် ပြောရဲဆိုရဲသည့်သတ္တိများရှိလာစေရန် ရည်ရွယ်၍ လူငယ်စကားဝိုင်းဆွေးနွေးပွဲကို ဇန်နဝါရီလ ၁၀ ရက်တွင် ကျင်းပသည်။

ရှေးဦးစွာ ပျဉ်းမပင်ရပ်ကွက် အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)မှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ကြွယ်ကြွယ်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သဲစုအောင်က လူငယ်စကားဝိုင်းကျင်းပရခြင်း၏ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါဆွေးနွေးပွဲတွင် ဦးဆောင်ဆွေးနွေးသူအဖြစ် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သဲစုအောင်နှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ကြွယ်ကြွယ်တို့က ဆောင်ရွက်ပြီး Grade-9 မှ မအိန္ဒြေဦးက လူငယ်နှင့်ယဉ်ကျေးမှု၊ မနဒီလင်းလက်က လူငယ်နှင့်မူးယစ်ဆေးဝါး၊ မမေမြတ်နိုးက လူငယ်နှင့်ပေါင်းသင်းဆက်ဆံရေး၊ မဇွန်ပွင့်ဖြူက လူငယ်နှင့်အနာဂတ်ခေါင်းစဉ်များဖြင့် အသီးသီးဆွေးနွေးခဲ့ကြသည်။

ထို့နောက် ဆွေးနွေးပွဲသို့တက်ရောက်လာသော ကျောင်းသား၊ ကျောင်းသူများက မိမိတို့သိရှိလိုသည့်အကြောင်းအရာများကို မေးမြန်းဆွေးနွေးကြရာ သက်ဆိုင်ရာခေါင်းစဉ်အလိုက် ပါဝင်ဆွေးနွေးခဲ့သည့် ကျောင်းသား၊ ကျောင်းသူများက ပြန်လည်ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲသို့ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးနှင့်ဝန်ထမ်းများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများတက်ရောက်ခဲ့ပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော နံရံကပ်စာစောင်များကို ကျောင်းသား၊ ကျောင်းသူများက စိတ်ဝင်တစားကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

**ထွန်းထွန်းဇော်(ပြန်/ဆက်)**

---

# သာပေါင်းမြို့နယ်၌ ပြီးခဲ့သည့်မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါး ၃၆၄၈၃ ကေရိတ်သိမ်းပြီးစီး

သာပေါင်း ဇန်နဝါရီ ၂၀

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် သာပေါင်းမြို့နယ်၌ ပြီးခဲ့သည့် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါး ၃၆၄၈၃ ဧကအထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အေးအေးမူ၏ပြောဆိုချက်အရ သိရသည်။

သာပေါင်းမြို့နယ်၌ ပြီးခဲ့သည့် မိုးသီးနှံစိုက်ပျိုးရာသီက မိုးစပါး ၆၈၂၉၇ ဧကအထိ လျာထားစိုက်ပျိုးခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးခဲ့သည့် မိုးစပါးများကို ၂၀၂၄ ခုနှစ် အောက်တိုဘာလဒုတိယပတ်က စတင်ရိတ်သိမ်းခဲ့ရာ လက်ရှိအချိန်ထိ စပါး ၃၆၄၈၃ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ပြီးခဲ့တဲ့မိုးသီးနှံစိုက်ပျိုးရာသီမှာ မိုးစပါးဧက ၆၈၀၀၀ ကျော်အထိ လျာထားစိုက်ပျိုးခဲ့ပါတယ်။ လက်ရှိ မိုးစပါးဧက ၃၆၀၀၀ ကျော်အထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ဒေသရာသီဥတုနဲ့ကိုက်ညီပြီး ဈေးကွက်ရှိတဲ့ စပါးအမျိုးအစားတွေကို ရွေးချယ်စိုက်ပျိုးခဲ့ပါတယ်။ ရွှေခရုကြောင့် ပျက်စီးဆုံးရှုံးတာမရှိစေဖို့ ရွှေခရုကာကွယ်နှိမ်နင်းရေး အသိပညာပေးလုပ်ငန်းတွေလုပ်ဆောင်ခဲ့ပါတယ်'' ဟု ဒေါ်အေးအေးမူကပြောသည်။

သာပေါင်းမြို့နယ်၌ ပြန်လည်ရိတ်သိမ်းခဲ့သည့်စပါးများ တစ်ဧကလျှင် ၉၉ ဒသမ ၂ တင်းခန့်ထွက်ရှိခဲ့ကြောင်း၊ အဆိုပါမိုးစပါးများကို စိုက်ဧကပြည့်မီအောင် စိုက်ပျိုးနိုင်ရေး၊ စပါးများ အထွက်နှုန်းတိုးတက်စေရေး၊ အရည်အသွေးကောင်းစပါးများကို စနစ်တကျစိုက်ပျိုးထုတ်လုပ်နိုင်ရေးတို့အတွက် ခရိုင်နှင့်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တောင်သူအသိပညာပေးလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

အဓိကစားကုန်ဖြစ်သည့် ဆန်သည် မြန်မာနိုင်ငံအတွက် ဖူလုံမှုရှိပြီးဖြစ်သည့်အပြင် ပြည်ပသို့လည်း နှစ်စဉ် တင်ပို့လျက်ရှိကြောင်း၊ စပါးစိုက်ဧကများ ပန်းတိုင်ရည်မှန်းချက်အတိုင်း အထွက်နှုန်းပြည့်မီအောင် ဆောင်ရွက်နိုင်မည်ဆိုပါက ပြည်တွင်းဆန်လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရုံသာမက ပြည်ပသို့လည်း ပိုမိုတင်ပို့နိုင်မည်ဖြစ်ကြောင်း သိရသည်။


**သုတကျော်**

## မဇ္ဈိမ ကာတွန်း



# တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း



**ယမန်နေ့မှအဆက်**

## စာမေးပွဲ ကျရှုံးခြင်း

၁၉၀၇ ခုနှစ် နှစ်ဦးတွင် ကျွန်ုပ်သည် မန္တလေးသို့ ပြန်ရောက်၍ မတ်လအတွင်း၌ ကိုးတန်းစာမေးပွဲ ဖြေဆိုရ၏။ ကျွန်ုပ်မှာ 'ပလိပ်ပြေး'နေရခြင်းကြောင့် တစ်ကြောင်း၊ အတန်းစာများထက် ဝတ္ထုများဖတ်ခြင်းတွင် စိတ်ဝင်စားခဲ့သောကြောင့်တစ်ကြောင်း စာမေးပွဲတွင် ကျရှုံးခဲ့လေသည်။ စာမေးပွဲဖြေဆို၍ အပြီး တစ်လကျော်မျှ အားလပ်သောအချိန်များတွင် ဖခင်သည် စတီးဘရားသားကုမ္ပဏီမှ စာရေးကြီး Head Clerk နှင့် အကျွမ်းတဝင်ဖြစ်၍ ကျွန်ုပ်အား အကူစာရေးအဖြစ်နှင့်လုပ်ကိုင်ရန် အပ်နှံထားသည်နှင့် စတီးအလုပ်ရုံးသို့ မှန်မှန်တက်ခဲ့ရ၏။ စာရေးကြီးကလည်း ကျွန်ုပ်အား အင်္ဂလိပ်စာအရေးအသားတွင် အစွမ်းအစရှိသည်ဆိုကာ စာပေးစာယူဘက်၌ အလုပ်သွင်းပေးဖို့ ကြံရွယ်ချက်ရှိ၏။ အကယ်၍ ထိုနှစ်၌ စာမေးပွဲအောင်မြင်ခဲ့ပါက ကျွန်ုပ်မှာ စတီးဘရားသားကုမ္ပဏီတွင် စာရေးဖြစ်လာဖို့ လမ်းများ၏။ (ကြာရှည်လုပ်ချင်လိမ့်မည်တော့ မထင်ပါ။) ကိုးတန်းစာမေးပွဲတွင် ကျွန်ုပ်သည် ပထဝီဝင်ဘာသာ၌ ကျရှုံးသည်ဟု သိရ၏။ အမှန်အတိုင်းပြောရလျှင် ကျွန်ုပ်အဖို့ရာ၌ ပထဝီဝင်ဘာသာရပ်ကဲ့သို့ ခြောက်သွေ့ငြီးငွေ့၍ စိတ်ဝင်စားမှုနည်းပါးသောဘာသာရပ်သည် မရှိချေ။ ဤပြည်မှ ဘာဝတ္ထုပစ္စည်း ထွက်သည်၊ ထိုပြည်မှ ဘာကုန်ထွက်သည်ဆိုခြင်းများကို မှတ်သားခြင်းကဲ့သို့ အဓိပ္ပာယ်မရှိသောပညာရပ်သည် လောက၌ မရှိတော့ဟု ထင်ခဲ့မိပါသည်။ စိတ်ဝင်စားမှုရှိမှ လေ့လာမှတ်သားချင်တတ်သော ကျွန်ုပ်၏ဝါသနာအရဆိုလျှင် နောက်တစ်နှစ်၌ အောင်မြင်ခဲ့ခြင်းသည်ပင် အံ့ဖွယ်တစ်ခုဖြစ်တော့သည်။

## မဟာအရှက်ကွဲရပုံ

နောက်တစ်နှစ်၌ အောင်ခဲ့ရပုံမှာ ဤသို့တည်း။ ထိုနှစ်၌မူ ကိုးတန်းကျောင်းသားများသည် ပထဝီဝင်ဘာသာရပ်တွင် အကျအရှုံးများလှသည်ဆိုကာ (ကိုဖေနှင့် တခြားလူများလည်း ပထဝီဝင်ဘာသာရပ်၌ပင် ကျရှုံးကြသည်။) ကျောင်းအုပ်ကြီး Mr.Tribolet ကိုယ်တိုင် ကိုးတန်းတွင် ပထဝီဝင်ဘာသာရပ်ကို သင်ပြရာ (တော်တော်လည်း မှတ်မိတတ်သောလူကြီးတစ်ယောက်ပါပေ။) တစ်နေ့သ၌ အတန်းထဲတွင် ဆရာကြီးသည် ကျွန်ုပ်အား ပြင်သစ်နိုင်ငံမြေပုံကိုဆွဲပြီး ပါရစ်မြို့၊ ဘိုဒိုမြို့၊ တူလွန်မြို့ စသည်များနှင့် တကွ ဆီးန်မြစ်ကိုပါ ထည့်ပေးရန် သင်ပုန်းကြီးဆီသို့ လွှတ်လိုက်၏။ ဤအတောအတွင်း၌ ဆရာကြီးသည် တခြားကျောင်းသားများအား ပထဝီနှင့်ပတ်သက်၍ ဤအကြောင်း၊ ထိုအကြောင်းများကို မေးမြန်းခြင်း၊ ပြောပြခြင်း စသည်ဖြင့် စစ်ဆေးလျက်ရှိ၏။ ကျွန်ုပ်မှုကား ကျောက်သင်ပုန်းကြီးတွင် ခွေးတလုံးလုံးနှင့်ရပ်ကာ မြေပုံဆွဲဖို့ ကြိုးစားလျက်ရှိ၏။ ကျွန်ုပ်မှာ ပြင်သစ်နိုင်ငံ၏ ပုံသဏ္ဌာန်ကိုလည်းကောင်း၊ ဆီးန်မြစ်၏ စီးဆင်းပုံကိုလည်းကောင်း၊ ပါရစ်စသောမြို့များ၏ တည်ရှိပုံအနေအထားကိုလည်းကောင်း လုံးဝပင် စိတ်ထဲ၌ဖော်၍မရသောကြောင့် ခွေးကျလျက်ရှိခြင်းဖြစ်၏။ နောက်ဆုံး၌ တတ်နိုင်ပါဘူးဟု အောက်မေ့ကာ ပြင်သစ်နိုင်ငံ၏ ပုံသဏ္ဌာန်ကို လေးထောင့်စပ်စပ်ဆွဲ၍ မြစ်နှင့် မြို့များကို ထည့်ချင်ရာထည့်ထားလိုက်၏။ ဆရာကြီးသည် ကျွန်ုပ်အား ကျောခိုင်းလျက်ရှိရာ ကျောင်းသားများမှုကား ကျွန်ုပ်ဘက်သို့လှည့်၍ထိုင်လျက်ရှိကြသည်နှင့် ကျွန်ုပ်၏ ပြင်သစ်နိုင်ငံမြေပုံကို မြင်ကြရ၍ တခစ်ခစ်ရယ်နေကြလေပြီ။ ဤတွင် ဆရာကြီးသည် ကျွန်ုပ်၏ မြေပုံကို လှည့်၍ကြည့်လိုက်သည်နှင့် တစ်ပြိုင်နက် တစ်တန်းလုံး ဝေါခနဲ ရယ်ကြလေ၏။ ကျွန်ုပ်၏ ကျောင်းသက်တစ်လျှောက်လုံးတွင် ဤတစ်ကြိမ်ကဲ့သို့ 'အရှုး' ဖြစ်ရခြင်းကို မကြုံခဲ့ရဖူးချေ။ သူတစ်ပါးအားသာရယ်နိုင်ခဲ့၍ ကိုယ်တိုင်ခံရခြင်းမှုကား ဤတစ်ကြိမ် အဆိုးဆုံးဖြစ်ပါသည်။ ရှက်လိုက်ပုံမှာလည်း ပြောဖွယ်ရာမရှိ။ ဆရာကြီး လှည့်၍မကြည့်မီ ကျွန်ုပ်တစ်ကိုယ်လုံး ကြမ်းပြင်ထဲဖောက်ပြီး မြေမျိုသွားလျှင် ကောင်းလိမ့်မည် ထင်ခဲ့မိ၏။ အမှန်မှာ ကျွန်ုပ်သည် ပုံတူရေးဆွဲခြင်း၌ အလွန်ညံ့ဖျင်း၍ သုံးတန်းကျောင်းသားကလေးတစ်ယောက်လောက်မျှ မြေပုံကို မဆွဲတတ်ခဲ့ပါ။

## ကြိမ်းမောင်းခြင်းခံရပုံ

ကျောင်းသားများသည် ဆရာကြီးပါရယ်လိမ့်မည် အထင်နှင့် လွတ်လပ်စွာရယ်လိုက်မိကြလေရာ အလွန်စိတ်ဆိုးသော ဆရာကြီး၏မျက်နှာကို မြင်လိုက်ကြရသည်တွင်မှ ယတိပြတ် အသံတိတ်သွားကြလေတော့၏။ ထို့နောက် ဆရာကြီးက ကျွန်ုပ်အား 'မင်း အင်္ဂလိပ်စာ ဘယ်လောက်တော်နေပေမယ့် ပထဝီဝင်မအောင်ရင် ဘယ်တော့မှ မင်း မအောင်နိုင်ဘူး၊ ငွေတစ်ဆယ်ကို ရေထဲလွှင့်ပစ်တာနဲ့ အတူတူပဲ'ဟုပြော၏။ (ထိုခေတ်၌ ဘင်္ဂလားစာမေးပွဲဝင်ကြေးမှာ ငွေတစ်ဆယ်ဖြစ်သည်။) အများအားဖြင့် လူတော်ကလေးလုပ်လာခဲ့သောကျွန်ုပ်မှာ အလွန်ရှက်သည်နှင့် မျက်ရည်များဝိုင်းလျက်ရှိလေပြီ။ ဤတွင်မှ ဆရာကြီးက 'တစ်ခုတော့ ရှိပါရဲ့၊ မင်းက ရာဇဝင်တော့ နည်းနည်းတော်တယ်၊ ပထဝီဝင်အတွက် အမှတ်ကို ရာဇဝင်နဲ့ ရအောင်လုပ်ယူပေတော့၊ ဒါရှိတာပဲ' ဟုပြောလေ၏။ ပထဝီဝင်ရာဇဝင်မှာ ထိုခေတ်တွင် တစ်တွဲတည်းပြုလုပ်ထားသောကြောင့် ဆရာကြီးပြောသည့်အတိုင်း ရာဇဝင်ကိုသာ ဖိ၍ကြိုးစားခြင်းအားဖြင့် ကိုးတန်းအောင်ခဲ့ရပါတော့သည်။

## ပညာစုံသင်ပြသော ကိုဖေ

ကျွန်ုပ်နှင့်ခင်မင်သည်ဟု ဖော်ပြခဲ့သော ကျောင်းသားသုံးယောက်အနက် မောင်ရီတစ်ယောက်တည်း အောင်သွား၍ စက်ခွေမှာ ကွယ်လွန်ရှာပြီဖြစ်ရာ ကျွန်ုပ်နှင့် ကိုဖေတို့သာ ကျန်လေတော့သည်။ ကျွန်ုပ်မှာ ငါးတန်းတွင် တစ်ကြိမ်၊ ကိုးတန်းတွင် တစ်ကြိမ် ကျရှုံးခဲ့ပြီးသော်လည်း အတန်းထဲတွင် အငယ်ဆုံးတစ်ယောက်ပင် ဖြစ်နေသေး၍ ဆရာအင်းဂလစ်စ်က (Little Fellow) ကောင်ငယ်ကလေးတစ်ယောက်ဟု ခေါ်သည့်အတိုင်း လူတိုင်းကခေါ်ကြ၏။ ကိုးတန်းအောင်သည့်နှစ်တွင်မှ ဖြုန်းခနဲထွားလာ၍ ၅ ပေနှင့် ၁၀ လက်မရှိ အရပ်မြင့်သူတစ်ယောက်ဖြစ်လာခဲ့ရာ အတန်းထဲ၌မူ အညှက်ဆုံးလူကလေးတစ်ယောက်ဖြစ်ခဲ့သဖြင့် ဘောလုံးကစားခြင်းအလုပ်မျိုးကို အဝေးမှ မော်ကြည့်ရုံသာ တတ်နိုင်ခဲ့ပါသည်။ ကိုဖေနှင့် ကျွန်ုပ်မှာ ကံတူအကျိုးပေး ကျရှုံးခဲ့ရခြင်းဖြစ်၍ တစ်ယောက်နှင့်တစ်ယောက် ပိုမိုတွယ်တာမှုရှိလာကြပြီးလျှင် တစ်ယောက်၏အိမ်သို့ တစ်ယောက်လာ၍ အတူအကွ စာကျက်ကြလေသည်။ ကိုဖေသည် ကျွန်ုပ်ထက်လည်းအသက်ကြီး၍ အတော် 'စုံ'သောကျောင်းသားကြီးတစ်ယောက်ဖြစ်သည့်အလျောက် ဘာဂျာဆွဲခြင်း စသောဂီတအလုပ်မျိုးတွင်သာမက ပိုးပန်းခြင်းဆိုင်ရာ 'မြာဋီကာ'နှင့်ပတ်သက်၍လည်း ကျွန်ုပ်အား တတွတ်တွတ်သင်ပြပေးလေသည်။ သို့ရာတွင် ကျွန်ုပ်မှာ 'ဆရာကောင်းတပည့်' မပီသခြင်းကို ရှေ့တစ်လျှောက်တွင် တွေ့ရပါလိမ့်မည်။

## အပြိုင်အဆိုင် စာရေးခြင်း

ကျွန်ုပ်တို့ သူငယ်ချင်းလေးယောက်တွဲတွင် စက်ခွေကွယ်လွန်၍ မောင်ရီတစ်ယောက်တည်း ကိုးတန်းအောင်ပြီး ရန်ကုန်မြို့ 'ဘက်ပတစ်' ကောလိပ်သို့ အိုင်အေသင်ရန် ရောက်သွားလေရာ ကျွန်ုပ်နှင့် မောင်ရီတို့သည် အတော်မှန်မှန် အင်္ဂလိပ်ဘာသာဖြင့် စာပေးစာယူ ပြုလုပ်ကြ၏။ ထိုခေတ်က အင်္ဂလိပ်လိုရှစ်တန်း၊ ကိုးတန်းရောက်၍ မတောက်တခေါက် ရေးတတ်သည်ဆိုလျှင်ပင် အင်္ဂလိပ်လို စာပေးစာယူလုပ်ကြသောအလေ့အကျင့်ရှိကြ၏။ မြန်မာလို လေ့ကျင့်သည်ဟူ၍ တစ်ယောက်မျှ မတွေ့ခဲ့ရပေ။ ကျွန်ုပ်မှာလည်း အင်္ဂလိပ်စာကိုသာ ချစ်တတ်၍ အင်္ဂလိပ်ဝတ္ထုများကိုသာဖတ်ပြီး အင်္ဂလိပ်လိုသာ (ခေတ်အားလျော်စွာ) လေ့ကျင့်လာခဲ့သည့်အတိုင်း စာရေးခြင်းအားဖြင့် အသက်မွေးရလျှင် မြန်မာစာရေးဆရာတစ်ယောက်၏ဘဝကို အိပ်မက်မျှပင် မမက်ခဲ့ပေ။ ထိုအချိန်တွင် ကြီးပွားထွန်းကားနေသော မြန်မာစာရေးဆရာဟူ၍လည်း မတွေ့ရဖူးသေးသည်နှင့် စိတ်ကူးမထည့်ခဲ့မိချေ။ မိဘများမှာ စီးပွားရေးမခိုင်လုံသောကြောင့် စရိတ်အကုန်အကျများသည့် ကောလိပ်ကျောင်းသားအဖြစ်ကို မမျှော်မှန်းနိုင်သဖြင့် အင်္ဂလိပ်လိုစာရေးဆရာဖြစ်ဖို့ ကြံရွယ်ချက်မထားဝံ့ပါ။ တတ်နိုင်လျှင် ဖြစ်လိုခြင်းကိုသာ ဖော်ပြခြင်းဖြစ်ပါသည်။ မောင်ရီသည် ရန်ကုန်မြို့ ဘက်ပတစ်ကောလိပ်အကြောင်းများကို ကျွန်ုပ်ထံသို့ စာရေးလေ့ရှိရာ ကျွန်ုပ်ကလည်း ရှေးဟောင်းနှောင်းဖြစ်များကို ရေးပို့လေ့ရှိ၏။ ကျွန်ုပ်တို့၏စာများမှာ အင်္ဂလိပ်လိုရေးကြရုံသာမက တတ်နိုင်သမျှ အကောင်းဆုံးဖြစ်အောင် အပြန်အလှန်ရေးကြခြင်းဖြစ်သည်ကို ကျွန်ုပ်ရောသူပါ သိရှိကြ၍ ယင်းစာများကို သိမ်းဆည်းထားရန် နှစ်ဦးစလုံး ကတိပြုကြဖူးလေသည်။

**ဆက်လက်ဖော်ပြပါမည်။**

# မိုးနဲမြို့နယ်ရှိ မြို့မဈေးမီးဘေးလုံခြုံရေး အသိပညာပေးခြင်းနှင့် မီးငြိမ်းသတ်မှုသရုပ်ပြခြင်းတို့ဆောင်ရွက်



မိုးနဲ ဇန်နဝါရီ ၃၀

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်ခရိုင် မိုးနဲမြို့နယ် မီးသတ်ဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ ပူးပေါင်း၍ မြို့မဈေး၌ မီးဘေးလုံခြုံရေး အသိပညာပေးခြင်းနှင့် မီးငြိမ်းသတ်မှုသရုပ်ပြခြင်းတို့ကို ဇန်နဝါရီလ ၃၀ ရက်တွင် ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင်မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးကျော်ကိုကိုသက်က မီးဘေးလုံခြုံရေး ကြိုတင်ကာကွယ်ရန် အချက်များ၊ မီးငြိမ်းသတ်သည့်ပစ္စည်းများဖြင့် စနစ်တကျကိုင်တွယ်မီးငြိမ်းသတ်နည်းများ၊ သဘာဝဘေးအန္တရာယ်နှင့် ပတ်သက်သည့် ဆောင်ရန်၊ ရှောင်ရန် အချက်များကို အသိပညာပေးဆွေးနွေးဟောပြောသည်။

ယင်းနောက် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူးနှင့် တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်သည့်ပစ္စည်းများအသုံးပြု၍ လက်တွေ့မီးငြိမ်းသတ်နည်းများကို သရုပ်ပြဆောင်ရွက်ရာ ဈေးသူဈေးသားများက ကြည့်ရှုလေ့လာကြပြီး ပူးပေါင်းပါဝင်ဆောင်ရွက်ကြကြောင်း သိရသည်။ **မျိုးညွန့်ရွှေ(မိုးနဲ)**

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**“လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကိုကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကိုအသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။”**

(၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့်ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက်)

## ရုရှားဖက်ဒရေးရှင်းနိုင်ငံ အာရခန်ဂလစ်မြို့၌ဆောင်ရွက်သည့် လုံခြုံစိတ်ချရသော အာတိတ်ဒေသလေ့ကျင့်ခန်းအစီအစဉ် ၂၀၂၅ သို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း တက်ရောက်






နေပြည်တော် ဇန်နဝါရီ ၂၀

လုံခြုံစိတ်ချရသော အာတိတ်ဒေသလေ့ကျင့်ခန်းအစီအစဉ် ၂၀၂၅ သို့ တက်ရောက်ရန် ရုရှားဖက်ဒရေးရှင်းနိုင်ငံ အာရခန်ဂလစ်မြို့၌ရောက်ရှိနေသော လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် ယမန်နေ့နံနက်ပိုင်းက ရုရှားမျိုးချစ်သူရဲကောင်းများ ဗိမာန်၌ကျင်းပသော အမှတ်တရအခမ်းအနားသို့ တက်ရောက်သည်။

အဆိုပါအခမ်းအနားသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ပြည်သူ့ကာကွယ်ရေး၊ အရေးပေါ်အခြေအနေနှင့်သဘာဝဘေးစီမံခန့်ခွဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ အာရခန်ဂလစ်မြို့ မြို့တော်ဝန်၊ ဘီလာရုစ်နိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ အီရန်နိုင်ငံ၊ ဆော်ဒီအာရေးဗီးယားနိုင်ငံ၊ ဗီယက်နမ်နိုင်ငံအပါအဝင် နိုင်ငံပေါင်း ၂၅ နိုင်ငံမှ သဘာဝဘေးနှင့်အရေးပေါ်အခြေအနေစီမံခန့်ခွဲမှုဝန်ကြီးဌာနများမှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးသည် နိုင်ငံအသီးသီးမှတက်ရောက်သူများနှင့်အတူ တစ်မိနစ်ငြိမ်သက်အသိအမှတ်ပြု၍ အမှတ်တရပန်းစည်းချခဲ့သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် အာရခန်ဂလစ်မြို့ မြောက်ဒီဗီနာမြစ်ကမ်းပါးရှိ ဇာတ်တိုက်လေ့ကျင့်ခန်းပြုလုပ်မည့်နေရာသို့ သွားရောက်ကာ ရေခဲပြင်ရှာဖွေကယ်ဆယ်ရေးသုံး ခေတ်မီယာဉ်ယန္တရားများအသုံးပြုကူညီကယ်ဆယ်မှု၊ ရေခဲပြင်ပေါ်၌ သဘာဝဘေးအန္တရာယ်ကြုံတွေ့ရသူများ ယာယီနားခိုရန်နှင့် စောင့်ရှောက်မှုပေးရန် ဆောင်ရွက်ထားရှိမှုများကိုလေ့လာကြည့်ရှုပြီး သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့သည်။

ထို့နောက် ရေခဲပြင်အတွင်း ပိတ်မိနေသည့်အပြည်ပြည်ဆိုင်ရာရေကြောင်းသွားသင်္ဘောတစ်စင်းပေါ်ရှိ အန္တရာယ်ကြုံတွေ့ရသူများအား ဘေးအန္တရာယ်ရှာဖွေကယ်ဆယ်ကူညီရေးအဖွဲ့များက မောင်းသူမဲ့လေယာဉ်၊ ရေခဲပြင်သွားရုပ်ပြေးယာဉ်၊ ရဟတ်ယာဉ်၊ ရေခဲပြင်သွားလူနာတင်ယာဉ်များအသုံးပြု၍ ရှာဖွေကယ်ဆယ်ခြင်းနှင့် လိုအပ်သည့်ထောက်ပံ့ကူညီမှုများဆောင်ရွက်ခြင်းတို့ကို ရုရှားနိုင်ငံနှင့်မိတ်ဆွေနိုင်ငံများမှအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်နိုင်ရေး ဇာတ်တိုက်လေ့ကျင့်ဆောင်ရွက်မှုကို ကြည့်ရှုအားပေးခဲ့သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ပြည်သူ့ကာကွယ်ရေး၊ အရေးပေါ်အခြေအနေနှင့် သဘာဝဘေးစီမံခန့်ခွဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံခဲ့သည်။

တွေ့ဆုံစဉ် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ပြည်သူ့ကာကွယ်ရေး၊ အရေးပေါ်အခြေအနေနှင့် သဘာဝဘေးစီမံခန့်ခွဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက ဘေးအန္တရာယ်စီမံခန့်ခွဲရေးလုပ်ငန်းများတွင် နှစ်နိုင်ငံဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းပြောကြားပြီး ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံသည် အရှေ့တောင်အာရှနိုင်ငံများတွင် ရေခဲတောင်များရှိသည့် တစ်ခုတည်းသောနိုင်ငံဖြစ်ကြောင်း၊ ရေခဲတောင်ဒေသတွင် သဘာဝဘေးအန္တရာယ်ကျရောက်ပါက ကူညီကယ်ဆယ်ပံ့ပိုးရန် ကန့်သတ်ချက်များရှိနေသော်လည်း ယခုဇာတ်တိုက်လေ့ကျင့်မှုမှ အတွေ့အကြုံကောင်းများစွာ လေ့လာခွင့်ရရှိကြောင်း၊ သဘာဝဘေးကူညီမှုဆိုင်ရာ ဆက်စပ်လုပ်ငန်းကဏ္ဍများတွင် လိုအပ်သလို ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းပြောကြားကာ ဇာတ်တိုက်လေ့ကျင့်မှုနှင့်စပ်လျဉ်း၍ အကြံပြုမေးမြန်းဆွေးနွေးမှုများ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

## မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

နေပြည်တော် ဇန်နဝါရီ ၂၀

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များအား ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါမြို့ရှိ ခေမာသီဝံ ပရိယတ္တိစာသင်တိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၇၄ ပါးတို့အား ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ အာရုံကြောအားနည်းရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေးစစ်ဆေးကုသပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်စစ်ဆေးပေးခြင်းနှင့် ဓာတ်မှန်ရိုက်ကူး၍ ရောဂါရှာဖွေပေးခြင်းများဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့် သံဃာတော်များအား နယ်မြေခံတပ်မတော်ဆေးရုံသို့တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၁၆°c | / | ၃၂°c |
| ရန်ကုန် | ၂၁°c | / | ၃၃°c |
| မန္တလေး | ၁၅°c | / | ၃၃°c |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

# တံတားဦးမြို့နယ် သူငယ်တော်ကျေးရွာ၌ (၂၈) ကြိမ်မြောက် နေ့ညအသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကျင်းပ

တံတားဦး ဇန်နဝါရီ ၃၀

မန္တလေးတိုင်းဒေသကြီး တံတားဦးခရိုင် တံတားဦးမြို့နယ် သူငယ်တော်ကျေးရွာ၏ (၂၈) ကြိမ်မြောက် နေ့ညအသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကို ဇန်နဝါရီလ ၃၀ ရက်တွင် အဆိုပါကျေးရွာ ရွာလယ်မြတ်စစ်သိန်းကိုးတောင်ပြည့် ဓမ္မာရုံ၌ ကျင်းပသည်။

ရှေးဦးစွာ သံဃာတော်များက ကျေးရွာသူ၊ ကျေးရွာသားများ အန္တရာယ်ကင်းရှင်းစေရန် ပရိတ်တရားတော်များ ချီးမြှင့်ပေးကြသည်။ ဆက်လက်၍ (၂၈) ကြိမ်မြောက် နေ့ညအသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကိုကျင်းပရာ သံဃာတော်များနှင့် တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့က အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ရောင်ခြည်တော်ဖွင့်ဘုရားပင့်ဂါထာတော်ကို သူငယ်တော်ကျေးရွာ ကူတော်ကျောင်းဆရာတော် ဘဒ္ဒန္တ အာစာရကလည်းကောင်း၊ ပလ္လင်ပွင့် အောင်ဂါထာတော်ကို မင်္ဂလာချောင်ဦး ပရိယတ္တိစာသင်တိုက်မှ ဘဒ္ဒန္တအာဒိစ္စက လည်းကောင်း ရွတ်ဖတ်ပူဇော်ကြပြီး လက်ဆောင်ယူကျေးရွာဆရာတော် ဘဒ္ဒန္တ ကေသဝထံမှ ဧည့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြကာ ကူတိုး ဆိတ်ဂိုဏ်းထောက်ကျောင်းဆရာတော် က ပဋ္ဌာန်းဒေသနာတော်နှင့်ပတ်သက်၍ ဩဝါဒကထာချီးမြှင့်တော်မူသည်။

ဆက်လက်၍ နတ်ဗြဟ္မာများ ပဋ္ဌာန်း တရားတော်နာယူကြည်ညိုရန် သူငယ်တော်ကျေးရွာ ကျောင်းသစ်ကျောင်း ဆရာတော်ဘဒ္ဒန္တဇောတိကက ဖိတ်ကြားခြင်းကိုလည်းကောင်း၊ ပဋ္ဌာန်းဒေသနာ ချီးကျူးလွှာဂါထာကို သူငယ်တော်ကျေးရွာ ကံရိုးကျောင်းဆရာတော်ကလည်းကောင်း၊ ပဋ္ဌာန်းအမွှမ်းဂါထာကို သူငယ်တော် တောရဆရာတော်ကလည်းကောင်း ရွတ်ဖတ်ပူဇော်ကြပြီး ပဋ္ဌာန်းပစ္စယုဒ္ဒေသကို သံဃာတော်များနှင့် တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့က သံပြိုင်ညီညာ ရွတ်ဆိုပူဇော်ကြသည်။

ယင်းနောက်သံဃာတော်များက ပဋ္ဌာန်းဒေသနာတော်ကို အလှည့်ကျရွတ်ဖတ်ပူဇော်ကြသည်။

အဆိုပါ သူငယ်တော်ကျေးရွာ၌ (၂၈) ကြိမ်မြောက် နေ့ညအသံမစဲမဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲကို ၁၃၈၆ ခုနှစ် တပို့တွဲလဆန်း ၂ ရက်မှ ၆ ရက်အထိ ငါးရက်တိုင် ကျင်းပလျက်ရှိပြီး သံဃာတော် ၄၃ ပါးက ရွတ်ဖတ်ပူဇော်ကြကြောင်း သိရသည်။



ရဲတင့်( ပြန်/ဆက်)

# VDP စီမံကိန်းဖြင့် ကျေးရွာဘက်စုံသုံးခန်းမတည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

ရပ်စောက် ဇန်နဝါရီ ၃၀

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင် ရပ်စောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ယခုဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP)ဖြင့် မကျီးကုန်း ကျေးရွာအုပ်စု နောင်တခေါ်ကျေးရွာ၌ ကျေးရွာဘက်စုံသုံးခန်းမ တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ဇန်နဝါရီလ ၃၀ ရက်တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရပ်စောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးရှေးရယ်နှင့် အင်ဂျင်နီယာဝန်ထမ်းများသည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကော်မတီဝင်များနှင့်အတူ နောင်တခေါ်ကျေးရွာ၌ ကျေးရွာဘက်စုံသုံး ခန်းမတည်ဆောက်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

အဆိုပါ နောင်တခေါ်ကျေးရွာရှိ ဘက်စုံသုံးခန်းမသည် အလျားပေ ၅၀၊ အနံ ၂၇ ပေ၊ အမြင့် ၁၂ ပေရှိပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ရန်ပုံငွေ ငွေကျပ် ၁၅ သန်း၊ ပြည်သူ ထည့်ဝင်ငွေ ငွေကျပ် ၁၄ ဒသမ ၄ သန်း စုစုပေါင်းရန်ပုံငွေ ငွေကျပ် ၂၉ ဒသမ ၄ သန်း အသုံးပြုကာ ၂၀၂၄ ခုနှစ် စက်တင်ဘာလတတိယပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

စိန်လွင်(ကျေးလက်)

# ဂန့်ဂေါမြို့၌ ကျောင်းတွင်း အာဟာရကျွေးခြင်း လုပ်ငန်းများဆောင်ရွက်


ဂန့်ဂေါ ဇန်နဝါရီ ၃၀

မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ ကျောင်းနေအရွယ်ကလေးများ အာဟာရပြည့်ဝဖွံ့ဖြိုးတိုးတက်စေရန်နှင့် ကျန်းမာရေးနှင့် ညီညွတ်သောအမူအကျင့်များ စွဲမြဲစွာကျင့်သုံးတတ်စေရန်ရည်ရွယ်၍ ဇန်နဝါရီလ ၃၀ ရက်တွင် ဂန့်ဂေါမြို့ပေါ်ရှိ အခြေခံပညာကျောင်းခုနစ်ကျောင်းမှ KG ကျောင်းသား၊ ကျောင်းသူများအား ကျောင်းတွင်းအာဟာရကျွေးခြင်းလုပ်ငန်းများ ဆောင်ရွက်ကြသည်။

ထိုသို့ ကျောင်းတွင်းအာဟာရကျွေးခြင်းအနေဖြင့် အခြေခံပညာအထက်တန်းကျောင်း(မြို့မ)မှ KG ကျောင်းသား၊ ကျောင်းသူ ၃၈ ဦး၊ အခြေခံပညာအလယ်တန်းကျောင်း(မြောက်ကုန်း)မှကျောင်းသား၊ ကျောင်းသူ ၅၅ ဦး၊ အခြေခံပညာအလယ်တန်းကျောင်း(ပြစ်မ)မှ ကျောင်းသား၊ ကျောင်းသူ ၂၈ ဦး၊ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) စည်ပင်သာယာမှ ကျောင်းသား၊ ကျောင်းသူ ၄၄ ဦး၊ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)ကျောက်တိုက်မှ ကျောင်းသား၊ ကျောင်းသူ ၄၆ ဦး၊ အခြေခံပညာမူလတန်းကျောင်း (တပ်တွင်း)မှ ကျောင်းသား၊ ကျောင်းသူ ၁၀ ဦးနှင့် အခြေခံပညာမူလတန်းကျောင်း (မြို့မတောင်ပိုင်း)မှ ကျောင်းသား၊ ကျောင်းသူ ၁၂ ဦး စုစုပေါင်း KG ကျောင်းသား၊ ကျောင်းသူ ၂၃၃ ဦးကို နေ့လယ်စာ အာဟာရကျွေးမွေးခြင်းများ ဆောင်ရွက်သည်။

အဆိုပါ ကျောင်းတွင်းအာဟာရကျွေးခြင်းကို ဖေဖော်ဝါရီလ ၇ ရက်တွင် ဆက်လက် ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

မောင်မျိုးမင်း(ပြန်/ဆက်)




# ကျောက်ပန်းတောင်းမြို့နယ်၌ ပဲလွမ်းဖြူများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေ

ကျောင်းကုန်း ဇန်နဝါရီ ၃၀

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်၌ ပဲလွမ်းဖြူများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း ကျောင်းကုန်းမြို့နယ်မှ လယ်ယာထွက်ကုန် ရောင်းဝယ်ရေးပွဲရုံလုပ်ငန်းလုပ်ကိုင်သူ ဒေါ်ရီရီထွန်း၏ပြောပြချက်အရ သိရသည်။

ကျောင်းကုန်းမြို့နယ်၌ ဇန်နဝါရီလ တတိယပတ်မှစတင်ကာ ပဲလွမ်းဖြူများ ဝယ်လိုအား ကောင်းလာခြင်းဖြစ်ပြီး အထူးသဖြင့် ဒေသထွက် ပဲလွမ်းဖြူများကို ရန်ကုန်ဈေးကွက်က ဝယ်လိုအားကောင်းလာကြောင်း၊ လက်ရှိတွင် ဒေသတွင်း၌ ပဲလွမ်းဖြူများ အထွက်နည်းနေသေးကြောင်း သိရသည်။

"ကျောင်းကုန်းဒေသထွက် ပဲလွမ်းဖြူတွေကို ဒေသဈေးကွက်အပြင် တခြားဒေသတွေကပါ အဝယ်လိုက်နေပါတယ်။ ဇန်နဝါရီလ တတိယပတ်လောက်ကနေပြီး သိသိသာသာကို အဝယ်လိုက်လာတာဖြစ်ပါတယ်။ အခုအဝယ်လိုက်နေတဲ့အပြင် ဈေးလည်း အနည်းငယ်ရနေပါတယ်။ ဒေသထွက် ပဲလွမ်းဖြူတွေကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေတာပါ။ ဒေသတွင်းမှာ ပဲအထွက်နည်းလာတာနဲ့အဝယ်လိုက်ပြီး အရောင်းသွက်နေတာဖြစ်ပါတယ်။ လက်ရှိဒေသမှာတော့ ပဲလွမ်းဖြူအသစ်တွေ သိပ်မထွက်သေးပါဘူး။ ဒီဘက်ဒေသမှာ ပဲလွမ်းဖြူက မိုးသီးနှံ သိမ်းချိန်မှာ အထွက်များတယ်" ဟု ဒေါ်ရီရီထွန်းကပြောသည်။

ကျောင်းကုန်းမြို့နယ်၌ လယ်ယာထွက်ကုန် ရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူများသည် ဒေသထွက်လယ်ယာထွက်ကုန်ပစ္စည်းများကို ရန်ကုန်ဈေးကွက်သို့ အဓိကထား တင်ပို့ရောင်းချလျက်ရှိပြီး ပဲလွမ်းဖြူအပြင် မတ်ပဲ၊ ပဲတီစိမ်း၊ ပြောင်း၊ စပါး၊ ဆန်နှင့် ရာသီထွက်ကုန်များကို တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ကျောင်းကုန်းမြို့နယ်၌ ပဲလွမ်းဖြူများ အရောင်းအဝယ်ကောင်းမွန်နေခြင်းကြောင့် ဝယ်လိုအားနှင့်ရောင်းလိုအား မျှတမှုရှိလာပြီး ဒေသဈေးကွက်အတွင်း သီးနှံဈေးနှုန်းများ တည်ငြိမ်ကျဆင်းစေမည်ဖြစ်ကာ ဒေသခံပြည်သူများ၏သက်သာချောင်ချိရေးကို အထောက်အကူပြုစေမည်ဖြစ်ကြောင်း သိရသည်။ **သုတကျော်**

# ရှေးဟောင်းသမိုင်းဝင် ဆုတောင်းပြည့် ဆံတော်ရှင်ရွှေမော်ဓောစေတီတော်မြတ်ကြီး၌ စတုတ္ထအကြိမ်ဆေးပဋ္ဌာန်းရွတ်ဖတ်ပူဇော်လှူဒါန်းပွဲ အောင်ပွဲကျင်းပ

ပဲခူး ဇန်နဝါရီ ၃၀

ရှေးဟောင်းသမိုင်းဝင်ဆုတောင်းပြည့် ဆံတော်ရှင် ရွှေမော်ဓောစေတီတော်မြတ်ကြီး၌ စတုတ္ထအကြိမ်ဆေးပဋ္ဌာန်းရွတ်ဖတ်ပူဇော်လှူဒါန်းပွဲ အောင်ပွဲအခမ်းအနားကို ဇန်နဝါရီလ ၂၉ ရက် နံနက်ပိုင်းတွင် အဆိုပါစေတီတော်မြတ်ကြီး၏ ရင်ပြင်တော်ပေါ်၌ကျင်းပကြောင်း သိရသည်။

ရှေးဦးစွာ ရှေးဟောင်းသမိုင်းဝင် ဆုတောင်းပြည့် ဆံတော်ရှင်ရွှေမော်ဓော စေတီတော်မြတ်ကြီး၏ ရင်ပြင်တော်ပေါ်ရှိ ရွှေကျောင်းတော် ကျောက်ပန်းတောင်းဓမ္မာရုံ၌ စတုတ္ထအကြိမ်ဆေးပဋ္ဌာန်း ရွတ်ဖတ်ပူဇော်လှူဒါန်းပွဲ အောင်ပွဲ



အခမ်းအနားကို နမောတဿသုံးကြိမ် ရွတ်ဆိုဘုရားကန်တော့၍ အခမ်းအနားကိုစတင်ဖွင့်လှစ်ပြီး ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့်ဧည့်ပရိသတ်များက နိုင်ငံတော်သြဝါဒါစရိယ ပဲခူးမြို့ မြို့မစာသင်တိုက်ကြီး၏ ပဓာနနာယက ဘဒ္ဒန္တဂန္ဓမာထံမှ ငါးပါးသီလခံယူ ဆောက်တည်သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက သာသနာရေးဆိုင်ရာများ လျှောက်ထားကာ သြဝါဒါစရိယဆရာတော်ကြီးများအား တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများက ဆေးပစ္စည်းအလှူတော်များ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ တရားလွှတ်တော်တရားသူကြီးချုပ်၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တိုင်းဒေသကြီး/ ခရိုင်/ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့်စေတနာရှင်ပြည်သူများက ကြွရောက်လာသည့် သံဃာတော်များနှင့်သာသနာနွယ်ဝင်သီလရှင်များအား ဆေးနှင့်လှူဖွယ်ပစ္စည်းများလောင်းလှူကာ နေ့ဆွမ်းဆက်ကပ်လှူဒါန်းသည်။ ထို့နောက် ဘုရားဖူးလာပြည်သူများအား စတုဒိသာကျွေးခြင်း၊ ဆေးဝါးများအခမဲ့ပေးဝေခြင်းများဆောင်ရွက်ကြောင်း သိရသည်။

၄၀၁၊ တင်စိုး(ပဲခူး)

# ကျောက်ဆည်မြို့နယ် အခြေခံသမဝါယမအသင်း ၆၃ သင်းမှ ဆောင်းနေကြာ ၈၇၈၄ ဧက စိုက်ပျိုးထား

ကျောက်ဆည် ဇန်နဝါရီ ၃၀

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်၌ဒေသတွင်းစားသုံးဆီဖူလုံပို လျှံရေးအတွက်ဆောင်းရာသီဆီထွက်သီးနှံများဖြစ်သည့် မြေပဲ၊ နေကြာ၊ နှမ်း သီးနှံများ စိုက်ပျိုးကြောင်းနှင့်အခြေခံသမဝါယမ အသင်း ၆၃ သင်းမှအသင်းသားတောင်သူ ၂၃၃၉ ဦးက ဆောင်းနေကြာ ၈၇၈၄ ဧက စိုက်ပျိုးထားကြောင်း သိရသည်။

ထိုသို့ ဆောင်းနေကြာစိုက်ခင်းများ စိုက်ပျိုးရာတွင် ရွှေဝါမြေ၊ ကျီးအိပ်၊ ဒွေးလှ၊ ရွှေဆူးလေ၊ ကျားကာ၊ ကလေး၊ ဖျောက်ဆိပ်ပင်၊ ပဲခင်း၊ သင်ပျို၊ ရန်ဘက်လို၊ ပန်းဝတ်ရည်၊ ဘုံကွင်း၊ ရွှေဒါး၊ အရှေ့ငယ်တိုး၊ မှိုင်းပန်လယ်ယာမြေနှင့် အထွေထွေသမဝါယမ အသင်းသား၊ အသင်းသူ ၅၄၉ ဦးက ၂၁၃၆ ဧက၊ ရတနာမွန်၊ ရောင်နီဦး၊ ပန်းခွာ၊ ဆယ်သိန်း၊ အောင်ဇေယျ၊ ပနံ၊ ဒါန်းတိုင်၊ မြင်စိုင်း၊ သုခစိုက်ပျိုးရေးနှင့်အထွေထွေ သမဝါယမ အသင်းသား၊ အသင်းသူ ၃၄၄ ဦးက ၁၃၂၂ ဧက၊ ရွာတော်၊ ငါးလုံကုန်း၊ ညောင်ပင်ဇောက်၊ ဇရပ်ဖြူ၊ ငါးဆူ၊ ငွေပန်းကုန်း၊ ညောင်ဝန်း၊ မြင်းတွင်း၊ ပတ္တာ၊ မြင်းချီနိုင်၊ မြင်းကဘက်၊ လက်ပံဇင်၊ ပေါင်လောင်လေး၊ ရွှေပေါက်ပင်၊ သံ-နောက်ကင်း၊ တောင်တော်၊ မြေစိုမိုးကောင်း၊ လယ်ကြီး၊ တောတွင်၊ စိုက်မလန်း၊ ကိုးပင်၊ ရဲမအူ၊ ရွှေညောင်၊ န-ရွာနန်း၊ လက်ပံပင်၊ စွမ်းရည်၊ ရွှေအင်း၊ အင်ရောင်း၊ စပါယ်တော၊ ကောင်းတင်၊ စင်းကွန်း၊ ရွာသစ်၊ ရဲရွာ၊ ရှမ်းတောင်ဦး၊ ချောင်းဆုံ၊ ရဲဘော်ကြီး၊ ရေကြည် စိုက်ပျိုးရေးနှင့်အထွေထွေ သမဝါယမအသင်းသား၊ အသင်းသူ ၁၄၄၆ ဦးက ၇၄၆၂ ဧက စိုက်ပျိုးထားသည်။



နေကြာစိုက်တောင်သူများ လူမှုစီးပွား ဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် နေကြာသီးနှံစိုက်ပျိုးရာတွင် ခက်ခဲမှုမရှိစေရေး မြို့နယ်သမဝါယမဦးစီးဌာနမှ နေကြာတစ်ဧကအတွက် ငွေကျပ်နှစ်သိန်းနှင့်ညီမျှသော သွင်းအားစုများ ထုတ်ချေးပေးလျက်ရှိကြောင်း၊ နိုင်ငံတော်အစိုးရက စိုက်ပျိုးထုတ်လုပ်သူများအား လိုအပ်ချက်မရှိအောင် ကူညီဆောင်ရွက်ပေးလျက်ရှိရာ မိမိတို့လုပ်ငန်းများ ပိုမိုအောင်မြင်ရေးကိုအားသွန်ခွန်စိုက်ကြိုးပမ်းရမည်ဖြစ်သည်။

အလားတူ ဆီထွက်သီးနှံများ အများဆုံးစိုက်ပျိုးသည့် တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် ပန်းတိုင်ရည်မှန်းချက်များအတိုင်း ထွက်ရှိစေရေး ဆောင်ရွက်လျက်ရှိသဖြင့် ပြည်တွင်းစားသုံးဆီ ဖူလုံမှုကို များစွာအထောက်အကူပြုစေမည်ဖြစ်ကြောင်း သိရသည်။ **သက်မောင်(ကျောက်ဆည်)**

## ပုံနှိပ်ခြင်းလုပ်ငန်း၊ ထုတ်ဝေခြင်းလုပ်ငန်းနှင့် သတင်းအေဂျင်စီလုပ်ငန်းလုပ်ကိုင်သူများ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်အသစ်လဲလှယ်ရန် အသိပေးကြေညာခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေများ ထွက်ရှိသည့် ၁၀-၁၀-၂၀၁၄ ရက်နေ့မှစ၍ ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့်သတင်းအေဂျင်စီလုပ်ငန်းအသိအမှတ်ပြုလက်မှတ်များအား ၅ နှစ်သက်တမ်းခွင့်ပြုပေးခဲ့ပါသည်။

၂။ အသိအမှတ်ပြုလက်မှတ် သက်တမ်းကုန်ဆုံးပါက နည်းဥပဒေ ၂၁ အရ သက်တမ်းကုန်ဆုံးသည့်ရက်မှစ၍ ရက်ပေါင်း ၆၀ အတွင်း သတ်မှတ်ပုံစံနှင့်အတူ အခကြေးငွေကျပ်တစ်သောင်းပေးသွင်း၍ ပြန်ကြားရေးဝန်ကြီးဌာနသို့ အသိအမှတ်ပြုလက်မှတ်အသစ်လဲလှယ်ရန် လာရောက်ဆောင်ရွက်ရမည်ဖြစ်ပါသည်။

၃။ သက်တမ်းကုန်လွန်သော အသိအမှတ်ပြုလက်မှတ်များဖြင့် လုပ်ငန်းဆက်လက်လုပ်ကိုင်ခွင့်မရှိကြောင်းနှင့် သက်တမ်းကုန်ဆုံးပြီး လုပ်ငန်းဆက်လက်လုပ်ကိုင်ပါက ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေအရ အရေးယူခံရမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

၄။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း ၀၁-၅၄၁၄၁၃၊ ၀၁-၈၆၀၄၇၅၀၊ ၀၁-၈၆၀၄၇၅၁၊ ၀၁-၅၄၄၅၈၃၊ *iprd.crd,ygn@gmail.com* သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

## သဇင်(FM)အသံလွှင့်အစီအစဉ်

၃၁-၁-၂၀၂၅(သောကြာနေ့)

| | | |
|---|---|---|
| ၁။ | ၀၈:၀၀ | For Youth |
| ၂။ | ၁၀:၀၀ | သတင်း/သီချင်း |
| ၃။ | ၁၃:၀၀ | တိုင်းရင်းသားစကားပြောကြရအောင် |
| ၄။ | ၁၇:၀၀ | ထူးခြားထင်ရှားကမ္ဘာတစ်လွှား |
| ၅။ | ၁၉:၀၀ | စစ်သည်ကဏ္ဍ |
| ၆။ | ၂၁:၂၀ | စာလာတယ်ဗျို့ |

## မွေးမြူရေးတိရစ္ဆာန်များ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

ပွင့်လင်းရာသီသို့ ကူးပြောင်းရောက်ရှိလာပြီဖြစ်ရာ နွေဦးကာလတွင် လေပြင်းတိုက်ခတ်ခြင်း၊ မိုးကြိုးပစ်ခြင်း၊ တစ်ခါတစ်ရံ ရေကြီးရေလျှံခြင်းများနှင့် မီးလောင်ကျွမ်းမှုများဖြစ်ပေါ်နိုင်သဖြင့် မွေးမြူထားသော တိရစ္ဆာန်များအပေါ် ကျရောက်နိုင်သည့် လေပြင်းတိုက်ခတ်မှုအန္တရာယ်၊ ရေကြီးရေလျှံမှုအန္တရာယ်နှင့် မီးဘေးအန္တရာယ်များကို ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန်အသိပေးနှိုးဆော်အပ်ပါသည်-

(၁) ရေဒီယို၊ ရုပ်မြင်သံကြားများနှင့် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြသည့် မိုးလေဝသသတိပေးချက်များကို ဂရုပြုနားထောင်၊ ဖတ်ရှု၊ စောင့်ကြည့်ရန်၊

(၂) တိရစ္ဆာန်များအတွက် ဒေသတွင်းရရှိနိုင်သည့် ကောက်ရိုး၊ ပြောင်းရိုး၊ ပဲရိုးနှင့် ပဲမှော်အစရှိသည့် တိရစ္ဆာန်အစာနှင့်သောက်သုံးရေများ လုံလောက်စွာရရှိရေး ကြိုတင်စုဆောင်းထားရန်၊

(၃) ရေကြီးရေလျှံဖြစ်ပေါ်လေ့ရှိသောဒေသများ၌ တိရစ္ဆာန်များကိုရေဘေးအန္တရာယ်မှ ကင်းလွတ်နိုင်ရေး ကြိုတင်စီမံထားရန်၊

(၄) ရေဘေးအန္တရာယ်ကျရောက်လာပါက တိရစ္ဆာန်များကို ရေလွတ်သောနေရာများသို့ အလျင်အမြန်ပြောင်းရွှေ့နေရာချထားရန်အတွက် ကြိုတင်စီမံထားရန်၊

(၅) ရေဘေးအန္တရာယ်ကျရောက်ချိန်၌ ရေပြန်ကျချိန်တွင် ကူးစက်ရောဂါများ ဖြစ်ပွားတတ်သဖြင့် တိရစ္ဆာန်များကို ဦးစီးဌာနက သတ်မှတ်ထားသည့်အတိုင်း တိရစ္ဆာန်ရောဂါကာကွယ်ဆေးများ ကြိုတင်ထိုးနှံထားရန်၊

(၆) မီးချိတ်၊ မီးကပ်၊ သဲပုံး၊ ရေပုံးနှင့် တစ်ပိုင်တစ်နိုင် ကနဦးမီးငြိမ်းသတ်နိုင်သော မီးသတ်ဆေးဘူးများအား အလွယ်တကူရယူနိုင်သော နေရာတွင်ထားရှိပြီး အဆင်သင့်အနေအထားဖြစ်နေရန်နှင့် မီးတားလမ်းများ ပြုလုပ်ထားရှိရန်၊

(၇) သိုလှောင်ထားသော တိရစ္ဆာန်အစာများကို ရေဘေးကင်းလွတ်ရာသို့ အချိန်မီပြောင်းရွှေ့နိုင်ရေး ကြိုတင်စီမံထားရန်၊

(၈) တိရစ္ဆာန်များ ကူးစက်ရောဂါ၊ သာမန်ရောဂါနှင့် ထိခိုက်ဒဏ်ရာများရရှိပါက ဆေးကုသမှု အမြန်ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာ မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာနသို့ ဆက်သွယ်ရန်၊

(၉) တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ ထူးခြားဖြစ်စဉ်များရှိပါက သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာနနှင့် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ဆက်သွယ်အကြောင်းကြား ပူးပေါင်းဆောင်ရွက်ရန်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

# အထိုင်များခြင်းကြောင့် ရောဂါများစွာဖြစ်နိုင်

အထိုင်များခြင်းသည် အသက် ၁၆ နှစ်အရွယ်အထိ ပြဿနာကြီးစွာ မရှိသော်လည်း အသက် ၂၅ နှစ်ကျော် အရိုးတိုးပွားမှုအားကုန်သည့် အရွယ်မှစ၍ အချိန်ကြာမြင့်စွာထိုင်ခြင်းကြောင့် ရောဂါများစွာဝင်လာနိုင်သည်။

ဆေးရုံကြီးများရှိ နှလုံးရောဂါဆိုင်ရာ ကုသမှုဌာနများ၌ လာရောက်ကုသမှုခံယူသော လူနာတို့၏ ရောဂါဖြစ်ကြောင်းရာဇဝင်ကို မေးမြန်းကြည့်သောအခါ အထိုင်များသောအလုပ်ကို နှစ်ရှည်လုပ်ကိုင်ခဲ့သူများဖြစ်ကြောင်း လေ့လာတွေ့ရှိရသည်။ စာရေးဆရာများ၊ အယ်ဒီတာများ၊ ရုံးအုပ်ကြီးများ၊ ကွန်ပျူတာနှင့်အလုပ်လုပ်သူများ၊ တခြားအထိုင်အလုပ်လုပ်သူများအပြင် တစ်ခါတစ်ရံ ဆေးခန်းအထိုင်များသည့် ဆရာဝန်ကြီးများကိုယ်တိုင်ပင် မသိမသာ နှလုံးအဆီဖုံး၊ သွေးကြောပိတ်သည့်ဝေဒနာဝင်ရောက်နေကြောင်း တွေ့ရှိရပေသည်။

အကြောအဆစ်ပညာရှင်ရှုထောင့်မှကြည့်လျှင် အထိုင်များသည့် အလုပ်လုပ်သူများတွင် ခါးရိုးဆစ်များကြား ခုခံထားသည့် ဝါရှာသဖွယ် အရွတ်တုံးများပါးပြီး ပွန်းစားခြင်းကြောင့် ခါးကြောညပ်သည့်ဝေဒနာဖြစ်လွယ်သည်ကို တွေ့ရသည်။ ခါးနာဝေဒနာမှာ မကြာခဏဖြစ်သဖြင့် ၎င်းတို့အဖို့ ရိုးနေပြီဖြစ်သည်။ အရပ်ပုသူနှင့် အရပ်ရှည်သူများတွင် အရပ်ရှည်သူသည် ပိုပြီးခါးနာမှုဖြစ်နိုင်ခြေရှိသည်။ အရပ်မြင့်လေ ခါးဆစ်က အရိုးထမ်းအား ပိုများလေဖြစ်သည်။

ဝမ်းဗိုက်ကို ခေါက်ပြီးထိုင်သူများသည် အူအတွင်းရှိ လေလှုပ်ရှားမှုနည်းသဖြင့် လေချုပ်ပြီး ဗိုက်စူထွက်ခြင်း၊ ခေါက်ရိုးအတိုင်း ဗိုက်ခေါက်ထူလာခြင်းတို့ဖြစ်လာနိုင်သည်။

တချို့သူများတွင် အထိုင်များသည့်အပြင် ခေါင်းငုံ့ပြီး စာရေးခြင်း၊ ဂဏန်းတွက်ခြင်း၊ စာရင်းရေးခြင်း စသော အသိစိတ်အာရုံထားရသည့် အလုပ်များကိုလုပ်ရလျှင် ကျီးပေါင်းတက်သောရောဂါဖြစ်လေ့ရှိသည်။ ထိုလည်ပင်းရိုးဆစ်ကျီးပေါင်းကြောင့် ဇက်ကြောတက်လေ့ရှိပြီး တစ်ခါတစ်ရံ သွေးတိုးရောဂါနှင့် မှားတတ်သည်။ သွေးတိုးထင်ပြီး သွေးကျဆေးများသောက်ရာမှ ကျီးပေါင်းရောဂါမှာ ပိုဆိုးလာတတ်သည်။

လည်ပင်းရိုးဆစ်ကျီးပေါင်းရောဂါထက် ပိုဆိုးသည်မှာ လည်ပင်းရိုးကွင်းကျီးပေါင်းရောဂါဖြစ်သည်။ လည်ပင်းအရိုးကွင်းများထူပြီး ဦးနှောက်သို့ပို့သည့် သွေးကြောပိုက်လိုင်းကို ဖိမိသောအခါ ချာချာလည်အောင် မူးတတ်သည်။ ငုံ့ကြည့်လိုက်လျှင် သို့မဟုတ် မော့ကြည့်လိုက်လျှင် မူးလဲသွားတတ်သည်။ နှလုံးရောဂါထင်ပြီး မိမိသဘောဖြင့် နှလုံးအားဆေးများဝယ်သောက်လျှင် ပို၍ရောဂါတိုးတတ်သည်။

အထိုင်များသူများ၊ ဆိုင်ကယ်စီးသူများ၊ ကုပ်ဆက်(လည်ပင်းရိုးနှင့်ကျောရိုးဆက်သည့်)နေရာတွင် ကျီးပေါင်းတက်ခဲ့လျှင် လက်မ၊ လက်ညှိုး၊ လက်ခလယ်ဆစ်များတွင် ထုံကျဉ်နေတတ်သည်။ ထိုအဆစ်များတွင် ကျီးပေါင်းတက်လျှင် လက်ပြင်၊ လက်ဖျံ၊ လက်မောင်းတစ်လျှောက်မှ လက်သန်း၊ လက်သူကြွယ်အထိ ထုံကျဉ်ကိုက်ခဲလာပြီး လက်ချမရဖြစ်တတ်သည်။ ပစ္စည်းများကိုင်တွယ်လျှင် လွတ်ကျသဖြင့် လေဖြတ်မည့်လက္ခဏာဟု အထင်မှားတတ်ကြသည်။ အထိုင်များသူများအတွက် ကုထုံးမှာ လမ်းလျှောက်ခြင်းပင်ဖြစ်သည်။ နံနက်စောစောအိပ်ရာထ၍ လမ်းလျှောက်ပေးခြင်းဖြင့် ရောဂါမျိုးစုံဝင်ရောက်လာမည့်ဘေးမှ ကာကွယ်နိုင်ကြောင်း ရေးသားလိုက်ရပါသည်။

**"တချို့သူများတွင် အထိုင်များသည့်အပြင် ခေါင်းငုံ့ပြီးစာရေးခြင်း၊ ဂဏန်းတွက်ခြင်း၊ စာရင်းရေးခြင်း စသောအသိစိတ်အာရုံထားရသည့်အလုပ်များကို လုပ်ရလျှင် ကျီးပေါင်းတက်သောရောဂါဖြစ်လေ့ရှိသည်။ ထိုလည်ပင်းရိုးဆစ်ကျီးပေါင်းကြောင့် ဇက်ကြောတက်လေ့ရှိပြီး တစ်ခါတစ်ရံ သွေးတိုးရောဂါနှင့်မှားတတ် . . ."**

ကြည်လွင်မြင့်(မုဒြာ)

# အနီရောင်အသား အစားများလျှင် အကြောအဆစ်ကိုက်ရောဂါရနိုင်

**"နှလုံးသွေးကြောကျဉ်းရောဂါရသူအများစုမှာ အနီရောင်အသားကြိုက်နှစ်သက်သူများဖြစ်သည်။ အနီရောင်အသားကို ကင်၍စားလျှင် အဆီများလောင်ကျွမ်းပြီး မည်းသွားသောကျပ်ခိုးကြောင့် ကင်ဆာခေါ် အမြစ်တွယ်နာကိုပင်ဖြစ်စေနိုင်သဖြင့် သတိပြုရှောင်ကြဉ်သင့် . . ."**

အနီရောင်ရှိသော အသားဆိုသည်မှာ အမဲသား၊ ဆိတ်သား၊ ချေသား၊ ပြောင်သား၊ တောဝက်သား၊ သမင်သား စသည့် ခြေလေးချောင်းသတ္တဝါများ၏ အသားကိုဆိုလိုသည်။ အသား၏အရောင်မှာ အနီရောင်များပြီး အဖြူရောင်အကြောများဖြင့် ဖုံးအုပ်ထားလျက်ရှိသည်။ အနီရောင်မဟုတ်သည့်အသားများလည်းရှိသည်။ ဝက်သားမှာ အဖြူရောင်အသား၊ ထို့အတူ ကြက်သား၊ ဘဲသားတို့သည်လည်း အဖြူရောင်ရှိသောအသားများဖြစ်ကြသည်။

ရိုးရာဆေးပညာအရ အသားမှန်သမျှသည် ပထဝီစာဖြစ်သော်လည်း အသားတွင် မျှတသော ရေဓာတ်(အာပေါဓာတ်)တွဲ၍ပါမြဲဖြစ်သည်။ ထိုအခါ ပထဝီဓာတ်သည် မာကျောပထဝီမဖြစ်တော့ဘဲ နူးညံ့ပထဝီဖြစ်သဖြင့် စားသုံးသူတွင် အာဟာရဖြစ်ပြီး မျှတသော၊ အန္တရာယ်မရှိသော အသားတိုး၍ ဝဖြိုးခြင်းကိုဖြစ်စေနိုင်သည်။ ပထဝီ+ အာပေါ မျှတသည့် အဖြူရောင်အသားများသည် စားသုံးရန်သင့်သည်။ ကြီးမားသောဘေးအန္တရာယ်မရှိဟုဆိုနိုင်သည်။ ကြက်သား၊ ငါးအမျိုးမျိုးတို့သည် အဖြူရောင်ရှိသောအသားဖြစ်သည့်အတွက် နေ့စဉ်စားသုံးသော်လည်း ဘေးဖြစ်ခဲသည်။ စားသင့်သည်ဟု ဆိုလိုသည်။

အနီရောင်ရှိသောအသားများတွင် မာကျောပထဝီဓာတ်လွန်ကဲသောကြောင့် ချက်လျှင်ကျက်ခဲသည်။ စားပြီးလျှင် အစာကြေခဲသည်။ အစာကြေခြင်းနှစ်မျိုးမှာ အစာအိမ်တွင် အစာကြေခြင်းအပြင် သွေးတွင်းရောက်မှ ရသရည်ဖြစ်အောင် အစာကြေခြင်းလည်း ရှိသေးသည်။ အနီရောင်အသားများသည် အစာအိမ်တွင် အစာကြေသည့်တိုင် သွေးတွင်းရောက်လျှင် ရသရည်ဖြစ်အောင် အစာကြေရန်ခဲယဉ်းသည်။

သွေးကြောတွင်းရောက်ပြီးမှ ကြေကျက်ရန်ခက်ခဲသောကြောင့် အနီရောင်အသားကြားမှ အဖြူရောင်အဆီခဲများသည် သွေးကြောနံရံများတွင် ကပ်ငြိကျန်ခဲ့ကာ သွေးကြောထူခြင်း၊ သွေးပိုက်လိုင်းကျဉ်းခြင်းကိုဖြစ်စေသည်။ နှလုံးသွေးကြောကျဉ်းရောဂါရသူအများစုမှာ အနီရောင်အသားကြိုက်နှစ်သက်သူများဖြစ်သည်။ အနီရောင်အသားကို ကင်၍စားလျှင် အဆီများလောင်ကျွမ်းပြီး မည်းသွားသောကျပ်ခိုးကြောင့် ကင်ဆာခေါ် အမြစ်တွယ်နာကိုပင်ဖြစ်စေနိုင်သဖြင့် သတိပြုရှောင်ကြဉ်သင့်ပေသည်။

အကြောအဆစ်များကိုက်ခဲရခြင်းမှာ မကြေကျက်နိုင်သော မာကျောပထဝီများ သွေးမှတစ်ဆင့် ခန္ဓာကိုယ်တစ်ခုလုံးရှိ အကြောများ၊ အရိုးနှစ်ခုကြားရှိ အရွတ်တုံးများ၊ အဆစ်များသို့ရောက်ရှိသောကြောင့်ဖြစ်သည်။ နှလုံးအခန်းများရောင်ခြင်း၊ ရင်ဘတ်အောင့်ခြင်း၊ လေးဖက်နာ၊ ဂေါက်ရောဂါဖြစ်ခြင်းများအပြင် သေချာစွာ မကုသခဲ့လျှင် နှစ်ကြာသောအခါ နာတာရှည်အဆစ်ရောင်ရောဂါဖြစ်ပြီး အဆစ်များ ကောက်ကွေးသည်အထိ ဖြစ်ရသူများ၊ သွေးလေးဖက်နာဖြစ်ရသူများကို တွေ့ဖူးပါသည်။

ပထဝီဓာတ်သည် ဓာတ်ကြီးလေးပါးတွင် ခိုင်ခံ့မှုအတွက် အရေးပါသောဓာတ်ကြီးဖြစ်သော်လည်း အနီရောင်ရှိသောအသားများတွင် ပါဝင်သော မာကျောပထဝီဓာတ်ကြောင့် အကြောအဆစ်ကိုက်ခဲသည့် သာမန်ရောဂါမှတစ်ဆင့် နှလုံးသွေးကြောရောဂါ၊ နာတာရှည်လေးဖက်နာရောဂါ၊ ဂေါက်ခေါ် အဆစ်ရောင်ရောဂါများဖြစ်ပွားနိုင်သဖြင့် ဆင်ခြင်စားသုံးသင့်ကြောင်း ရေးသားလိုက်ရပေသည်။

## မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်း လက်တွေ့သရုပ်ပြခြင်းနှင့် လက်ကမ်းစာစောင်ဖြန့်ဝေခြင်းများဆောင်ရွက်

ပန်းတနော် ဇန်နဝါရီ ၃၀

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ပန်းတနော်မြို့နယ် မီးသတ်ဦးစီးဌာနမှ ကျောင်းသား၊ ကျောင်းသူများအား မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့်ပတ်သက်၍ အသိပညာ၊ ဗဟုသုတများတိုးပွားစေရန် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်း၊ လက်တွေ့သရုပ်ပြခြင်းနှင့်လက်ကမ်းစာစောင်များဖြန့်ဝေခြင်းကို ဇန်နဝါရီလ ၂၉ ရက်က ဘဝိုင်းကျေးရွာအုပ်စု အကယ်ချောင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ ဆောင်ရွက်သည်။

ရှေးဦးစွာ ပန်းတနော်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနိုင်ဝင်းက အဖွင့်အမှာစကားပြောကြားသည်။ ဆက်လက်၍ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးမောင်မောင်ဦးက ဟောပြောပွဲကျင်းပရခြင်း၏ရည်ရွယ်ချက်နှင့် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် ပတ်သက်၍ ဆောင်ရန်၊ ရှောင်ရန် အချက်အလက်များ၊ မီးဘေးအန္တရာယ် တွေ့ကြုံလာပါက မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်နိုင်ရန် မီးသတ်ဆေးဘူးအသုံးပြုနည်း စသည်တို့ကို ရှင်းလင်းဟောပြောသည်။

ဆက်လက်၍ အကယ်ချောင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ကျောင်းအုပ်ဆရာမကြီး ဒေါ်သန္တာအေးချို က ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ထို့နောက် ပန်းတနော်မြို့နယ်မီးသတ်ဦးစီးဌာနမှ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ဆေးဘူးအသုံးပြု၍ မီးငြိမ်းသတ်နည်း၊ ရေစိုအဝတ်ဖြင့် ဖုံးအုပ်ငြိမ်းသတ်နည်းနှင့် မီးသတ်ယာဉ်များဖြင့် မီးငြိမ်းသတ်နည်းများကို လက်တွေ့သရုပ်ပြလေ့ကျင့်ပေးရာ ဆရာ၊ ဆရာမများနှင့်



ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြကြောင်း သိရသည်။

ချမ်းမြေ့

# ဆုတောင်းပြည့်လိုတရ နမ္မဒါနဂါးရုံဘုရား ဥပနာတော်သွင်း မင်္ဂလာအခမ်းအနားကျင်းပ




**မင်းဘူး ဇန်နဝါရီ ၃၀**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်ရှိ မန်းရွှေစက်တော်ဘုရားကြီး၌ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူး ရဟန်းရှင်လူ မိဘပြည်သူများဖူးမြော်ကြည်ညိုနိုင်စေရန် တည်ထားကိုးကွယ်သော ဆုတောင်းပြည့်လိုတရ နမ္မဒါနဂါးရုံဘုရား ဥပနာတော်သွင်းမင်္ဂလာအခမ်းအနားကို ဇန်နဝါရီလ ၂၉ ရက် မွန်းလွဲပိုင်းတွင် အောက်စက်တော်ရာရင်ပြင်၌ ကျင်းပကြောင်း သိရသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး မင်းဘူးမြို့ ရှင်မင်းပူး ပဠိမရာမကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဥတ္တမအရှင်သူမြတ်နှင့် ကိုးနဝင်း အောင်သုခကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တပဏ္ဍိတ အမှူးပြုသော ပင့်သံဃာ အရှင်သူမြတ်များထံမှ အခမ်းအနားတက်ရောက်လာကြသူများက ငါးပါးသီလခံယူဆောက်တည်ကာ မင်းဘူးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအေးလွင်နှင့် တာဝန်ရှိသူများက လှူဖွယ်ဝတ္ထုနှင့် နဂါးရုံဘုရားဥပနာတော်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ မင်းဘူးမြို့ ကိုးနဝင်းအောင်သုခကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တပဏ္ဍိတ ဦးဆောင်ပြီး ဖိတ်ကြားထားသူများက နဂါးရုံဘုရားဥပနာတော်ပစ္စည်းများ ပင့်ဆောင်၍ အောက်စက်တော်ရာခြေတော်ရာနှင့် ဆုတောင်းပြည့်လိုတရ နမ္မဒါနဂါးရုံဘုရားအား လက်ယာရစ်လှည့်လည်ပူဇော်ကာ ဥပနာတော်သွင်းမင်္ဂလာအခမ်းအနားကို အောင်မြင်စွာ ဆောင်ရွက်ပြီး ရတနာရွှေမိုးငွေမိုးများ ရွာသွန်းသည်။

မန်းရွှေစက်တော်ဘုရားကြီးရှိ ဆုတောင်းပြည့်လိုတရ နမ္မဒါနဂါးရုံဘုရားကြီး၏ဉာဏ်တော်မှာ ၂၄ ပေ၊ လုံးပတ်နှင့်ရေကန်တော် ပေ ၂၀၊ ပလ္လင်တော်အမြင့် ၁၈ ပေနှင့်ဘုရားပရိဝုဏ်အကျယ် ပေ ၃၀ ပတ်လည်ရှိကြောင်း၊ နမ္မဒါနဂါးရုံဘုရားတည်ထားကိုးကွယ်ရန် ပန္နက်တော်တင် မင်္ဂလာအခမ်းအနားကို ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၁၃ ရက်တွင် စတင်ဆောင်ရွက်ပြီး ဇန်နဝါရီလ ၂၉ ရက်တွင် ဥပနာတော်သွင်း မင်္ဂလာအခမ်းအနားကို အောင်မြင်စွာ ကျင်းပဆောင်ရွက်နိုင်ကြောင်း၊ နဂါးရုံဘုရားပရိဝုဏ်အတွင်းရှိ အချောသတ်လုပ်ငန်းများအားလုံးကို ယခုလကုန်တွင် အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။

ယခုနှစ် မန်းရွှေစက်တော်ဘုရားပွဲတော်ကြီးကို ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ ၂ ရက်မှ ဧပြီလ ၁၇ ရက်အထိ (တပို့တွဲလဆန်း ၅ ရက်မှ မြန်မာနှစ်ဆန်း ၁ ရက်ထိ) ရက်ပေါင်း (၇၅) ရက်ကြာကျင်းပသွားမည်ဖြစ်ရာ ဘုရားဖူးလာရောက်ကြသူများအဆင်ပြေစေရန် တည်းခိုဆောင်နှင့် ဈေးဆိုင်ခန်းများ ဆောက်လုပ်ပေးထားပြီး ဘုရားဖူးများအား ညအိပ်တည်းခိုခွင့်ပြုမည်ဖြစ်ကြောင်း သိရသည်။

**မောင်မောင်(မင်းဘူး)**

# ရေသန့်စင်စက်တပ်ဆင်ခြင်းလုပ်ငန်းဆောင်ရွက်မှုကွင်းဆင်းစစ်ဆေး

**ကျွန်းလှ ဇန်နဝါရီ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက စသာကုန်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့်ရေသန့်စင်စက်တပ်ဆင်ခြင်းဆောင်ရွက်မှု အခြေအနေများကို ဇန်နဝါရီလ ၂၉ ရက်တွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခြင်း ဆောင်ရွက်ကြောင်း သိရသည်။

ထိုသို့စစ်ဆေးရာတွင် ကျွန်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တဦးစီးမှူး ဦးရဲကိုကိုဝင်းနှင့် တာဝန်ခံအင်ဂျင်နီယာများ၊ စီမံကိန်းတာဝန်ခံဝန်ထမ်းများက စသာကုန်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ဖြင့် ရေသန့်စင်စက်တပ်ဆင်ခြင်း ဆောင်ရွက်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။



စသာကုန်းကျေးရွာ၌ တစ်နာရီလျှင် လီတာ ၅၀၀ ရေသန့်စင်စက်တပ်ဆင်ခြင်းလုပ်ငန်းကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းရန်ပုံငွေကျပ် ၁၅ သိန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၂ ဒသမ ၅၅ သိန်းဖြင့် ဒီဇင်ဘာလ ဒုတိယပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ရာ ယခုအခါ လုပ်ငန်းများ ၇၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်းသိရသည်။

**ဖြိုးကျော်(ပုံတောင်မြေ)**

# နှင်းရည်စိုရွှဲ တပို့တွဲ

* ညင်းလေသုန်သုန်၊ ဆောင်းဝတ်မှုန်
ချမ်းတုန်နိုင်အား၊ ညရှည်လျား
ဖျန်းထားမြောက်လေ၊ ဖြူးပြေပြေ
နှင်းရည်စိုရွှဲ၊ တပို့တွဲ
ရွှဲတယ်လေ့ တွဲတယ်လေး။

* ပေါက်လဲလက်ပံ၊ လေမှာပျံ
ဂိမှာန်ကူးစ၊ ဆောင်းလက်ပြ
ပန်းလှစုံညီ၊ ခါတော်မီ
နေခြည်မှာဝင်း၊ မွှေးထုံသင်း
ဝင်းတယ်လေ့ သင်းတယ်လေး။

* ငှက်ကျေးမောင်နှံ၊ တေးဖွဲ့ညံ
မြိုင်ယံတစ်ကြော၊ ချစ်တင်းနှော
ထန်းတောထန်းခိုင်၊ ထန်းရည်လှိုင်
ကလိုင်လွယ်ကူး၊ ဖခင်မြူး
ကူးတယ်လေ့ မြူးတယ်လေး။

* စုပေါင်းညီညာ၊ အံခဲကာ
ကြိတ်ကာချေနှဲ၊ ထမနဲ
ထူးကဲဆိမ့်ချို၊ ရသာပို
ကြည်ညိုဆွမ်းကပ်၊ လွန်မွန်မြတ်
ကပ်တယ်လေ့ မြတ်တယ်လေး။

* အအေးပိုပို၊ နှင်းစိုစို
ကြည်ညိုမဆုံး၊ ဆည်းကပ်ထုံး
မီးဖုန်းပူဇော်၊ မြတ်ရှင်တော်
ကော်ရော်နံ့ထူး၊ သင်းထုံကူး
ထူးတယ်လေ့ ကူးတယ်လေး။

* စည်ဗြောခြိမ့်ဆူ၊ ရှင်ပြုလှူ
နတ်လူသာခု၊ ဤကောင်းမှု
တောင်းဆုရည်သန်၊ ကုသိုလ်လျှံ
နိဗ္ဗာန်ရွှယ်မှန်း၊ ရွှင်ကြည်လန်း
မှန်းတယ်လေ့ လန်းတယ်လေး။ ။

**မောင်မင်းသိမ်း(သရက်)**

# စာကြည့်တိုက်များ ရေရှည်ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပွဲနှင့် စာအုပ်လှူဒါန်းပွဲကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၃၀**

စာအုပ်စာပေများ ဖတ်ရှုလေ့လာခြင်းဖြင့် ရရှိသည့်အတွေးအမြင် ဗဟုသုတများကို စာဖတ်သူအချင်းချင်း ဖလှယ်ဆွေးနွေးနိုင်ရန်နေပြည်တော်စာရေးဆရာများ၊ စာရေးဆရာမများနှင့်စာပေဝါသနာရှင်များက ဇန်နဝါရီလ ၂၉ ရက်နံနက်ပိုင်းတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဇမ္ဗူသီရိမြို့နယ်ရုံးပြည်သူ့စာကြည့်တိုက်၌ စာဖတ်ဝိုင်းဆွေးနွေးပွဲ ကျင်းပသည်။

အဆိုပါစာဖတ်ဝိုင်းဆွေးနွေးပွဲတွင် နေပြည်တော်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်သင်းသင်းဇင်ကစာဖတ်ဝိုင်းပြုလုပ်ရခြင်း ရည်ရွယ်ချက်များကို ပြောကြားသည်။

ထို့နောက် စာရေးဆရာ၊ ဆရာမများဖြစ်သော ဦးစောမျိုးအောင်(အိုင်ပီမျိုးအောင်)၊ မောင်ကျော်ဇော(ရှင်မတောင်နံ့သာမြေ)၊ ဦးမောင်မောင်တာ(သဘာဝ)၊ ခိုင်မင်း(နေပြည်တော်)၊ ကိုလင်း(အညာမြေ)၊ အညာသားဗထူး (ကျားတက်မြေ)၊ ဦးဝင်းကို(ယုံလေး)၊ လုံမငယ်(လူမှု)နှင့် စာပေဝါသနာရှင်များက စာရေးဆရာကိုကိုလင်း (အမေ့အိမ်) ရေးသားသည့် “လူကြီးတွေက စပြင်ပါ (လူငယ်ခံစားမှုအတွေးစာစုများ)” စာအုပ်အားဖတ်ရှု၍ ပြန်လည်သုံးသပ်ဆွေးနွေးသည့်အကြောင်းအရာများအပေါ် စာရေးသူ၏ခံစားရေးသားမှုများကို အပြန်အလှန်ဆွေးနွေးကြသည်။

ထို့နောက် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် စာကြည့်တိုက် ကော်မတီဝင်များက စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆွေးနွေးတင်ပြပြီး ဇမ္ဗူသီရိမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နီလာစိုးက ရပ်ကွက်၊ ကျေးရွာစာကြည့်တိုက်များအတွက် စာအုပ်များအားပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများ လက်ခံရယူကြောင်းသိရသည်။ (၄၁၃)

# သထုံမြို့ ရန်အောင်မြင်ပရိယတ္တိသာသနပါလအသင်းကြီး၏ ကောဒသမအကြိမ်မြောက် ရန်အောင်မြင်ပရိယတ္တိသာသနပါလ စာမေးပွဲကျင်းပ


သထုံ ဇန်နဝါရီ ၃၀

မွန်ပြည်နယ် သထုံမြို့နယ်၌ ပရိယတ္တိသာသနဝန်ဆောင် ဆရာတော်ကြီးများဦးဆောင်၍ နှစ်စဉ်ကျင်းပသည့် ရန်အောင်မြင်ပရိယတ္တိသာသနပါလအသင်းကြီး၏ ပရိယတ္တိသာသနပါလစာမေးပွဲကို ယခုနှစ်တွင် ကောဒသမအကြိမ်မြောက်အဖြစ် ဇန်နဝါရီလ ၂၉ ရက်က သိမ်ကုန်းရပ်ကွက်ရှိ ရန်အောင်မြင်ကျောင်းတိုက်၌ ကျင်းပသည်။

စာမေးပွဲဖြေဆိုရာတွင် ဥပစာတန်း၌ ၃၆၇ ပါး၊ ဥပစာအငယ်တန်း၌ ၃၅၈ ပါး၊ ဥပစာအလတ်တန်း၌ ၃၃၇ ပါး၊ ဥပစာအကြီးတန်း၌ ၂၀၆ ပါး စုစုပေါင်း သံဃာတော်နှင့် သီလရှင် ၁၂၆၈ ပါးတို့က အဆင့်အလိုက် ဖြေဆိုတော်မူကြသည်။

စာဖြေသူများ အေးချမ်းစွာဖြေဆိုနိုင်ရေးအတွက် ပရိယတ္တိသာသနဝန်ဆောင် ဆရာတော်ကြီးများအဖွဲ့မှ ကြီးကြပ်ရေးဆရာတော်များ၊ ကြီးကြပ်ရေးအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ကြီးကြပ်စောင့်ရှောက်ပေးကြကာ အလှူရှင်များက အချိုရည်များ၊ လှူဖွယ်ဝတ္ထုများဆက်ကပ်လှူဒါန်းခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုများဆောင်ရွက်ပေးခြင်း စသည့်ကူညီထောက်ပံ့မှုများကိုဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါစာမေးပွဲကို ဇန်နဝါရီလ ၂၉ ရက်မှ ၃၁ ရက်အထိကျင်းပလျက်ရှိပြီး ယင်းစာမေးပွဲ၏ စာအောင်သူများအား ဖေဖော်ဝါရီလ ၅ ရက်တွင် ရန်အောင်မြင်ပရိယတ္တိသာသနပါလအသင်းမှ ဦးဆောင်၍ စာအောင်ဆုများ ပေးအပ်ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။ (၄၀၆)



# တောင်ကြီးမြို့၌ ဥပဒေအသိပညာပြန့်ပွားရေး သင်တန်း အမှတ်စဉ်(၃/၂၀၂၅)ဖွင့်လှစ်



တောင်ကြီး ဇန်နဝါရီ ၃၀

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ ရေအေးကွင်းရပ်ကွက် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း စိန်မြင်းမိုရ်ခန်းမ၌ ဥပဒေအသိပညာပြန့်ပွားရေးသင်တန်း အမှတ်စဉ် (၃/၂၀၂၅) သင်တန်းဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီလ ၃၀ ရက်တွင် ကျင်းပသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်နှင့် ပြည်နယ်ဥပဒေချုပ် ဦးစိုင်းကျော်ဇံတို့က အဖွင့်အမှာစကားများ အသီးသီးပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က သင်တန်းအထွေထွေအသုံးပြုရန် ငွေကျပ်သိန်း ၃၀ ပံ့ပိုးပေးအပ်ရာ ရှမ်းပြည်နယ်ဥပဒေရုံးမှ ပြည်နယ်ဥပဒေအရာရှိ ဦးအေးလွင်က လက်ခံရယူသည်။

ဆက်လက်၍ သင်တန်းဖွင့်လှစ်သင်ကြားခဲ့ရာ သင်တန်းနည်းပြများအဖြစ် ရှမ်းပြည်နယ်ဥပဒေရုံးမှ ဒုတိယပြည်နယ်ဥပဒေအရာရှိ ဒေါ်စန္ဒာသော်နှင့်အဖွဲ့က သင်တန်းသား၊ သင်တန်းသူများအား ပြည်ထောင်စုရှေ့နေချုပ် ဥပဒေဆိုင်ရာ သိကောင်းစရာများ၊ ကလေးသူငယ်အခွင့်အရေးဆိုင်ရာ သိကောင်းစရာများ၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဆိုင်ရာ သိကောင်းစရာများ၊ ရပ်/ကျေး ဥပဒေဆိုင်ရာ သိကောင်းစရာများ၊ ရာဇသတ်ကြီး ဥပဒေဆိုင်ရာ သိကောင်းစရာများ၊ ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ သိကောင်းစရာများ၊ နိုင်ငံ့ဝန်ထမ်းဥပဒေဆိုင်ရာ သိကောင်းစရာများ၊ အကြမ်းဖက်မှုဥပဒေဆိုင်ရာ သိကောင်းစရာများ၊ စာချုပ်စာတမ်းဆိုင်ရာ သိကောင်းစရာများ၊ တစ်လင်တစ်မယား ဥပဒေဆိုင်ရာ သိကောင်းစရာများ၊ ဆက်သွယ်ရေးဥပဒေဆိုင်ရာ သိကောင်းစရာများ၊ မူးယစ်ဆေးဝါးတားဆီးကာကွယ်နှိမ်နင်းရေးဆိုင်ရာ သိကောင်းစရာများနှင့် အထွေထွေကိစ္စရပ်များဆိုင်ရာ သိကောင်းစရာများ၊ အထွေထွေဗဟုသုတများကို အသေးစိတ် ရှင်းလင်းပို့ချသင်ကြားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါသင်တန်းတွင် သင်တန်းသား၊ သင်တန်းသူ ၁၁၀ ဦး တက်ရောက်သင်ကြားလျက်ရှိပြီး သင်တန်းကို ဇန်နဝါရီလ ၃၀ ရက်မှ ဖေဖော်ဝါရီလ ၆ ရက်အထိ ဖွင့်လှစ်သင်ကြားပို့ချပေးလျက်ရှိကြောင်း သိရသည်။ (၄၀၅)

# ဒိုက်ဦးမြို့နယ်၌ VDP စီမံကိန်းဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကွင်းဆင်းစစ်ဆေး

ဒိုက်ဦး ဇန်နဝါရီ ၃၀

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒိုက်ဦးမြို့နယ် သရက်တောကျေးရွာအုပ်စု ငှက်သိုက်ပေါက်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ဇန်နဝါရီလ ၃၀ ရက်တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ညောင်လေးပင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဆက်နိုင်ထွန်း၊ ဒိုက်ဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်မြင့်ထွန်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ငှက်သိုက်ပေါက်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရန်ပုံငွေများ၊ ကျေးရွာပြည်သူများ၏ ထည့်ဝင်ငွေများဖြင့် ကျေးရွာတွင်းလမ်း ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်းနှင့် ရေသန့်စင်စက်တပ်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ ခရိုင်ဦးစီးမှူးက ဆောင်ရွက်ပြီးဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် မှာကြားပြီး တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အဆိုပါ ငှက်သိုက်ပေါက်ကျေးရွာ၌ အရှည်ပေ ၇၆၀၊ အကျယ် ၃ ပေ၊ ထု ၆ လက်မရှိ ကျေးရွာတွင်းလမ်း ကွန်ကရစ်ဘီးလမ်းနှစ်လမ်းခင်းခြင်းနှင့် ရေသန့်စင်စက်တပ်ဆင်ခြင်းလုပ်ငန်းကို ယခုဘဏ္ဍာနှစ် VDP စီမံကိန်းရန်ပုံငွေ ငွေကျပ်သိန်း ၁၅၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေ ငွေကျပ်သိန်း ၄၀ စုစုပေါင်း ငွေကျပ်သိန်း ၁၉၀ အသုံးပြုကာ ခရိုင်/မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဝန်ထမ်းများက အနီးကပ်ကြီးကြပ်ကာ ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ စတုတ္ထပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ပိုးသခင်

# ကျွန်းလှမြို့နယ်၌ ယခုနှစ်နွေစပါးစိုက်ပျိုးရန် ပေါင်စနစ်ဖြင့်ပျိုးထောင်ထား



ကျွန်းလှ ဇန်နဝါရီ ၃၀

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ်၌ စပါးအပြင်သီးနှံမျိုးစုံကို ရာသီအလိုက် စိုက်ပျိုးလျက်ရှိရာ ယခုနှစ်နွေစပါးစိုက်ပျိုးရန် ပေါင်စနစ်ဖြင့် ပျိုးထောင်ထားကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

"ဒီနှစ် နွေစပါးစိုက်ပျိုးဖို့ ၁၆၆ ဧက အနက် ဘိုယားတမံရေသွယ်စနစ်နဲ့ ဧက ၄၀ ကျော် စိုက်ပျိုးမှာဖြစ်ပါတယ်။ ပေါင်စနစ်နဲ့ပျိုးထောင်ရာမှာ စပါးအထွက်နှုန်းနဲ့ အရည်အသွေးကောင်းမွန်စေဖို့ တစ်ဧကကို မျိုးကောင်းမျိုးသန့်မျိုးစေ့ ခြောက်ပြည်ကနေ ရှစ်ပြည်အသုံးပြုပြီး မျိုးညှောက်ဖောက်ရပါတယ်။ နို့ဆီဘူး တစ်ဘူးမှာ မျိုးစေ့ ၅၀၀၀ ကနေ ၇၀၀၀ အထိပါဝင်ပြီး အပင်ရေ ၂ ဒသမ ၄ သိန်းကနေ ၃ ဒသမ ၂ သိန်းရရှိတဲ့အတွက် လုံလောက်ပိုလျှံပါတယ်။ တစ်ဧက အရှည်ပေ ၁၂၀၊ အနံ ၃ ပေ၊ အမြင့် ၄ လက်မရှိ မျက်နှာပြင်ညီညာတဲ့ပျိုးပေါင်ခုနစ်ပေါင်ပြုလုပ်ပြီး ပျိုးထောင်ရပါတယ်။ မျိုးစေ့တွေ ပျက်စီးလေလွင့်မှုမရှိအောင် ဒေသတွင်းရရှိနိုင်တဲ့ ဖွဲပြာ၊ နွားချေးမှုန့်၊ လွှစာမှုန့်၊ မြေဆွေး၊ တမန်းမြေနဲ့ ပါးပါးဖုံးအုပ်ပြီး ရေမပြတ်လောင်းပေးရပါတယ်" ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်ရီကပြောသည်။

အဆိုပါ ပေါင်စနစ်ပျိုးထောင်စိုက်ပျိုးခြင်းဖြင့် မျိုးစေ့ဖိုး၊ လုပ်အားခကုန်ကျစရိတ်သက်သာပြီး မြေဆီလွှာခန်းခြောက်မှုမရှိကြောင်း၊ တောင်သူများ သိပ္ပံနည်းကျစိုက်နည်းစနစ်ကို လိုက်နာကျင့်သုံးခြင်းဖြင့် တစ်ဧကလျှင် တင်း ၁၀၀ အထက် ထွက်ရှိနိုင်ကြောင်း သိရသည်။

မျိုးဝင်းညို(ကျွန်းလှ)

# တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်) ရန်ကုန်တိုင်းဒေသကြီး၊ ကိုကိုးကျွန်းမြို့နယ်၊ ကိုကိုးကျွန်းမြို့နှင့် အနီးဝန်းကျင်မှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆက်လက်ဆောင်ရွက်









တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)တွင် လိုက်ပါလာသည့် ပါရဂူများ၊ဆေးမှူးများနှင့် သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့များက ရန်ကုန်တိုင်းဒေသကြီး၊ ကိုကိုးကျွန်းမြို့နယ်၊ ကိုကိုးကျွန်းမြို့နှင့် အနီးဝန်းကျင်မှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

နေပြည်တော် ဇန်နဝါရီ ၃၀

တနင်္သာရီကမ်းရိုးတန်းဒေသတစ်လျှောက်မှ ဒေသခံပြည်သူများ၊ ရန်ကုန်တိုင်းဒေသကြီး၊ ကိုကိုးကျွန်းမြို့နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး၊ ဟိုင်းကြီးကျွန်းမြို့နယ် အနီးပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးရန် ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့များလိုက်ပါလာသည့် တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်) သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး၊ကိုကိုးကျွန်းမြို့နယ်၊ကိုကိုးကျွန်းမြို့သို့ရောက်ရှိရာ နယ်မြေခံတပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများက သောင်းသောင်းဖြဖြကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါနယ်လှည့်ဆေးကုသရေးအဖွဲ့သည် ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ ကိုကိုးကျွန်းမြို့နယ်၊ ကိုကိုးကျွန်းမြို့၊ မြို့နယ်ပြည်သူ့ဆေးရုံ၌အခြေပြု၍ ကိုကိုးကျွန်းမြို့နှင့် အနီးပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၃၆၂ ဦးအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၈၅ ဦး၊ ခွဲစိတ်ရောဂါ ၂၃ ဦး၊ သားဖွား/မီးယပ်ရောဂါ ၂၆ ဦး၊ ကလေးရောဂါ ၁၉ ဦး၊ အရိုးရောဂါ ၄၀ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၁၂ ဦး၊ မျက်စိရောဂါ ၁၂၂ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၃၅ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများဆောင်ရွက်ပေးသည်။ ၎င်းတို့အနက် အထွေထွေခွဲစိတ်လူနာ ၁၂ ဦး၊ မျက်စိခွဲစိတ်လူနာ ၆ ဦး၊ ဓာတ်မှန်ရိုက်လူနာ ၁၂ ဦး၊ အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာ ၃၅ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၃၅ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၅၈ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းများဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့်လူနာ ၈ ဦးတို့ကို နီးစပ်ရာ တပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။







ထိုသို့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများအပေါ် ဒေသခံပြည်သူများ၏ စကားသံများကို ယခုလိုပဲကြားသိခဲ့ရပါတယ်-

"အမှတ်(၁)ရပ်ကွက်ကပါရှင့်။ ဒီမှာက လမ်းပန်းဆက်သွယ်ရေးက ခက်ခဲတဲ့အတွက်အခုလိုလာပြီးကုသပေးတဲ့အတွက် ကြောင့်မို့လို့ လာပြတာပါ။ အားလုံးအတွက် အဆင်ပြေကြပါတယ်။ သွားရလာရတာလည်းမရှိဘူးဆိုတော့ အကုန်အကျလည်းသက်သာသွားပါတယ်ရှင့်။ ကျွန်မက အမျိုးသမီးရောဂါနဲ့လာပြတာပါရှင့်။ ဒေသခံတစ်ယောက်အနေနဲ့ ပြောရမယ်ဆိုရင် အခုလိုလာကုသပေးတာဆိုရင် ကျွန်မတို့အနေနဲ့ ရန်ကုန်ကိုလည်း သွားစရာမလိုတော့ပါဘူး။ အဲဒီအတွက် ကုန်ကျစရိတ်တွေလည်း အများကြီးသက်သာသွားတယ်။ ဒီမှာလည်း အကုန်လုံးကိုစမ်းသပ်ကုသပေးတဲ့အတွက် အားလုံးအဆင်ပြေကြပါတယ်။ အခမဲ့လာကုသပေးတဲ့အတွက်လည်း ဒီကျွန်းသားတွေငွေကုန်ကြေးကျသက်သာတဲ့အတွက် အားလုံးအဆင်ပြေကြပါတယ်။ အခုလိုလာရောက်ကုသပေးတဲ့အတွက်လည်း ကျေးဇူးတင်ပါတယ်။ နောက်နှစ်တွေမှာလည်း လာရောက်ကုသပေးဖို့တောင်းဆိုပါတယ်"ဟုပြောသည်။

"ကျွန်မက ရပ်ကွက်(၂)ကလာပြတာပါ။ အမေ့ကိုအမျိုးသမီးရောဂါလာပြပေးတာ၊ အဖေ့ကိုမျက်စိလာပြပေးတာပါ။ အဖေဆိုလို့ရှိရင် မျက်စိက တိမ်ဖြစ်နေလား ဘာဖြစ်နေလဲစမ်းသပ်ဖို့က ခေတ်မီစက်ကိရိယာတွေလည်းမရှိဘူး။ ကျွန်းမှာ ဒီလိုလွယ်လွယ်ကူကူနဲ့စမ်းသပ်လို့မရတဲ့အတွက် အခုလိုသင်္ဘောကြီးလာတဲ့အခါမှာအလွယ်တကူနဲ့ ဘာရောဂါရှိတယ်ဆိုတာ သိသွားတယ်။ ကိုယ်လည်းကုသလို့တော်တော်လေး အဆင်ပြေသွားတယ်။ ကျွန်မတို့အနေနဲ့ ရန်ကုန်တစ်ခေါက်သွားဖို့ဆိုတာ လမ်းပန်းဆက်သွယ်ရေးလည်းအခက်အခဲဖြစ်တယ်။ နောက်ပြီး ငွေရေးကြေးရေးလည်းရှိတယ်။ ငွေကြေးအနေနဲ့ဆိုရင် အခုခေတ်ကာလနဲ့ဆိုရင် အများကြီးကုန်ကျမှာ အဲဒီအတွက်ကို အစစအရာရာအဆင်ပြေသွားတယ်။ ရန်ကုန်သွားမယ်ဆို နေစရာလည်းပူရမယ်။ စားစရာလည်းပူရမယ်။ ဆေးရုံစရိတ်လည်းပူရမယ်။ အခုလိုလာကုပေးတဲ့အတွက် အရမ်းကိုဝမ်းသာပါတယ်။ နိုင်ငံတော်အကြီးအကဲကိုလည်း ကျေးဇူးတင်ပါတယ်။ နိုင်ငံတော်အကြီးအကဲကလည်း ကျွန်မတို့ ကိုကိုးကျွန်းကို သတိတရနဲ့ အခုလိုလွှတ်ပေးပြီး စီစဉ်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ကျွန်မတို့ဆီကို တကူးတကနဲ့ လာကုသပေးတယ်။ နွေးနွေးထွေးထွေးနဲ့လာပြီး စမ်းသပ်ကုသပေးတဲ့အတွက် အားလုံးကိုကျေးဇူးတင်ပါတယ်။ တစ်နှစ်ကို တစ်ကြိမ်နှစ်ကြိမ်လာစေချင်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်"ဟု ပြောသည်။ (၁၀၀)

# နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥပဒေအသိပညာပေးဟောပြောပွဲကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂၀

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးတွင် တာဝန်ထမ်းဆောင်လျက်ရှိသော နိုင်ငံ့ဝန်ထမ်းများအတွက် ဥပဒေအသိပညာပေးဟောပြောပွဲကို ယနေ့မွန်းလွဲပိုင်းတွင် အဆိုပါရုံး၌ကျင်းပရာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။






အခမ်းအနားတွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌက နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံတော်စီမံခန့်ခွဲမှုယန္တရားများကို ချောမွေ့စွာလည်ပတ်နိုင်ရန် အထောက်အပံ့ပေးရသည့် ပုဂ္ဂိုလ်များဖြစ်သည့်အတွက် နိုင်ငံတော်၏ ပင်မဥပဒေအရင်းအမြစ်ဖြစ်သော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအပါအဝင်၊ ရွေးကောက်ပွဲဥပဒေ၊ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေ၊ နိုင်ငံတော်လျှို့ဝှက်ချက် အက်ဥပဒေ၊ ရာဇသတ်ကြီး အစရှိသည့် ဥပဒေများနှင့် စပ်လျဉ်း၍ အသိပညာဗဟုသုတရှိရန် လိုအပ်ကြောင်း၊ ထို့ပြင် နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံတော်မှ ပြဋ္ဌာန်းထားသည့် တည်ဆဲဥပဒေများ၊ ဥပဒေပြဋ္ဌာန်းချက်များကိုလည်း လေးစားလိုက်နာရန်ကျင့်သုံးရန်လည်းလိုအပ်ကြောင်း၊ ဥပဒေဆိုင်ရာ အခြေခံသဘောတရားများကို ကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည်ပြီး သက်ဆိုင်ရာလုပ်ငန်းနယ်ပယ်အသီးသီး၌ ပေးအပ်သည့် တာဝန်များကို ဥပဒေနှင့်အညီ စနစ်တကျ တာဝန်ကျေပွန်စွာ ထမ်းဆောင်နိုင်သော နိုင်ငံ့ဝန်ထမ်းများဖြစ်စေရန်အတွက် ဥပဒေအသိပညာပေးဟောပြောပွဲကို ကျင်းပရခြင်းဖြစ်ကြောင်းပြောကြားသည်။

ထို့နောက် ဥပဒေပညာရှင်တစ်ဦးက ဖွဲ့စည်းပုံအခြေခံဥပဒေအကြောင်း ဟောပြောဆွေးနွေးပြီး တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံးအနေဖြင့် အရာထမ်း၊ အမှုထမ်းများအတွက် ဥပဒေအသိပညာပေးဟောပြောပွဲကို တစ်လလျှင်နှစ်ကြိမ် လစဉ်ဆောင်ရွက်လျက်ရှိပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ရွေးကောက်ပွဲဥပဒေအပါအဝင် နိုင်ငံ့ဝန်ထမ်းများ သိသင့်သိထိုက်သည့် ပြည်တွင်းပြဋ္ဌာန်းဥပဒေ ၂၂ ခုကို ဥပဒေဘွဲ့ရအရာထမ်းများက ဟောပြောဆွေးနွေးသွားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ





နေပြည်တော် ဇန်နဝါရီ ၂၀

ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် တပေါင်းကွင်းရှိ ယာယီကွပ်ကဲရေးရုံး၌ ကျင်းပသည်။

အစည်းအဝေးသို့ ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌဦးသန်းထွန်းဦး၊ ဖွဲ့စည်းထားရှိသည့်ဆပ်ကော်မတီဥက္ကဋ္ဌများ၊ ပြခန်းများပြင်ဆင်လျက်ရှိသည့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးများ၊ ဆပ်ကော်မတီအဖွဲ့ဝင်များနှင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ပြည်ထောင်စုအဆင့်ပြုလုပ်သည့် ပြပွဲနှင့်ပြိုင်ပွဲ ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲကျင်းပရခြင်း ရည်ရွယ်ချက်များနှင့် ဆုများချီးမြှင့်မည့်ဖြစ်သည့်အတွက် ပြည်ထောင်စုအဆင့်နှင့် လျော်ညီစွာ စည်ကားသိုက်မြိုက်စွာဖြင့် အောင်အောင်မြင်မြင်ကျင်းပနိုင်ရေးအတွက် ကော်မတီအလိုက် ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲများပြုလုပ်ခြင်းဖြင့် ပြည်သူလူထုသည် MSME များကို ပိုမိုစိတ်ပါဝင်စားလာပြီး တစ်နိုင်တစ်ပိုင်ဆောင်ရွက်လာခြင်းဖြင့် နိုင်ငံ၏ကုန်ထုတ်လုပ်မှုတိုးတက်၍ ပြည်ပမှ ကုန်ပစ္စည်းတင်သွင်းရမှုလျော့နည်းလာမည်ဖြစ်သည့်အပြင် အလုပ်အကိုင်အခွင့်အလမ်းများတိုးတက်ရရှိပြီး လူမှုစီးပွားဘဝများလည်း မြင့်မားတိုးတက်လာမည်ဖြစ်ကြောင်း၊ MSME များနှင့် ပတ်သက်၍ စာတွေ့နှင့်လက်တွေ့ကျွမ်းကျင်ပိုင်နိုင်သည့် ပညာရှင်များက MSME ၏ သဘောသဘာဝများကို လုပ်ငန်းရှင်များသိရှိအောင် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌက ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲကျင်းပရခြင်း ရည်ရွယ်ချက်များနှင့် ဆုများချီးမြှင့်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဆောင်ရွက်ပြီးစီးမှု၊ ဆပ်ကော်မတီဥက္ကဋ္ဌများက ဆပ်ကော်မတီအလိုက်ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များအပေါ် ဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်ရန်စီမံထားရှိမှု၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးများက တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် MSME ထုတ်ကုန်များခင်းကျင်းပြသရန် စီမံဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တက်ရောက်လာသူများက ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ဝိုင်းဝန်းအကြံပြုဆွေးနွေးကြပြီး အတည်ပြုဆုံးဖြတ်ခြင်းတို့ဆောင်ရွက်ကာ ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများအား ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန
https://www.mod.gov.mm

၂။ ဥပဒေရေးရာဝန်ကြီးဌာန
https://www.mlis.gov.mm

၃။ ပြန်ကြားရေးဝန်ကြီးဌာန
https://www.moi.gov.mm

၄။ Myawady Webportal
https://myawady.net.mm

၅။ Myanmar National Portal
https://myanmar.gov.mm

❍ ရှေ့ဖုံးမှအဆက်

လျာထားစိုက်ဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်အတွင်း စားတော်ပဲသီးနှံစိုက်ဧက ၃၁၈၅ ဧက လျာထားစိုက်ပျိုးဆောင်ရွက်ခဲ့ရာ ဒီနေ့ထိ ၃၃၁၂ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ စိုက်ပျိုးရေးအဆင်ပြေတဲ့အတွက် စိုက်ပျိုးထားတဲ့ စားတော်ပဲစိုက်ခင်းတွေ အောင်မြင်ဖြစ်ထွန်းမှုရှိပါတယ်။ လက်ရှိမှာ စားတော်ပဲစိုက်ခင်းတွေ အထွက်နှုန်းတိုးတက်စေရေး အပင်အားဆေးနဲ့ မြေဩဇာစနစ်တကျ သုံးစွဲတတ်အောင်၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေရေး ကြိုတင်ကာကွယ်နှိမ်နင်းရေး လုပ်ငန်းတွေ ထိထိရောက်ရောက် ဆောင်ရွက်နိုင်အောင် လိုအပ်တဲ့ တောင်သူအသိပညာပေးတာတွေကို ကွင်းဆင်းဆောင်ရွက်ပေးပါတယ်။ စားတော်ပဲသီးနှံက ပြည်တွင်းစားသုံးမှုများတဲ့သီးနှံဖြစ်ပြီး ဈေးကွက်ရှိတဲ့အတွက် တောင်သူတွေက နှစ်စဉ်အားထားစိုက်ပျိုးကြပါတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် စိုက်ပျိုးရေးဦးစီးဌာနက စားတော်ပဲသီးနှံအပါအဝင် ပဲမျိုးစုံသီးနှံစိုက်ပျိုးတောင်သူများကို အထွက်နှုန်းတိုးတက်ကောင်းမွန်စေရန် ဒေသနှင့်ကိုက်ညီသော မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးရေစနစ်တကျသုံးစွဲရေး၊ ပိုးမွှားရောဂါမကျရောက်စေရန်ကြိုတင်ကာကွယ်နှိမ်နင်းရေး၊ စိုက်ပျိုးရေးသွင်းအားစုများ မှန်ကန်စွာသုံးစွဲတတ်စေရေး စသည့် စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများကို သက်ဆိုင်ရာ ဆက်စပ်ဌာနများနှင့် ပူးပေါင်းကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ပွင့်ဖြူမြို့နယ်တွင် စားတော်ပဲသီးနှံအား အရည်အသွေးနှင့် အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပြည်ပပို့ကုန်အဖြစ်ပါ တင်ပို့နိုင်မည်ဖြစ်ရာ တောင်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်၍ ဒေသမရွေး စားတော်ပဲသီးနှံအား ယခုထက် ပိုမိုကြိုးပမ်းစိုက်ပျိုးကြရမည်ဖြစ်ကြောင်း သိရသည်။ လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအားနှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ရုပ်ကြွင်းလောင်စာများကိုလျှော့ချနိုင်မည့် လျှပ်စစ်ကား

ကိုဘုန်း(ထုတ်လုပ်)

ကမ္ဘာ့ကားဈေးကွက်တွင် ဘက်ထရီလျှပ်စစ်သုံးကားများကို ပိုမိုတောင်းဆိုလာရာ ကားထုတ်လုပ်သည့်နိုင်ငံများက EV ဟု အတိုကောက်ခေါ်သည့် လျှပ်စစ်ကားများ၏ စွမ်းဆောင်ရည်များကို မြှင့်တင်ပြီး အပြိုင်အဆိုင်ထုတ်လုပ်လာသောကြောင့် EV ကားဈေးကွက်မှာ တစ်ကမ္ဘာလုံးတွင် ကျယ်ပြန့်လာလျက်ရှိသည်။

လျှပ်စစ်ကားများကို အသစ်အဆန်းတစ်ခုဟု လူအများကထင်ကြသော်လည်း အမှန်တကယ်တွင် ၎င်းတို့သည် ရာစုနှစ်တစ်ခုကျော်ရှိနေပြီဖြစ်သည်။ ၁၈၀၀ ပြည့်နှစ်ကာလ အစောပိုင်းတွင် အခြေခံ လျှပ်စစ်ကားမော်ဒယ်များသည် ယနေ့ခေတ်ပေါ်နည်းပညာများအထိ တိုးတက်ပြောင်းလဲလာခြင်းဖြစ်သည်။ လျှပ်စစ်ကားများ၏ သမိုင်းကြောင်းကို ပြန်ကောက်ရသော် ၁၈၂၈ ခုနှစ်တွင် ဟန်ဂေရီအင်ဂျင်နီယာ အန်ယော့ဂျက်လစ်က အခြေခံမော်တာဖြင့်မောင်းနှင်သည့် ယာဉ်ငယ်ပုံစံကိုလည်းကောင်း၊ ၁၈၃၀ ပြည့်နှစ်တွင် စကော့တလန်တီထွင်သူ ရော့ဘက်အန်ဒါဆင်က အားပြန်မသွင်းနိုင်သော ဘက်ထရီများဖြင့်မောင်းနှင်သည့် ပထမဆုံး လျှပ်စစ်ရထားကိုလည်းကောင်း၊ အမေရိကန်လူမျိုး သောမတ်ဓာဗန်ပေါ့က ဘက်ထရီစွမ်းအင်သုံး စက်ခေါင်းငယ်တစ်ခုကိုလည်းကောင်း ဖန်တီးတီထွင်ခဲ့ကြသည်။

ယင်းနောက် ၁၈၃၄ ခုနှစ်တွင် အမေရိကန်ဓာတုဗေဒပညာရှင် မော်ရစ်ဟာမန်းဗွန်ဂျာကိုဘီက အားပြန်သွင်းနိုင်သော ဘက်ထရီအသုံးပြု လျှပ်စစ်လှေငယ်တစ်စင်းကိုလည်းကောင်း၊ ၁၈၅၉ ခုနှစ်တွင် ပြင်သစ်တီထွင်သူ ဂတ်စတန်ပလန်တဲက လျှပ်စစ်ကားများအတွက် ယုံကြည်စိတ်ချရသော စွမ်းအင်အရင်းအမြစ်ကိုပံ့ပိုးပေးသည့် ပထမဆုံးသော ခဲအက်စစ်ဘက်ထရီကိုလည်းကောင်း၊ ပြင်သစ်တီထွင်သူ ဂူစတတ်ထရက ၁၈၈၁ ခုနှစ်တွင် သုံးဘီးတပ်လျှပ်စစ်ကား၊ ၁၈၈၈ ခုနှစ်တွင် လေးဘီးတပ် လျှပ်စစ်ကားတို့ကိုလည်းကောင်း ဖန်တီးတီထွင်ခဲ့ပြီး ဂျာမန်အင်ဂျင်နီယာ အန်ဒရီဖလော့ကန်က ပထမဆုံးလျှပ်စစ်ကားကို ၁၈၈၈ ခုနှစ်မှာပင် လူသိရှင်ကြားစမ်းသပ်ခဲ့သည်။

၁၈၈၉ ခုနှစ်တွင် အမေရိကန်လူမျိုး ဝီလီယံမောရစ်ဆင်က အားပြန်သွင်းနိုင်သော ဘက်ထရီအသုံးပြုကာ အမြင့်ဆုံးအမြန်နှုန်း တစ်နာရီလျှင် ၆ မိုင်မှ ၈ မိုင်နှုန်းဖြင့် မိုင် ၂၀ ကျော်မောင်းနှင်နိုင်သည့် လျှပ်စစ်ကားတစ်စင်းကို တည်ဆောက်ခဲ့ပြီး လူစိတ်ဝင်စားမှုများစွာရရှိခဲ့သည်။ ၂၀ ရာစုအစောပိုင်းကာလတွင် ဘိတ်ကာလျှပ်စစ်၊ ကိုလန်ဘီယာနှင့် ဒက်ထရွိုက်လျှပ်စစ်ကဲ့သို့သော ကုမ္ပဏီများက ထွန်းသစ်စဈေးကွက်တွင် လျှပ်စစ်ကားလုပ်ငန်း လျင်မြန်စွာဖွံ့ဖြိုးတိုးတက်စေရန် တွန်းအားပေးဆောင်ရွက်ခဲ့ကြသည်။

သို့သော် ၁၉၂၀ ပြည့်နှစ်များတွင် လောင်စာစွမ်းအင်သုံးကားများတီထွင်လာခြင်း၊ ကြီးမားသော



ရေနံသိုက်များနှင့် ပိုမိုကောင်းမွန်သော ဓာတ်ငွေ့သိုက်များကို ရှာဖွေတွေ့ရှိခြင်း၊ နေရာတိုင်းတွင် ဓာတ်ဆီဆိုင်များပေါ်လာပြီး ဆီအမြန်ဖြည့်နိုင်ခြင်းတို့ကြောင့် လျှပ်စစ်ကားများ၏အခန်းကဏ္ဍသည် မှေးမှိန်ခဲ့ရသည်။

ရေနံအကျပ်အတည်းကာလဖြစ်သော ၁၉၇၀ ပြည့်နှစ်ဝန်းကျင်တွင် အစားထိုးလောင်စာသုံးကားများကို တစ်ဖန်စိတ်ဝင်စားလာကြသည်။ လောင်စာဆီပြတ်လပ်မှု၊ ဈေးနှုန်းကြီးမြင့်မှုနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အကျိုးသက်ရောက်မှုများအပေါ် စိုးရိမ်မှုများကြောင့် အစိုးရများနှင့် ကားထုတ်လုပ်သူများက ရုပ်ကြွင်းလောင်စာအပေါ် မှီခိုအားထားမှုကိုလျှော့ချရန် နည်းလမ်းအဖြစ် လျှပ်စစ်ကားများကို ပြန်လည်အသုံးပြုရန်စဉ်းစားဆောင်ရွက်လာသည်။ ထို့နောက် သုတေသီများသည် ရှေ့ပြေးပုံစံအသစ်များနှင့် စမ်းသပ်မော်တော်ကားပုံစံများကို တီထွင်ထုတ်လုပ်ခြင်း၊ ဘက်ထရီနည်းပညာ၊ အားသွင်းစခန်းများနှင့် တစ်ကြိမ်အားသွင်းရုံဖြင့် ခရီးဝေးသွားနိုင်စေပြီး စိန်ခေါ်မှုများကို ဖြေရှင်းခြင်းတို့ဖြင့် လျှပ်စစ်ကားများကို တစ်ဖန်ပြန်လည်ဆန်းသစ်တီထွင်မှုများကို လုပ်ဆောင်ခဲ့ကြသည်။

နည်းပညာများ အရှိန်အဟုန်ဖြင့်တိုးတက်လာသည်နှင့်အမျှ ၂၁ ရာစု၏ လျှပ်စစ်ကားလုပ်ငန်းတွင် ဘက်ထရီနည်းပညာ၊ ကားဒီဇိုင်းများနှင့် ပိုမိုကောင်းမွန်သော စွမ်းဆောင်ရည်များ ပေါ်ပေါက်လာသည်။ အထူးသဖြင့် လီသီယမ်-အိုင်းယွန်းဘက်ထရီများဖြင့် ဘက်ထရီနည်းပညာသည် အထင်ကြီးလောက်သောတိုးတက်မှုများရရှိခဲ့သည်။ ၎င်းဘက်ထရီများသည် စွမ်းအင်ပမာဏကို ပိုမိုသိမ်းဆည်းနိုင်ပြီး မြန်ဆန်စွာအားသွင်းနိုင်သည်။ ထိုသို့ လီသီယမ်-အိုင်းယွန်း ဘက်ထရီများ၏အောင်မြင်မှုနှင့်အတူ နောက်ပိုင်းထွက်ပေါ်လာသော ဘက်ထရီနည်းပညာအသစ်များကြောင့် ကျယ်ပြန့်သော လျှပ်စစ်ကားဈေးကွက်ကို ဖြစ်ပေါ်လာစေသည်။

> ❒ နည်းပညာများ အရှိန်အဟုန်ဖြင့်တိုးတက်လာသည်နှင့်အမျှ ၂၁ ရာစု၏ လျှပ်စစ်ကားလုပ်ငန်းတွင် ဘက်ထရီနည်းပညာ၊ ကားဒီဇိုင်းများနှင့် ပိုမိုကောင်းမွန်သော စွမ်းဆောင်ရည်များပေါ်ပေါက်လာ . . .
>
> ❒ လျှပ်စစ်ကားများကိုအသုံးပြုခြင်းဖြင့် ရရှိနိုင်သော အကျိုးကျေးဇူးများစွာရှိ . . .

လျှပ်စစ်ကားများကိုအသုံးပြုခြင်းဖြင့် ရရှိနိုင်သော အကျိုးကျေးဇူးများစွာရှိသည်။ ထိုအကျိုးကျေးဇူးအနက် အဓိကကျသော အကျိုးကျေးဇူးများကိုဖော်ပြလိုပါသည်။

**၁။ ပတ်ဝန်းကျင်အပေါ်သက်ရောက်မှုနည်းပါးခြင်း**

လျှပ်စစ်ကားများသည် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့များနှင့်အတူ ဖန်လုံအိမ်ဓာတ်ငွေ့များ ထုတ်လွှင့်မှုမရှိသည့်အတွက် ပတ်ဝန်းကျင်အပေါ် ဆိုးကျိုးများသက်ရောက်မှု အလွန်နည်းပါးစေပါသည်။ ထို့ကြောင့် လေထုညစ်ညမ်းမှုကိုလျော့နည်းစေပြီး ပတ်ဝန်းကျင်ထိခိုက်မှုကို ကာကွယ်နိုင်သည်။

**၂။ ပြန်လည်ပြည့်ဖြိုးမြဲဖြစ်သော လျှပ်စစ်စွမ်းအင်ကိုအသုံးပြုခြင်း**

လျှပ်စစ်ကားများသည် လျှပ်စစ်ဓာတ်အားကိုသာ အဓိကသုံးစွဲခြင်းဖြစ်သည်။ အဆိုပါလျှပ်စစ်ဓာတ်အားများကို ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အရင်းအမြစ်များဖြစ်သော ရေအား၊ လေအား၊ နေရောင်ခြည်စွမ်းအင်များမှတစ်ဆင့် ရယူနိုင်သည်။

**၃။ ရေရှည်ကုန်ကျစရိတ်နည်းပါးခြင်း**

လျှပ်စစ်ကားများတွင် ရုပ်ကြွင်းလောင်စာစွမ်းအင်သုံးကားများကဲ့သို့ လည်ပတ်နေသည့် အင်ဂျင်အစိတ်အပိုင်းများမပါဝင်ခြင်း၊ ဈေးနှုန်းသက်သာစွာရရှိနိုင်သော လျှပ်စစ်စွမ်းအင်ကိုသာ အသုံးပြုခြင်းတို့ကြောင့် ရုပ်ကြွင်းလောင်စာစွမ်းအင်သုံးကားများနှင့်နှိုင်းယှဉ်ပါက ရေရှည်ကုန်ကျစရိတ်အလွန်နည်းပါးသည်။

**၄။ အသံဆူညံမှုနည်းပါးခြင်း**

လျှပ်စစ်ကားများသည် ရုပ်ကြွင်းလောင်စာစွမ်းအင်သုံးကားများကဲ့သို့ အင်ဂျင်အစိတ်အပိုင်းများမပါဝင်သည့်အတွက် အသံဆူညံမှုနည်းပါးသည်။

**၅။ နည်းပညာ အကျိုးကျေးဇူးများရရှိနိုင်ခြင်း**

ယနေ့ခေတ် လျှပ်စစ်ကားများတွင် အလိုအလျောက်မောင်းစနစ်၊ မောင်းသူမဲ့စနစ်၊ အစရှိသည့်အဆင့်မြင့်နည်းပညာများပါဝင်လာသောကြောင့် အသုံးပြုသူများအနေဖြင့် နည်းပညာဖွံ့ဖြိုးတိုးတက်မှု၏ အကျိုးကျေးဇူးများစွာကိုရရှိနိုင်သည်။

ကမ္ဘာတစ်ဝန်းရှိ အစိုးရများသည် ပြည်သူများအနေဖြင့် ရုပ်ကြွင်းလောင်စာသုံးကားများမှ လျှပ်စစ်ကားများကို ပြောင်းလဲအသုံးပြုရန် အားပေးလျက်ရှိသည်။ ထိုသို့အားပေးမှုတွင် အခွန်များလျှော့ပေးခြင်း၊ လျှော့ဈေးများဖြင့် ရောင်းချစေခြင်း အစရှိသည့် မက်လုံးပေးဆွဲဆောင်မှုများလည်းပါဝင်သည်။ ထို့ပြင် အားသွင်းရုံမျှကဲ့သို့ အခြေခံအဆောက်အဦများအတွက် ရင်းနှီးမြှုပ်နှံမှုများကိုလည်း လုပ်ဆောင်ပေးလျက်ရှိသည်။

အနာဂတ်တွင် ဖြစ်ပေါ်လာနိုင်သည့် ပိုမိုတိုးတက်သော ဘက်ထရီနည်းပညာ၊ မောင်းနှင်မှုနည်းပညာများ ပါဝင်လာမည့် လျှပ်စစ်ကားများကြောင့် မော်တော်ကားဈေးကွက်နှင့် လုပ်ငန်းကို အပြောင်းလဲကြီး ပြောင်းလဲစေနိုင်သည်။ အပြည်ပြည်ဆိုင်ရာ စွမ်းအင်အေဂျင်စီ၏အဆိုအရ ၂၀၅၀ ပြည့်နှစ်တွင် ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု သုညသို့ရောက်ရှိရန်သယ်ယူပို့ဆောင်ရေးကဏ္ဍမှ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ထုတ်လွှတ်မှုကို များစွာလျှော့ချရန် လိုအပ်သည်ဟုသိရသည်။ ယနေ့ကမ္ဘာ့လူသားများသည် သဘာဝပတ်ဝန်းကျင်ဆိုင်ရာပြဿနာများကို ပိုမိုသိရှိလာပြီး ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုကင်းစင်သော သယ်ယူပို့ဆောင်ရေးလုပ်ငန်းကို တွန်းအားပေးလာသည်နှင့်အမျှလျှပ်စစ်ကားများမှာ စံနှုန်းတစ်ခုဖြစ်လာမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် နိုင်ငံတော်အစိုးရက “Public Transportation အတွက် ခရီးတိုမြို့တွင်းပြေးဆွဲသည့် လျှပ်စစ်ယာဉ်များ၊ လျှပ်စစ်ဘတ်စကားများ တင်သွင်းထုတ်လုပ်အသုံးပြုနိုင်ရေး ပြည်တွင်း/ပြည်ပ ရင်းနှီးမြှုပ်နှံမှုများဖိတ်ခေါ်၍ ဆောင်ရွက်ရန်” လမ်းညွှန်ချက်ဖြင့် အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့်ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီကို ဖွဲ့စည်းအကောင်အထည်ဖော်ပြီး ရှေ့ပြေးစီမံကိန်းကာလသတ်မှတ်ကာ လျှပ်စစ်စွမ်းအင်သုံးယာဉ်များ တင်သွင်း/ထုတ်လုပ်ရေး၊ အများသုံးအားသွင်းရုံများ တည်ဆောက်ရေးတို့အပါအဝင် လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် အများသုံးသယ်ယူပို့ဆောင်ရေးကဏ္ဍတွင် အငှားယာဉ်များနှင့် ဘတ်စကားများကို လျှပ်စစ်စွမ်းအင်သုံးယာဉ်များသုံးစွဲခြင်းမှအစပြုကာ ရေရှည်တွင် ပြည်တွင်း၌ တပ်ဆင်ထုတ်လုပ်မှုများ ပြုလုပ်နိုင်ရန် အမျိုးသားအဆင့် ကြိုးပမ်းဆောင်ရွက် အကောင်အထည်ဖော်နေခြင်းသည် နိုင်ငံတော်နှင့် ပြည်သူအတွက် အကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။ ။

# "နိုင်ငံတော်က MSME ပြပွဲ၊ ပြိုင်ပွဲတွေ ပြုလုပ်ပေးခြင်းအားဖြင့် MSME စီးပွားရေးလုပ်ငန်းရှင်တွေအတွက် နိုင်ငံတကာစီးပွားရေး Platform တစ်ခုဖြစ်လာစေမယ့် အကျိုးကျေးဇူးတွေကို ရရှိစေမှာဖြစ်ပါတယ်"

**(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲကို နေပြည်တော် ဥပ္ပါတသန္တိစေတီတော်အနီးရှိ တပေါင်းကွင်း၌ ဖေဖော်ဝါရီလ ၁၀ ရက်မှ ၁၄ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။ အဆိုပါပြပွဲ၊ ပြိုင်ပွဲတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ MSME ထုတ်ကုန်များ၊ ဒေသထွက်ကုန်ပစ္စည်းများ၊ လယ်ယာလုပ်ငန်းနှင့်စက်မှုလုပ်ငန်းထုတ်ကုန်များ၊ ရိုးရာအစားအစာများ ခင်းကျင်းပြသရောင်းချသွားမည်ဖြစ်သည့်အပြင် ဂီတဖျော်ဖြေပွဲများလည်းပါဝင်မည်ဖြစ်ရာ ပြပွဲများခင်းကျင်းပြသနိုင်ရေး စီစဉ်ဆောင်ရွက်မှုအခြေအနေနှင့်စပ်လျဉ်း၍ ပြခန်းနေရာချထားရေးနှင့် ခင်းကျင်းပြသရေးဆပ်ကော်မတီအတွင်းရေးမှူး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထွန်းထွန်းထွေးနှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို စုစည်းဖော်ပြလိုက်ရပါသည် –**

**မေး။ ။ပြည်ထောင်စုနေ့အထိမ်းအမှတ်အဖြစ် MSME လုပ်ငန်းတွေ ပြသနိုင်ဖို့ ပြခန်းတွေ ဘယ်လိုစီစဉ်ဆောင်ရွက်သွားမလဲဆိုတာသိပါရစေ။**

**ဖြေ။** ။ ပြခန်းနေရာချထားရေးနှင့် ခင်းကျင်းပြသရေးဆပ်ကော်မတီအနေနဲ့ ပြခန်းတွေခင်းကျင်းပြသနိုင်ရေးနဲ့စပ်လျဉ်းပြီး တည်ဆောက်ပြီးတဲ့ပြခန်း(အကြမ်းထည်)တွေကို သက်ဆိုင်ရာဝန်ကြီးဌာနတွေ၊ တိုင်းဒေသကြီး/ ပြည်နယ်တွေ၊ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များအသင်းက တာဝန်ခံတွေနဲ့ချိတ်ဆက်ပြီး နေရာချထားပေးတာ၊ ပြခန်းမှာလိုအပ်တဲ့ စားပွဲ၊ ကုလားထိုင်၊ ငှားရမ်းရေး၊ နေရာချထားရေးနဲ့ ထုတ်ကုန်ပစ္စည်းတွေ ခင်းကျင်းပြသနိုင်ရေး ကူညီဆောင်ရွက်ပေးတာ၊ ခင်းကျင်းပြသမယ့်ထုတ်ကုန်တွေ စာရင်းပြုစုတင်ပြတာတွေကို ဆောင်ရွက်ပါတယ်။ ပြခန်းတွေရဲ့ နဖူးစည်း ဆိုင်းဘုတ်တွေ တစ်ပြေးညီဖြစ်စေရေးအတွက် စီစဉ်ဆောင်ရွက်ပေးတာ၊ ပြခန်းတွေရဲ့ လိုအပ်ချက်တွေကို အခြားဆပ်ကော်မတီတွေနဲ့ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးတာနဲ့ လုပ်ငန်းကော်မတီနဲ့ ဦးစီးကော်မတီကို တင်ပြလမ်းညွှန်ချက် ခံယူတာတွေဆောင်ရွက်ပါတယ်။

ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲပြိုင်ပွဲမှာ ပြခန်း ၉၅ ခန်း ပါဝင်မှာဖြစ်ပြီး စက်မှုဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့ ပါဝင်ပါတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ် MSME ပြခန်း ၁၆ ခန်း၊ B to B ပြခန်း၊ ဘဏ်များအသင်း၊ Digital Conner နဲ့ ပုဂ္ဂလိကအသင်းအဖွဲ့ ပြခန်းရှစ်ခန်း၊ ပြန်ကြားရေးရုံးခန်းနဲ့ မြန်မာနိုင်ငံလူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များ



အသင်း (MYEA)၊ မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း (MWEA)၊ မြန်မာစီးပွားရေးလုပ်ငန်းရှင်အမျိုးသမီးများကွန်ရက် (MYANWEN)၊ မြန်မာနိုင်ငံ ဆီစက်ပိုင်ရှင်များအသင်း၊ မြန်မာပြည်သားစားသောက်ကုန်လုပ်ငန်း၊ အမှတ် (၃) အကြီးစားစက်မှုလုပ်ငန်း၊ မြန်မာနိုင်ငံဆီလုပ်ငန်းရှင်များအသင်း၊ Packaging၊ ဝါးလားခေါက်ဆွဲ၊ ရန်ကုန်တာယာစသဖြင့် ပါဝင်မှာဖြစ်ပါတယ်။

အသေးစားစက်မှုလက်မှုပြခန်း ၁၁ ခန်း၊ သမဝါယမပြခန်း ၁၀ ခန်းနဲ့ ရိုးရာစားသောက်ဆိုင်ခန်း၊ ပြင်ပစားသောက်ဆိုင်ခန်း ၂၁ ခန်း၊ ပြည်တွင်းပြည်ပကုမ္ပဏီများ စက်ပစ္စည်းပြခန်း၊ မာလာမြိုင်၊ Good Brother၊ မြန်မာ့သြဘာ၊ Myanmar New Power Motor Cycle Co., Ltd. တို့ ပါဝင်မှာဖြစ်ပါတယ်။

**မေး။ ။ MSME ပြပွဲမှာ ပါဝင်ပြသမယ့် ပြခန်းတွေက ဒေသအလိုက် စိုက်ပျိုးရေး၊ မွေးမြူရေးထုတ်ကုန်တွေကို ပါဝင်ပြသမယ်လို့ သိရှိရပါတယ်။ ဘယ်လိုထုတ်ကုန်မျိုးတွေ ပါဝင်ပြသသွားမယ်ဆိုတာ သိရှိလိုပါတယ်။**

**ဖြေ။** ။ MSME ပြပွဲမှာ တိုင်းဒေသကြီး/ ပြည်နယ်အလိုက် စိုက်ပျိုးရေး၊ မွေးမြူရေးထုတ်ကုန်တွေအနေနဲ့ ပြည်တွင်းမှာထုတ်လုပ်ဖြန့်ဖြူးနေတဲ့ ထုတ်ကုန်တွေအပြင် ပြည်ပကိုထုတ်လုပ်ပြီး တင်ပို့နေတဲ့ထုတ်ကုန်တွေ ပါဝင်ပါတယ်။ အခု ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနဲ့ ပြိုင်ပွဲမှာ အဓိကအားဖြင့် အမျိုးအစားခြောက်မျိုးနဲ့ ပြသသွားမှာဖြစ်ပါတယ်။ အဲဒါတွေကတော့ ပြည်တွင်းကုန်ကြမ်းသုံးထုတ်ကုန်ပစ္စည်းတွေ၊ သွင်းကုန်အစားထိုး တန်ဖိုးမြှင့်ထုတ်ကုန်ပစ္စည်းတွေ၊ စိုက်ပျိုး၊ မွေးမြူရေးအခြေခံထုတ်ကုန်တွေ၊ ပြည်ပပို့ကုန်ပစ္စည်းတွေ၊ One Region One Product (OROP) ထုတ်ကုန်တွေ၊ ဒေသရိုးရာအစားအစာအရောင်းဆိုင်တွေ ပါဝင်ပြသရောင်းချမှာဖြစ်ပါတယ်။

**မေး။ ။ဝန်ကြီးဌာနကိုယ်စားပြုပြခန်းတွေမှာ ဘယ်လိုစီစဉ်ပြသသွားမယ်ဆိုတာ ပြောကြားပေးစေလိုပါတယ်။**

**ဖြေ။** ။ ဝန်ကြီးဌာနပြခန်းတွေမှာ MSME လုပ်ငန်းရှင်တွေအနေနဲ့ ချိတ်ဆက်ရမယ့် လုပ်ငန်းတွေမှာ စက်မှုဝန်ကြီးဌာနက ဘာတွေလုပ်ပေးနေသလဲ၊ ဘာတွေလုပ်ပေးနိုင်သလဲ Website မှာ တင်ထားပေမယ့် မကြည့်မိတဲ့သူလည်းရှိနိုင်တဲ့အတွက် ဝန်ကြီးဌာနပြခန်းမှာ ပြသထားခြင်းဖြင့် ပြပွဲရောက်တုန်းရောက်ခိုက်မှာ သိရှိသွားနိုင်မှာဖြစ်ပါတယ်။

စက်မှုဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စတဲ့ ဝန်ကြီးဌာနတွေ၊ MSME ထုတ်ကုန်ပစ္စည်းနဲ့ ဆက်စပ်ဆောင်ရွက်လျက်ရှိတဲ့ ဝန်ကြီးဌာနတွေက လုပ်ငန်းရှင်တွေ လိုအပ်တဲ့ သတင်းအချက်အလက်တွေ၊ နည်းပညာတွေ ရှင်းလင်းပြသပေးသွားမှာဖြစ်ပြီး သိရှိလိုတာတွေကို တစ်ခါတည်းအဖြေရသွားအောင် ဆောင်ရွက်ပေးသွားကြမှာဖြစ်ပါတယ်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေနဲ့ ကုန်ပစ္စည်းတင်ပို့တဲ့နိုင်ငံတွေရဲ့ လိုလားချက်ကို သိရှိနိုင်ဖို့အတွက် ကုန်ပစ္စည်းတွေ တရုတ်ကိုပို့ရင် GACC ရအောင် ဘယ်လိုဆောင်ရွက်ရမယ်ဆိုတာကို ပြပွဲမှာ Message ပေးမှာဖြစ်ပါတယ်။

ပြခန်းတွေမှာ အမယ်သစ်ထုတ်ကုန်တွေဖြစ်တဲ့ ဝါး/ ဝါ/ ရော်ဘာ၊ ကော်ဖီ၊ သစ်သီးထုတ်ကုန်တွေနဲ့ ပတ်သက်တဲ့ထုတ်ကုန်တွေကိုလည်း ထည့်သွင်းပြသသွားမှာဖြစ်ပါတယ်။

**မေး။ ။ ဒီလို MSME ပြပွဲ၊ ပြိုင်ပွဲတွေက စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းရှင်တွေနဲ့ MSME တွေကို ဘယ်လိုအကျိုးပြုတယ်၊ အထောက်အကူပြုတယ်ဆိုတာသိပါရစေ။**

**ဖြေ။** ။ အခုလို MSME ပြပွဲ၊ ပြိုင်ပွဲတွေ ကျင်းပပေးခြင်းအားဖြင့် လာရောက်ကြည့်ရှုသူတွေအနေနဲ့ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် ဒေသအသီးသီးက MSME ထုတ်ကုန်တွေ ဘာတွေထုတ်နေသလဲ၊ ဘယ်လောက်အထိ အရည်အသွေးပြည့်ဝသလဲဆိုတာကို မျက်မြင်သိရှိနိုင်မှာဖြစ်သလို ထုတ်လုပ်သူတွေအနေနဲ့ မိမိထုတ်ကုန်အပေါ် ဘာလိုအပ်ချက်တွေရှိတယ်၊ ဘယ်လိုထုတ်ကုန်မျိုးကို ထုတ်လုပ်သင့်တယ်၊ ဘယ်လိုထုပ်ပိုးမှုတွေ အသုံးပြုသင့်တယ်၊ ဝယ်ယူသူတွေရဲ့ ကြိုက်နှစ်သက်မှုနဲ့ ဈေးကွက်တွေကို ဘယ်လိုချဲ့ထွင်နိုင်မယ်ဆိုတာတွေကို သိရှိနိုင်မှာဖြစ်ပါတယ်။

ဒါ့အပြင် မိမိတို့ရဲ့ထုတ်ကုန်ကို လုပ်ငန်းရှင်တွေကို ပြသနိုင်ပြီး ပြည်တွင်းထုတ်လုပ်မှုသာမက ပြည်ပသို့တင်ပို့နိုင်ရေးအထိပါ ဝန်ကြီးဌာနတွေနဲ့ ဘယ်လိုချိတ်ဆက်ဆောင်ရွက်ရမယ်ဆိုတာကို သိရှိနိုင်မယ့် အခွင့်အလမ်းတွေကို ရရှိလာစေမှာဖြစ်ပါတယ်။ ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနဲ့ ပြိုင်ပွဲမှာ ခင်းကျင်းပြသမယ့် MSME ထုတ်ကုန်တွေအနေနဲ့ "ပစ္စည်းချင်းတူလျှင် ဈေးနှုန်းသက်သာရမည်၊ ဈေးနှုန်းချင်းတူလျှင် အရည်အသွေးပိုကောင်းရမည်" ဆိုတဲ့ ဆောင်ပုဒ်အတိုင်း မိမိဒေသအလိုက် ထုတ်ကုန်တွေကို ခင်းကျင်းပြသယှဉ်ပြိုင်ကြပြီး နိုင်ငံတော်အဆင့်နဲ့လျော်ညီစွာ အဆင့်မီမီခင်းကျင်းပြသသွားမှာဖြစ်ပါတယ်။

MSME ပြိုင်ပွဲကို ပြုလုပ်ပေးခြင်းဖြင့် ထုတ်လုပ်သူတွေအနေနဲ့ မိမိတို့ရဲ့ထုတ်ကုန်ကို နိုင်ငံတော်ကအသိအမှတ်ပြုတဲ့ Brand ဆုကို ရရှိသွားပြီဆိုတာနဲ့ ဂုဏ်ယူဖို့လည်းကောင်းပြီး နိုင်ငံတော်က အသိအမှတ်ပြုလိုက်တာဖြစ်တဲ့အတွက်ကြောင့် Brand ရော၊ ကုန်အမှတ်တံဆိပ်ရော ချက်ချင်းလူသိများသွားမှာ၊ ပေါက်သွားမှာဖြစ်ပါတယ်။ Brand ပေါက်သွားပြီဆိုတာနဲ့ ထုတ်ကုန်ကလည်း ပိုပြီးရောင်းအားတက်လာမှာဖြစ်ပါတယ်။

နိုင်ငံတော်က MSME ပြပွဲ၊ ပြိုင်ပွဲတွေ ပြုလုပ်ပေးခြင်းအားဖြင့် MSME စီးပွားရေးလုပ်ငန်းရှင်တွေအတွက် နိုင်ငံတကာစီးပွားရေး Platform တစ်ခုဖြစ်လာစေမယ့် အကျိုးကျေးဇူးတွေကို ရရှိစေမှာဖြစ်ပါတယ်။ တိုင်းဒေသကြီး/ပြည်နယ်တွေကဒေသတွင်း MSME ထုတ်ကုန်တွေနဲ့ ဝန်ဆောင်မှုတွေကို စဉ်ဆက်မပြတ်မြှင့်တင်နိုင်ပြီး တန်ဖိုးမြှင့်ထုတ်ကုန်သစ်တွေကို ပြည်တွင်းမှာ ပိုမိုသုံးစွဲနိုင်ရုံသာမက ပြည်ပသို့ ဈေးကွက်မြှင့်တင်နိုင်စေမှာဖြစ်တဲ့အပြင် စွန့်ဦးတီထွင်သူတွေရဲ့ဝန်ဆောင်မှုလုပ်ငန်းတွေအတွက် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းတွေလည်း ဖန်တီးပေးနိုင်မယ်လို့ယုံကြည်ပါတယ်။

**မေး။ ။ ပြည်သူတွေသိရှိစေဖို့ ဖြည့်စွက်ပြောကြားချင်တာရှိရင် ပြောကြားပေးစေလိုပါတယ်။**

**ဖြေ။** ။ အခုကျင်းပမယ့် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲကို လာရောက်ကြည့်ရှုကြတဲ့ ပြည်သူတွေအနေနဲ့ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးက ထုတ်ကုန်တွေကို တွေ့မြင်သိရှိခွင့်ရမယ့်အပြင် မိမိတို့ကြိုက်နှစ်သက်ရာ ကုန်ပစ္စည်းတွေကို ဖြန့်ဖြူးရောင်းချနိုင်ဖို့ အဆက်အသွယ်တွေရရှိလာမယ်။ ဈေးနှုန်းချိုသာစွာနဲ့ မိမိနှစ်သက်တဲ့ပစ္စည်းတွေကို စိတ်ကြိုက်ဝယ်ယူနိုင်မှာဖြစ်ပါတယ်။ ။

**ဝင်းဝင်းမင်း**

**ဓာတ်ပုံ- ပြည့်စုံ**

### ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး／ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၃၁-၁-၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လှိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၁၈၀ | ၃၂၉၅ | ၃၂၆၀ | ၃၁၉၅ | ၃၃၀၀ | ၃၃၁၅ | ၃၃၃၅ | ၃၂၅၅ | ၄၅၀၅ | ၃၅၄၅ | ၃၂၇၀ | ၃၂၇၀ | ၃၃၄၀ | ၃၃၀၅ | ၃၃၃၀ | ၃၅၈၅ | ၄၁၀၀ |
| 95 Ron | ၃၂၆၀ | ၃၃၇၅ | ၃၃၄၀ | ၃၂၇၅ | ၃၃၈၀ | ၃၃၉၅ | ၃၄၁၀ | ၃၃၃၀ | ၄၅၆၀ | ၃၆၂၅ | ၃၃၅၀ | ၃၃၅၀ | ၃၄၂၀ | ၃၃၈၅ | ၃၄၀၅ | ၃၆၆၅ | ၄၂၅၀ |
| HSD (500 ppm) | ၂၈၂၀ | ၂၉၃၀ | ၂၈၉၅ | ၂၈၃၀ | ၂၉၃၅ | ၂၉၅၅ | ၂၉၇၀ | ၂၈၉၀ | - | ၃၁၈၀ | ၂၉၀၅ | ၂၉၀၅ | ၂၉၇၅ | ၂၉၄၀ | ၂၉၆၅ | ၃၂၂၀ | ၄၁၀၀ |
| HSD (50 ppm) | ၃၄၈၅ | ၃၆၀၀ | ၃၅၆၅ | ၃၅၀၀ | ၃၆၀၅ | ၃၆၂၀ | ၃၆၄၀ | ၃၅၅၅ | ၄၈၃၀ | ၃၈၅၀ | ၃၅၇၅ | ၃၅၇၅ | ၃၆၄၅ | ၃၆၁၀ | ၃၆၃၅ | ၃၈၉၀ | - |
| HSD (10 ppm) | ၃၄၈၅ | ၃၆၀၀ | ၃၅၆၅ | ၃၅၀၀ | ၃၆၀၅ | ၃၆၂၀ | ၃၆၄၀ | ၃၅၅၅ | - | ၃၈၅၀ | ၃၅၇၅ | ၃၅၇၅ | ၃၆၄၅ | ၃၆၁၀ | ၃၆၃၅ | ၃၈၉၀ | - |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၃၀၀၇ | ၃၁၁၁ |
| 95 Ron | ၃၀၈၂ | ၃၁၇၈ |
| HSD (500 ppm) | ၂၆၅၄ | ၂၇၃၆ |
| HSD (50 ppm) | ၃၃၀၂ | ၃၃၉၈ |
| HSD (10 ppm) | ၃၃၀၂ | ၃၃၉၈ |

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့ ဒေးဒရဲမြို့နယ်၊ အမှတ်(၁)ရပ်ကွက်ရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

နေပြည်တော် ဇန်နဝါရီ ၃၀

ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက် တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)၊ မြစ်ရေယာဉ်(စကု)တို့နှင့်အတူလိုက်ပါလာသည့် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး၊ ဒေးဒရဲမြို့နယ်၊ အမှတ်(၁)ရပ်ကွက်သို့ရောက်ရှိကြရာ နယ်မြေခံတပ်မှတာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများက





တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)၊ မြစ်ရေယာဉ်(စကု)တို့နှင့်အတူလိုက်ပါလာသည့် တပ်မတော်မှပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့က ဒေးဒရဲမြို့နယ်၊ အမှတ်(၁)ရပ်ကွက်ရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။





တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)၊ မြစ်ရေယာဉ်(စကု)တို့နှင့်အတူလိုက်ပါလာသည့် တပ်မတော်မှပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့က ဒေးဒရဲမြို့နယ်၊ အမှတ်(၁)ရပ်ကွက်ရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။

သောင်းသောင်းဖြဖြကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါ နယ်လှည့်အထူးကုဆေးအဖွဲ့သည် ယနေ့တွင် ဒေးဒရဲမြို့နယ်၊ အမှတ်(၁)ရပ်ကွက်၊ ဆုတောင်းပြည့်ရွှေဘုန်းမြင့်စေတီတော်၊ မြို့လယ်သံတန်ဆောင်းကြီးတွင်အခြေပြု၍ အဆိုပါမြို့နှင့်ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၄၄၆ ဦးတို့အား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၁၄၄ ဦး၊ ခွဲစိတ်ရောဂါ ၁၁ ဦး၊ သားဖွား/မီးယပ်ရောဂါ ၁၆ ဦး၊ ကလေးရောဂါ ၂၁ ဦး၊ အရိုးရောဂါ ၈၇ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၄၃ ဦး၊ မျက်စိရောဂါ ၉၁ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၃၃ ဦးတို့ကို လိုအပ်သည့်ဆေးဝါးကုသမှုများဆောင်ရွက်ပေးသည်။ ၎င်းတို့အနက် အထွေထွေခွဲစိတ်လူနာ ၄ ဦး၊ မျက်စိခွဲစိတ်လူနာ ၂ ဦး၊ ခါတ်မှန်ရိုက်လူနာ ၁၉ ဦး၊ အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာ ၃၉ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၃၈ ဦးနှင့် ခါတ်ခွဲစမ်းသပ်လူနာ ၅၂ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းများဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့် လူနာ ၃ ဦးတို့ကို နီးစပ်ရာတပ်မတော်ဆေးရုံနှင့် မြို့နယ်ပြည်သူ့ဆေးရုံများသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ထိုသို့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများအပေါ် ဒေသခံပြည်သူများ၏စကားသံများကို ယခုလိုပဲကြားသိခဲ့ရပါတယ်-










"ကျွန်တော်ကဒူးနာတယ်၊ ခါးနာတယ်။ ဆီးချိုသွေးချိုလည်းရှိလို့ အားကိုးလို့လာပြတာပါ။ အားရဝမ်းသာရှိပါတယ်။ မကုနိုင်သေးတဲ့သူတွေလည်းကုနိုင်မယ်။ ကုနိုင်တဲ့သူလည်း ကုလို့ရမယ်။ အယုတ်အလတ်အမြတ်မရွေးကုနိုင်တဲ့အတွက် အားကိုးပါတယ်။ အခုလို နယ်လှည့်ပြီးကုတဲ့ဆရာဝန်တွေကို အထူးပဲကျေးဇူးတင်ပါတယ်။ နောင်လည်းလာခဲ့ပါဦးလို့ ဖိတ်ခေါ်ပါတယ်"ဟုပြောသည်။

"ကျွန်မ အရိုးအကြောပြချင်လို့။ လက်ကကိုက်ကိုက်နေလို့ ဘောပင်တောင်မကိုင်နိုင်ဘူး။ အခါအခွင့်ကြုံကြိုက်တုန်းလေးကို ကျွန်မလာပြလိုက်တာပါ။ တော်ရုံတန်ရုံဆေးခန်းကို သီးသန့်ကြီးသွားပြီးတော့ မပြဖြစ်တဲ့အခြေအနေမျိုးဆိုရင်တောင်မှပဲ အခုလိုနယ်လှည့်ဆေးကုသရေးအဖွဲ့လာတဲ့အတွက်ကြောင့်မို့လို့ ရောဂါဝေဒနာတွေသက်သာပျောက်ကင်းသွားတဲ့အတွက် မိသားစုလည်းစိတ်ချမ်းသာမှုတွေရမယ်လို့မျှော်လင့်ပါတယ်။ အခုလိုနယ်လှည့်ဆေးကုသရေးအဖွဲ့က ကျွန်မတို့ဒေးဒရဲမြို့နယ်အပြင် နယ်တကာကိုလာရောက်ဆေးကုသပေးတဲ့အတွက်ကြောင့်မို့လို့ ကျွန်မကနေစပြီး လာရောက်ဆေးကုသကြတဲ့ ပြည်သူပြည်သားတွေအားလုံးရဲ့ ကိုယ်စား အထူးပဲကျေးဇူးတင်ရှိပါတယ်ရှင်။ ကျန်းမာခြင်းသည် လာဘ်တစ်ပါးဖြစ်တဲ့အတွက်ကြောင့်မို့လို့ ကျန်းမာရေးကောင်းမှ မိသားစုစိတ်ချမ်းသာမယ်၊ အဆင်ပြေမယ် အဲဒါကြောင့်မို့လို့ အထူးအထူးကျေးဇူးတင်ရှိပါတယ်"ဟု ပြောချင်ပါတယ်။

"ကျွန်တော့်လက်အကြောတင်လို့လာခဲ့တာပါ။ အကြောတင်တာ နှစ်လကျော်လောက်ရှိသွားပါပြီ။ ဒါပေမဲ့ လက်ကကိုင်လို့ပြုလို့မရဘူး။ အလေးအပင်လည်း မလို့မရဘူး။ ကိုက်ခဲနေလို့လာခဲ့ရတာပါ။ ဒီရောက်တော့ ဆရာဝန်တွေက တစ်နေရာနဲ့တစ်နေရာအဆင်ပြေအောင် လိုက်လုပ်ပေးတယ်။ အကုန်လုံးကို ခွဲစိတ်တဲ့နေရာကအစ အဆင်ပြေအောင်လုပ်ပေးတယ်။ ဒေသခံလူတွေအတွက်ပါ။ အားလုံးအတွက် အဆင်ပြေအောင်လုပ်ပေးပါတယ်။ လူတွေက အကုန်လုံး ဟိုနားဒီနားကလည်းလာကြတယ်။ ဒီမှာကုတာက ပိုက်ဆံလည်း မကုန်ဘူးပေါ့။ ဆက်ဆံတာလည်းကောင်းတယ်။ လုပ်ပေးတာလည်းကောင်းတယ်။ ဆီးချိုမစစ်ချင်ဘူးဆိုလည်း သူတို့ကစစ်ပေးတယ်။ အကုန်လုံးပိုသိရအောင်စစ်ပေးတယ်။ အဲဒါကြောင့်မို့လို့ပိုကောင်းသွားတာပါ။ နောက်နောင်အချိန်ကျလို့ရှိရင်လည်း ဆက်ပြီးတော့ ပြခွင့်ရရင်လည်း ပိုတော့အဆင်ပြေပါတယ်။ လာလည်း လာစေချင်သေးပါတယ်ခင်ဗျာ"ဟု ပြောသည်။ (၁၀၀)

# တည်ဆောက်ဆဲ နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံစီမံကိန်းများ၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း တက်ရောက်အမှာစကားပြောကြား



နေပြည်တော် ဇန်နဝါရီ ၃၀

တည်ဆောက်ဆဲ နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံစီမံကိန်းများ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံတော်ဝန်ကြီးချုပ်ရုံး ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် နိုင်ငံခြားသုံးငွေကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးညိုစော၊ ကော်မရှင်ဒုတိယဥက္ကဋ္ဌ(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်း၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ တည်ဆောက်ဆဲနေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နေသည့်ကုမ္ပဏီများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံတော်ဝန်ကြီးချုပ်ရုံး ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းက အဖွင့်အမှာစကားပြောကြားရာတွင် လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင်သည် ပြည်သူတို့၏ နေ့စဉ်လူနေမှုဘဝ တိုးတက်မြင့်မားရေးနှင့် ပြည်တွင်း/ပြည်ပ ရင်းနှီးမြှုပ်နှံမှု ပိုမိုတိုးတက်လာခြင်းဖြင့် အခြေခံအဆောက်အဦ (Infrastructure) လိုအပ်ချက်ကို ဖြည့်ဆည်းတည်ဆောက်နိုင်ပြီး လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍနှစ်ခုလုံး၏ ဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေးဆောင်ရွက်နိုင်စေရေး ရည်ရွယ်ဖွဲ့စည်းထားခြင်းဖြစ်ကြောင်း။

လက်ရှိနိုင်ငံတော်၏ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုအပိုင်းတွင် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ ၂၈ ရုံ၊ အပူစွမ်းအင်သုံးဓာတ်အားပေးစက်ရုံ ၂၇ ရုံ၊ နေရောင်ခြည်စွမ်းအင်သုံးဓာတ်အားပေးစက်ရုံရှစ်ရုံ စုစုပေါင်း တပ်ဆင်အင်အား ၆၃၇၁ မဂ္ဂါဝပ်ရှိကြောင်း၊ အဆိုပါ ရေအားလျှပ်စစ်နှင့် အပူစွမ်းအင်သုံးဓာတ်အားပေးစက်ရုံများမှ အချို့ဓာတ်အားပေးစက်ရုံ ၁၂ ရုံသည် ဓာတ်အားလိုင်းများဖျက်ဆီးခံရခြင်းနှင့် သဘာဝဘေးဒဏ်ကြောင့် ပျက်စီးခြင်း စသည်တို့ကြောင့် လက်ရှိတွင် ဓာတ်အားထုတ်လုပ်မှုကျဆင်းလျက်ရှိနေကြောင်း၊ လက်ရှိအချိန်တွင် နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အား လိုအပ်ချက်ပမာဏ ပိုမိုမြင့်မားလျက်ရှိနေကြောင်း၊ ပြည့်ဖြိုးမြဲစွမ်းအင် Renewable Energy – RE ဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း စီမံကိန်းများကို အမြန်အကောင်အထည်ဖော်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း အထက်အကြီးအကဲမှလည်း Renewable Energy – RE အလေးထားအကောင်အထည်ဖော်ရန် ညွှန်ကြားထားပြီးဖြစ်ကြောင်း။

တည်ဆောက်ဆဲ နေရောင်ခြည်စွမ်းအင်သုံးဓာတ်အားပေးစက်ရုံစီမံကိန်းများအနေဖြင့် နေပြည်တော် ပြည်ထောင်စုနယ်မြေတွင် လေးခု၊ မန္တလေးတိုင်းဒေသကြီးတွင် သုံးခု၊ ပဲခူးတိုင်းဒေသကြီးတွင် တစ်ခု၊ ရှမ်းပြည်နယ်တွင် တစ်ခု စုစုပေါင်း တပ်ဆင်အင်အား ၅၃၀ မဂ္ဂါဝပ်ရှိကြောင်း၊ ဆောင်ရွက်ဆဲ Hybrid (Gas Engine + Solar) စီမံကိန်းများအနေဖြင့် မန္တလေးတိုင်းဒေသကြီးတွင် တစ်ခုနှင့်မကွေးတိုင်းဒေသကြီးတွင်တစ်ခု စုစုပေါင်း တပ်ဆင်အင်အား ၄၉၆ မဂ္ဂါဝပ်ရှိကြောင်း၊ တည်ဆောက်ဆဲ ဆိုလာနှင့် Hybrid စီမံကိန်းများ၏ စုစုပေါင်း တပ်ဆင်အင်အား အနေဖြင့် ၁၀၂၆ မဂ္ဂါဝပ်ရှိကြောင်း၊ ယခု တည်ဆောက်ဆဲ နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံစီမံကိန်းများနှင့် Hybrid (Gas Engine + Solar) စီမံကိန်းများ၏ မြေပြင်လုပ်ငန်းတိုးတက်မှုရှိစေရေး ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ဆိုလာစီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ပြည်တွင်း/ပြည်ပရင်းနှီးမြှုပ်နှံသူများအနေဖြင့် ယခုအစည်းအဝေးတွင် မိမိတို့၏လုပ်ငန်းများ အကောင်အထည်ဖော်မှု ကြုံတွေ့နေရသည့် အခက်အခဲများနှင့် စီမံကိန်းလုပ်ငန်းများ နှောင့်နှေးကြန့်ကြာနေရသည့် အကြောင်းရင်းများကို ကုမ္ပဏီတစ်ခုချင်းစီအလိုက် ရှင်းလင်းတင်ပြပေးစေလိုကြောင်း၊ ကုမ္ပဏီတစ်ခုချင်းစီ၏ နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် အမှန်တကယ်ကြုံတွေ့နေရသည့် အခက်အခဲများ၊ အကြောင်းရင်းများ၊ အခြေအနေများကို သိရှိပြီးမှသာ သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများနှင့် ဆက်လက်ညှိနှိုင်းဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ဝိုင်းဝန်းအဖြေရှာသွားနိုင်မည်ဖြစ်ကြောင်း၊ ကုမ္ပဏီများ၏ တင်ပြချက်များအပေါ် ဆက်စပ်ဝန်ကြီးဌာနများကလည်း ဖြေရှင်းနိုင်မည့်နည်းလမ်းများကို အကြံပြုသုံးသပ်တင်ပြပေးစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ အစည်းအဝေးတက်ရောက်လာသော တည်ဆောက်ဆဲနေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ကုမ္ပဏီများမှ တာဝန်ရှိသူများက မိမိတို့ဆောင်ရွက်နေသည့် စီမံကိန်းများအလိုက် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများ၊ လုပ်ငန်းဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အခက်အခဲများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် နိုင်ငံခြားသုံးငွေကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးညိုစော၊ ကော်မရှင်ဒုတိယဥက္ကဋ္ဌ(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်း၊ ဒုတိယဝန်ကြီးများနှင့်သက်ဆိုင်ရာတာဝန်ရှိသူများက ကုမ္ပဏီများ၏ တင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင်ဥက္ကဋ္ဌက လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင်အနေဖြင့် ယနေ့ပြုလုပ်သည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးမှရရှိလာသည့် အခြေအနေအားလုံးအပေါ် သုံးသပ်ပြီး အကြံပြုချက်များ၊ ဆွေးနွေးချက်များနှင့် ရှေ့ဆက်ဆောင်ရွက်မည့်အခြေအနေများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ပိုမိုဖြည့်ဆည်းပေးနိုင်ရေးရှေးရှုပြီး ကုမ္ပဏီများအနေဖြင့်လည်း ဆောင်ရွက်ဆဲလုပ်ငန်းများ အမြန်ပြီးပြတ်ပြီး လိုအပ်လျက်ရှိသော လျှပ်စစ်ဓာတ်အား အမြန်ထုတ်လုပ်နိုင်ရေး အလေးထားကြိုးပမ်းဆောင်ရွက်ပေးကြရန် တိုက်တွန်းမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ် ရွာသစ်-အောင်မြင်ကုန်း ပေ ၁၅၀ သံကူကွန်ကရစ်တံတားဖွင့်ပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးလှမိုး တက်ရောက်



နေပြည်တော် ဇန်နဝါရီ ၃၀

(၇၈) နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် တည်ဆောက်ခဲ့သော ရွာသစ်ကျေးရွာနှင့် အောင်မြင်ကုန်းကျေးရွာချင်းဆက် ပေ ၁၅၀ သံကူကွန်ကရစ်တံတား ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ဒုတိယဝန်ကြီး ဦးမြင့်စိုး၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ကျေးရွာသူ၊ ကျေးရွာသားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဖွင့်လှစ်သော ရွာသစ် – အောင်မြင်ကုန်း ကွန်ကရစ်တံတားသည် လယ်ဝေးမြို့နယ်အတွင်းရှိ ကျေးရွာ ၁၀ ရွာမှ အိမ်ခြေ ၁၆၇၉ အိမ်၊ လူဦးရေ ၇၃၅၇ ဦးတို့ကို အကျိုးပြုစေမည်ဖြစ်ပြီး ကျေးရွာနေပြည်သူများ၏ စိုက်ပျိုးမြေဧက စုစုပေါင်း ၂၆၄၉ ဧကမှ ထွက်ရှိသော စပါး၊ နှမ်း၊ မြေပဲ၊ ပဲမျိုးစုံ၊ ကြံ စသည့်သီးနှံထွက်ကုန်များကို ဈေးကွက်သို့ အချိန်တိုအတွင်း ကုန်ကျစရိတ်သက်သာစွာ ပို့ဆောင်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌက နေပြည်တော်ကောင်စီနယ်မြေအတွင်း ဆောင်ရွက်လျက်ရှိသော ကျေးလက်ဒေသဖွံ့ဖြိုးရေးအထောက်အကူပြု လမ်း၊ တံတားလုပ်ငန်းများနှင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ရှင်းလင်းပြောကြားပြီး တာဝန်ရှိသူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ တံတားဖွင့်ပွဲအထိမ်းအမှတ်ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြပြီး တံတားသစ်အားဖြတ်သန်းကြည့်ရှုစစ်ဆေးကာ ကျေးရွာသူ၊ ကျေးရွာသားများ၏ ဒေသဖွံ့ဖြိုးရေးဆိုင်ရာ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ဖွင့်ပွဲအပြီးတွင် လယ်ဝေးမြို့နယ်တလုပ်ပင်ကျေးရွာရှိ တို့မြန်မာအထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းလီမိတက်၏ ရှေ့ပြေးစီမံကိန်းအဖြစ် တစ်နှစ်လျှင် နွားအကောင်ရေ ၅၀၀၊ ငါးနှစ်လျှင် အကောင်ရေ ၂၀၀၀ အထိ လုပ်ငန်းတိုးချဲ့ဆောင်ရွက်သွားမည့် အသားတိုးနွားမွေးမြူရေးစီမံကိန်းအတွက် အဆောက်အအုံဆောက်လုပ်နေမှုကိုလည်းကောင်း၊ ရုံးတောကျေးရွာရှိ ရွှေဝါထွန်း(၂) စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်း၏ ဆောင်းသီးနှံအဖြစ် စိုက်ပျိုးထားသောပန်းဂေါ်ဖီစိမ်းသုံးဧက စိုက်ပျိုးထားရှိမှုကိုလည်းကောင်း၊ ပျဉ်းမနားမြို့နယ် သူဌေးကုန်းကျေးရွာရှိ မြို့နယ်သမဝါယမအသင်းစု၏ ဘက်စုံစိုက်ပျိုးမွေးမြူရေးခြံ၌ အိန္ဒိယနေကြာ ဆူရာကီရန် (Suryakiran) မျိုး စိုက်ပျိုးထားမှုကိုလည်းကောင်း၊ အသားတိုးနွားများမွေးမြူထားမှုကိုလည်းကောင်း၊ နယူးဟုတ်အသားတိုးကြက်ကောင်ရေ၄၀၀၀ မွေးမြူမည့်အခြေအနေကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(၅၀၀)

# မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၁/၂၀၂၅)ကြိမ်မြောက်အစည်းအဝေးက လျှပ်စစ်သုံးယာဉ်အမျိုးမျိုးတပ်ဆင်ထုတ်လုပ်ခြင်းလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်းသုံးပစ္စည်းများထုတ်လုပ်ခြင်းလုပ်ငန်းနှင့် ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများအပါအဝင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသစ် ၁၄ ခုကိုခွင့်ပြု



နေပြည်တော် ဇန်နဝါရီ ၃၀

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၁/၂၀၂၅) ကြိမ်မြောက် အစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ရုံးအမှတ် (၁၈) အစည်းအဝေးခန်းမ၌ ကျင်းပသည်။ အဆိုပါအစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးမြထွန်းဦးနှင့် ကော်မရှင်အဖွဲ့ဝင်များတက်ရောက်ကြသည်။

အစည်းအဝေးတွင် ဆောင်ရွက်ဆဲလက်ရှိရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၏ မတည်ငွေရင်း တိုးမြှင့်ခြင်းအပါအဝင် ဝန်ဆောင်မှုကဏ္ဍမှ ပြည်ပရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသစ်တစ်ခုနှင့် စက်မှုကဏ္ဍ၊ ဟိုတယ်နှင့်ခရီးသွားကဏ္ဍ၊ ဝန်ဆောင်မှုကဏ္ဍတို့မှ ပြည်တွင်းရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသစ် ၁၃ ခုတို့ကို ခွင့်ပြုပေးခဲ့သည်။ အဆိုပါလုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၃ ဒသမ ၆၈၄ သန်းနှင့် ငွေကျပ် ၃၄၅၈၆၃ ဒသမ ၀၄၃ သန်းဖြစ်ပြီး အလုပ်အကိုင် အခွင့်အလမ်းပေါင်း ၁၅၄၄ ဦးကို ဖန်တီးပေးနိုင်မည်ဖြစ်သည်။

ယခုအစည်းအဝေးက ခွင့်ပြုပေးသည့် လုပ်ငန်းများတွင် လျှပ်စစ်သုံးယာဉ်အမျိုးမျိုးတပ်ဆင်ထုတ်လုပ်ခြင်းလုပ်ငန်းများ၊ စိုက်ပျိုးရေးလုပ်ငန်းသုံးပစ္စည်းများ ထုတ်လုပ်ခြင်းလုပ်ငန်း၊ ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်းနှင့် နိုင်ငံတကာအဆင့်မီကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းတို့လည်းပါရှိသည်။

၂၀၂၄ ခုနှစ် ဒီဇင်ဘာလကုန်အထိ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံထားသည့် နိုင်ငံ/ဒေသပေါင်း ၅၃ ခုအနက် ရင်းနှီးမြှုပ်နှံမှုအများဆုံးပြုလုပ်သော နိုင်ငံ/ဒေသများမှာ စင်ကာပူနိုင်ငံ၊ တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့ဖြစ်သည်။ စီးပွားရေးကဏ္ဍ ၁၂ ရပ်အနက် အများဆုံး ရင်းနှီးမြှုပ်နှံထားသည့် ကဏ္ဍများမှာ စွမ်းအင်ကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၂၈ ဒသမ ၃၂ ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၂၄ ဒသမ ၆၇ ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ ကုန်ထုတ်လုပ်မှုကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၁၄ ဒသမ ၄၃ ရာခိုင်နှုန်းဖြင့်လည်းကောင်း အသီးသီးရင်းနှီးမြှုပ်နှံထားသည်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံသူများက တင်ပြလာသည့် ရင်းနှီးမြှုပ်နှံမှုအဆိုပြုချက်များအား စိစစ်ခွင့်ပြုခြင်းကိုလည်းကောင်း၊ လက်ရှိဆောင်ရွက်ဆဲ ရင်းနှီးမြှုပ်နှံသူများအတွက် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဝန်ဆောင်မှုများကိုလည်းကောင်း မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# တောင်ကြီးမြို့နယ်၊ အေးသာယာမြို့ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအား စားသောက်ဖွယ်ရာများပေးအပ်



ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအား အမှာစကားပြောကြားစဉ်။

နေပြည်တော် ဇန်နဝါရီ ၃၀

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့နယ်၊ အေးသာယာမြို့ရှိ စစ်မှုထမ်းဟောင်းအိမ်ရာတွင် နေထိုင်လျက်ရှိသော စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအား စားသောက်ဖွယ်ရာများပေးအပ်ခြင်းနှင့် ဓမ္မာရုံတည်ဆောက်ရန်အတွက် အလှူငွေပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းတွင် အဆိုပါအိမ်ရာခန်းမ၌ ပြုလုပ်ရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စစ်မှုထမ်းဟောင်းမိသားစုဝင်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က စစ်မှုထမ်းဟောင်းအဖွဲ့များနှင့် မိသားစုဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအတွက် စားသောက်ဖွယ်ရာများကိုလည်းကောင်း၊ အဆိုပါအိမ်ရာ၌ ဓမ္မာရုံဆောက်လုပ်ရန်အတွက် အလှူငွေများနှင့် ဘိလပ်မြေအိတ်များကိုလည်းကောင်း ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် အေးသာယာမြို့၊ မင်းကျန်စစ် စစ်မှုထမ်းဟောင်းအိမ်ရာရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအား သွားရောက်တွေ့ဆုံပြီး စားသောက်ဖွယ်ရာများပေးအပ်သည်။ ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် အဆိုပါအိမ်ရာရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအား တိုင်းစစ်ဌာနချုပ်၊ နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများကို သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

# (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကျင်းပရေးအတွက် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဆပ်ကော်မတီ၏ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဇန်နဝါရီ ၃၀

၂၀၂၅ ခုနှစ် (၇၈)နှစ်မြောက်ပြည်ထောင်စုနေ့အခမ်းအနား ကျင်းပရေးအတွက် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဆပ်ကော်မတီ၏ ဒုတိယအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဆပ်ကော်မတီဥက္ကဋ္ဌ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်း၊ ဆပ်ကော်မတီဝင်များနှင့် အထူးဖိတ်ကြားထားသည့် ဆက်စပ်ဆပ်ကော်မတီများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးက ယခုကျင်းပမည့် ပြည်ထောင်စုနေ့အခမ်းအနားတွင် တိုင်းဒေသကြီး၊ ပြည်နယ်များမှလာရောက်ကြမည့် ယဉ်ကျေးမှုအဖွဲ့များ လေ့လာရေးခရီးစဉ်၊ လေ့ကျင့်မှုနှင့်ဧည့်သည်တော်များ အခမ်းအနားပို့ဆောင်မှုများတွင် သတ်မှတ်နေရာများသို့ သတ်မှတ်ချိန်အရောက် အန္တရာယ်ကင်းရှင်းပြီး လုံခြုံစိတ်ချစွာ စနစ်တကျပို့ဆောင်ပေးရန်လိုကြောင်း၊ ထို့ပြင် မော်တော်ယာဉ်များ၏ မီးဘေးအန္တရာယ်ကိုလည်း အလေးထားဆောင်ရွက်သွားကြရန်လိုကြောင်း၊ သယ်ယူပို့ဆောင်ရေးယာဉ်များကြံ့ခိုင်မှုရှိစေရေး နေ့စဉ်စစ်ဆေးဆောင်ရွက်သွားကြရန်နှင့် ဧည့်သည်တော်များ၏ဆက်သွယ်ရေးကိစ္စများ အဆင်ပြေမှုရှိစေရေးအတွက် SIM Card၊ ငွေဖြည့်ကတ်များရောင်းချခြင်းတို့အပြင် တည်းခိုဆောင်များ၌ အော်တိုတယ်လီဖုန်းနှင့် Wifi အသုံးပြုနိုင်ရေးတို့ကို ဆောင်ရွက်ပေးသွားကြရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် အစည်းအဝေးတက်ရောက်လာကြသည့် ဆပ်ကော်မတီဝင်များနှင့် အထူးဖိတ်ကြားထားသည့် ဆက်စပ်ဆပ်ကော်မတီများမှ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



◆ ကျောဖုံးမှအဆက်

စူပါရေချမ်းက ထိုင်းဖိုက်တာ ဒန့်ခ်၊ အဲမ္ဘီက ဂျပန်ဖိုက်တာ မူဂါဆီတိုနှင့် ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်သည်။

မြန်မာဖိုက်တာများအနက် အဲမ္ဘီက ပွဲစဉ် (၄)၊ စူပါရေချမ်းက ပွဲစဉ် (၈)နှင့် မိုးထက်အောင်က ပွဲစဉ်(၉)တွင် ထိုးသတ်ရမည်ဖြစ်သည်။ မိုးထက်အောင်သည် ၂၀၂၄ ခုနှစ်တွင် ONE နှင့် စတင်လက်တွဲခဲ့ပြီး မတ်လ ၂၉ ရက်တွင် ထိုးသတ်သည့် ONE Friday Fights 57 ပြိုင်ပွဲတွင် ဂျပန်ဖိုက်တာ တိုမိုယာ၊ ဇွန်လ ၁၄ ရက်တွင် ထိုးသတ်သည့် ONE Friday Fights 67 ပြိုင်ပွဲတွင် ဂျပန်ဖိုက်တာ ကာဇူကီတို့ကို အနိုင်ရထားသည်။

မြန်မာဖိုက်တာ အဲမ္ဘီသည် ၂၀၂၄ ခုနှစ်တွင် ONE နှင့် စတင်လက်တွဲခဲ့ပြီး ဩဂုတ်လ ၂၃ ရက်တွင် ထိုးသတ်သည့် ONE Friday Fights 76 ပြိုင်ပွဲတွင် ဂျပန်ဖိုက်တာ တာကာဇိုနိုကို ဒုတိယအချီတွင် အလဲထိုးအနိုင်ရသော်လည်း အောက်တိုဘာလ ၂၅ ရက်က ထိုးသတ်သည့် ONE Friday Fights 84 ပြိုင်ပွဲတွင် ဂမ်ဘီယာဖိုက်တာ အိုမာကို အမှတ်ဖြင့် အရေးနိမ့်ထားသည်။

စူပါရေချမ်းသည် ONE နှင့် တစ်ပွဲသာ ထိုးသတ်ရသေးပြီး ထိုင်းဖိုက်တာ ဆူတင်ကို အမှတ်ဖြင့် အရေးနိမ့်ထားကြောင်း သိရသည်။

သတင်း-ညီမြတ်သော်တာ

ဓာတ်ပုံ-ONE Championship

MYAWADY IN ENGLISH
www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Katha Township harvests over 3,900 acres of rain-fed seed corn and millets



KATHA January 30

A total of 3,985 acres of rain-fed seed corn and millets have been harvested in Katha Township, Katha District, Sagaing Region, according to statistics from the Department of Agriculture for Katha Township.

In Katha Township, during the rainy season planting this year, 3,985 acres of seed corn and millets were planted, and the planted corn fields were harvested from August of this year until today. 985 acres of seed corn yielded 50.14 baskets per acre and 3,000 acres of millets yielded 15,000 corn ears per acre.

"We have provided awareness for the success of the corn, and provided information to prevent the spread of pest," said U Ko Lay, head of the Department of Agriculture for Katha Township.

In Katha Township, in the cultivation of seed corn and millets, more than 50 baskets of seed corn are produced per acre, and the cost of planting one acre of seed corn is Ks-500,000. A total of 15,000 corn ears of millets are produced per acre, and the cost of planting one acre is over Ks-500,000. **SMK**

# More than 4,000 acres of vegetables planted in Kyaukmyaung

KYAUKMYAUNG January 30

The statistics of Kyaukmyaung Town Agriculture Department stated that a total of 4,446 acres of vegetables have been planted in Kyaukmyaung of Shwebo District in Sagaing Region.

In 2024-2025 cold season, local authorities earmarked 4,418 acres of vegetables in Kyaukmyaung but farmers so far have planted 4,446 acres of crops exceeding the target cultivation.

Daw Khin Win, Head of Kyaukmyaung Town Agriculture Department explained: "Farmers have grown 4,446 acres of vegetables exceeding the target of 4,418 acres this cold season. They grow mustard, chilli, spicy, potato, cabbage, eggplant, cucumber, cauliflower, Chinese cabbage, ladyfinger and some kinds of beans. Our department urge local farmers to produce healthy crops with least chemical residue for safety consumption of people."

This year, officials from Agriculture Department conduct training courses for local farmers to grow vegetables with success with the use of GAP system, to produce healthy crops and expand sown acreage of crops.

Thanks to successful thriving of vegetables, local farmers earn incomes for their families. The Agriculture Department help local farmers systematically use fertilizers, prevent pests and make natural fertilizers and pesticides with the use of raw materials. **SK**

# Myinmu Township cultivates over 37,000 acres of winter sesames



MYINMY January 30

A total of 37,402 acres of sesames have been planted during this year's winter crops planting season in Myinmu Township, Sagaing District, Sagaing Region, according to statistics from the Department of Agriculture for Sagaing District.

During the 2024-2025 winter crops planting season, 37,411 acres of winter sesame are planned to be planted in Myinmu Township, and since October last year, 37,402 acres have been planted.

"We are working to reach the target area. Sesame cultivation is improving year by year. As an oilseed crop, it is in a successful position," said Daw Thida Lwin, head of the Department of Agriculture for Sagaing District.

This year, the township Department of Agriculture has been providing knowledge to the winter sesame growers in Myinmu Township on how to expand sesame cultivation, to use planting methods, to use GAP methods, to plant good varieties, and to plant varieties with good yields. **SK**

# Myanmar plans to increase the sale of value-added food products using mangos

MANDALAY January 30

"Myanmar Mango Market and Technology Development Association is planning to expand the production of food products in Mandalay Region, and they are planning to expand the production and sale of value-added food products with mangoes," said U Kyaw Soe Naing, secretary of the association.

After expanding the production of value-added food products with these mangoes, plans will be made to export them to foreign countries through Mandalay. It is also reported that production techniques will be taught in cooperation with the local food production experts, international food and technology experts and Department of Small Scale Industries and will be produced and sold.

"Domestic consumers as well as international consumers like the mangos, so we are preparing to produce mangoes as hightech food products," he explained.

In making these value-added food products, there are also plans to continue working with various fruits such as plums, cucumbers, lemons and grapes besides mangoes, which are mainly produced in Mandalay Region, as value-added food products by sector-specific entrepreneurs. **SMK**

# State Administration Council
# Press Release
## Re-invitation to Myanmar citizens who reside in various regions for many reasons

1. Some student youths, State service personnel and citizens evaded to areas of EAOs and foreign countries with worries because of incitements and intimidation of NLD members, extremist followers, unlawful associations and terrorist groups such as CRPH and NUG, incitement of CDM, and the persons and organizations at home and abroad not wishing to restore the peace and stability of the State since after 1 February 2021 when the Tatmadaw assumed the State responsibility.

2. They are further worried about the dictatorship statement and speeches of unlawful association and terrorist group CRPH and NUG, and some relevant persons. As they face no security guarantee and difficulties in socio-economic life in their areas, they wish to return to their native lands.

**3. The State Administration Council will specially ease the restrictions for service personnel, intellectuals and intelligentsia, and the persons from various arenas and citizens who evaded from the country with worries, except the persons who committed murders, robbery, setting fire, mine explosions and intentional attacks on security troops, those who crowded to attack public service personnel and some people, those who destroyed government owned buildings and private owned buildings and those who deeply participated in the CDM activities with providing monetary assistance and other ways.**

4. As those who evaded from their native areas are also citizens, the State Administration Council will arrange their returns from the evaded areas to various parts of Myanmar.

5. As such, the information was released that if those who evaded to various areas, except the persons who committed any kinds of crime, wish to return to their native lands in Myanmar of their own accord due to various worries, the citizens abroad are to contact nearby ward, village, township and district administration bodies and relevant embassies, military attaché offices and consulates in accord with the easing restrictions under the law.

**Information Team**
**State Administration Council**

# Mawlaik Township cultivates over 1,000 acres of winter vegetables

MAWLAIK January 30

A total of 1,175 acres of vegetables have been planted in this year winter crops planting season in Mawlaik Township, Mawlaik District, Sagaing Region, according to statistics from Department of Agriculture for Mawlaik District.

During the 2024-2025 winter crops planting season, 2,679 acres of vegetables are planned to be planted in Mawlaik Township, and since October last year, 1,175 acres have been planted.

"The locals plant mustards, chili, spices, potatoes, cabbages and eggplant. We provide technology to farmers so that they can grow all vegetables under the GAP system. We are providing farmers with techniques to grow healthily with as little chemical residue as possible," said Daw Kywe Kywe Hlaing, head of the Department of Agriculture for Mawlaik District.

This year, the Township Department of Agriculture is providing technical training to the vegetable farmers in Mawlaik Township to cultivate using the GAP method, providing them with techniques to make the vegetables produced from the plantations as healthy crops, and providing services for the farmers to expand their vegetable cultivation. **SMK**

# Budalin Township completes cultivation of more than 6,000 acres of cowpea this cold season

BUDALIN January 30

A total of 6,606 acres of cowpea has been planted in Budalin Township of Sagaing Region this cold season, according to the statistics of Budalin Township Agriculture Department.

In 2024-2025 cold season, authorities earmarked cultivation of 28,630 acres of cowpea in Budalin Township but farmers so far have planted 6,606 acres.

U Phyo Wai, Head of Budalin Township Agriculture Department, commented: "Farmers in Budalin Township have so far planted more than 6,000 acres of cowpea against the target of more than 28,000 acres. We help local farmers meet the target cultivation. They expand sown acreage of cowpea yearly. We cooperate with local farmers to produce cowpea with distribution of quality strains of crops, inputs and post-harvest technology."

Local farmers use Yezin-8 and Yezin-11 strains of cowpeas in the region. Farmers cost more than Ks-300,000 per acre of cowpea.

This cold season, agricultural officials help local farmers use quality strains of crops, inputs and post-harvest technology for boosting per-acre yield. Moreover, farmers are urged to use Trichoderma for their croplands. Sagaing Region is a largest sown acreage of pulses and beans across the nation. Local farmers grow pulses as mix-crops in other plantations in order to earn increased incomes from their crops. **SK**

# Farmers reap monsoon paddy in Htigyaing Township

HTIGYAING January 30

Statistics of Htigyaing Township Agriculture Department stated that a total of 7,506 acres of monsoon paddy has been harvested in the township of Sagaing Region this year.

Farmers planted 40,010 acres of monsoon paddy in Htigyaing Township this year. They started harvesting of paddy in October last year. So far, they have completed harvest of 7,506 acres of crops, yielding 89.76 baskets per acre.

U Ko Ko Aung, Head of Htigyaing Township Department of Agriculture, explained: "Local farmers planted more than 40,000 acres of monsoon paddy. So far, they have reaped more than 7,000 acres of paddy. Our department provided necessary agricultural techniques for local farmers in addition to qualty strains of crops."

Officials of the Township Department of Agriculture cooperated with local farmers in growing monsoon paddy without difficulties this year.

Agricultural staff members urged farmers to minimize loss and waste in harvesting crops and keep them in the shelters in time.

Monsoon paddy plantations are thriving in the township. Officials of the township department help farmers select quality strains of crops, prevent pests and systematically use fertilizers. **SK**

# No survivors' expected in US plane crash


Passenger plane with 64 on board collides with US Army helicopter.

WASHINGTON January 30

Emergency crews have recovered 28 bodies from the near-freezing river following the collision of an American Airlines jet carrying 64 people and a US Army Black Hawk helicopter with three soldiers near Reagan National Airport in Washington DC, according to Fire and EMS Chief John A. Donnelly.

The official has confirmed that emergency crews are switching from a rescue mission to a recovery operation, adding that efforts are ongoing to return the victims' remains to their families.

"We don't believe there are any survivors from this accident and we have recovered 28 people from the plane and one from the helicopter," Donnelly told reporters.

First responders have been working in "extremely frigid conditions. They found heavy wind. They found ice on the water, and they've operated all night in those conditions,"according to Donnelly.

Emergency services have assured the families of victims that all bodies from Wednesday night's crash will be recovered. Currently, 67 people are believed dead – 64 from the passenger plane and three from the helicopter.

The crash was "absolutely preventable," the newly sworn-in Transportation Secretary Sean Duffy told reporters on Thursday.

"We are going to wait for all the information to come in from this vantage point, but … what I've seen so far, do I think this was preventable? Absolutely," Duffy said.

He noted that the Black Hawk was on a training mission but emphasized that this does not imply the pilot was inexperienced. **RT**

# Philippines' Marcos to seek Trump meeting on immigration crackdown


Philippines president plans to meet Trump to discuss immigration policy.

MANILA January 30

Philippine President Ferdinand Marcos said Thursday he will seek a meeting with US President Donald Trump to discuss the new administration's immigration crackdown.

Trump began his second term last week with a flurry of executive actions aimed at overhauling immigration to the United States, while also suspending many foreign aid programmes for 90 days pending funding reviews.

The Trump administration has said hundreds of undocumented immigrants were arrested in the United States since he returned to the White House on January 20, with dozens of migrants expelled last week.

The Philippine envoy to Washington Jose Manuel Romualdez said Monday that 80 Filipinos were among those set to be deported from the United States.

"I will meet with President Trump... because there's much that we need to discuss between the US and the Philippines in terms of the trade, in terms of defence and security, and now, the new policy on immigration," Marcos told reporters during a visit to the central city of Cebu.

"This is something that we have to work through and hopefully resolve. Because the Filipinos in the United States, especially, have really formed a very important part already of their workforce. So, we'll see how we can influence the policymaking in terms of immigration." **IDT**

# Trump orders preparation at Guantanamo Bay for detention of 30,000 migrants

WASHINGTON January 30

U.S. President Donald Trump said on Wednesday that he will instruct the Pentagon and the Homeland Security Department to prepare a facility for 30,000 migrants at Guantanamo Bay, a U.S. naval base located on the southeastern coast of Cuba.

"We have 30,000 beds in Guantanamo to detain the worst criminal illegal aliens threatening the American people. This will double our capacity immediately," Trump made the remarks before he signed the Laken Riley Act at the White House.

The Laken Riley Act, which mandates the detention of undocumented migrants charged with certain crimes, was approved by Congress earlier this month. It marks the first major legislation of the new administration.

Homeland Security Secretary Kristi Noem told CNN that the base could be reserved to detain what she described as "the worst of the worst."

During his campaign, Trump promised to carry out large-scale deportations of illegal immigrants once he took office. After his inauguration on Jan. 20, deportation operations have ramped up in several parts of the United States, reportedly focusing on criminals.

On Sunday alone, Immigration and Customs Enforcement (ICE) made nearly 1,000 arrests, with lots of activity taking place in the southeastern part of the country, Fox News cited various ICE field offices as saying.

**Xinhua**

# Hamas frees 8 hostages in Gaza; Israel delays prisoner release

JERUSALEM January 30

Palestinian militants in Gaza, led by Hamas, released eight hostages, three Israelis and five Thais, on Thursday. But Israel delayed the release of 110 Palestinian prisoners in a swap agreed under the ongoing temporary ceasefire, citing chaotic scenes during the handover.

The hostages were released in two groups. Agam Berger, a 20-year-old Israeli soldier, was freed first. Video showed her, wearing a khaki uniform, emerging from damaged buildings in Jabalia, northern Gaza, escorted by Hamas militants, before walking to a Red Cross vehicle. She was then taken to a compound outside Gaza to reunite with her parents.

Later, in Khan Younis, southern Gaza, two Israelis, Arbel Yahoud, 29, and GadiMozes, 80, along with the five Thai nationals, were handed over to the Red Cross.

Footage showed chaotic scenes as hundreds of Gazans gathered, and militants struggled to control the crowd and clear a path for the hostages. Israeli Prime Minister Benjamin Netanyahu condemned the "shocking scenes" and called on international mediators to ensure the safety of hostages in future releases.

The Israeli military identified the Thais as ThennaPongsak, SathianSuwannakham, Sriaoun Watchara, Seathao Bannawat, and RumnaoSurasak. They were farm workers abducted from southern Israel during the October 7 attack that triggered the war. The military said the seven hostages crossed into Israel and underwent medical assessments. The Israelis were reunited with their families, while the Thais were met by Thai officials. **Xinhua**

## Public Notice for Elimination of Violence

1. Declaring themselves to be “for the people”, the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting “CRPH”, “NUG”, and “PDF” terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# The cities that ‘will be flooded by global warming by 2100 as sea levels rise by up to 6.2 FEET’- so, can you tell where they are?



As greenhouse gas emissions continue to rise, scientists reveal many of the world's cities will be plunged underwater in just 75 years.

In 2100, global sea levels will rise by a staggering 6.2ft (1.9 metres) if carbon dioxide ($CO_2$) emissions continue to increase, say experts in Singapore.

Now, artificial intelligence (AI) reveals exactly what this might look like.

MailOnline turned to Google's AI image generator ImageFX to depict nine of the global cities that are particularly vulnerable to rising sea levels.

For each city, we gave the command; 'Show me what it would look like in the year 2100 where sea levels have risen 6.2 feet.'

But can you tell which cities they are? Scroll down for answers.

As scientists already know, climate change results in more intense rainfall because warmer air can hold more moisture.

And because rainfall is increasing on average across the world, the chances of flooding are getting higher.

Firstly, this Asian city is one of the most densely-populated in the continent, with a population of around nine million.

But the threat of rising sea levels means city planners will have to think fast to prevent it from much of it going underwater by 2100.

This ImageFX artist's impression shows how authorities have created a raised system of roads to keep traffic higher than the water.

It has also adapted to rising sea levels with island parks, connected by a series of boats, while some of its skyscrapers have turned into 'vertical forests'.

This western city is known for its music, annual festivals and street party atmosphere, making it a popular choice for tourists.


But its CBD appears completely flooded in this ImageFX interpretation, with the water line steadily encroaching one of its many bridges.

With about a quarter of a million residents, this European former city of culture is known for its rich maritime history and architecture.

But it's also one of the most vulnerable to flooding in this particular country due to its location – facing a large tidal estuary.

As a low-lying area, with about 90 percent of the city below sea level at high tide, it ranks as the second most vulnerable city to flooding after its capital.

Like something from a sci-fi film, this city is transformed under a future hit by climate change, according to ImageFX.



Elevated motorways snake their way over the water past the city's iconic temples, while flying taxis compensate for the lack of unflooded land.

Meanwhile, massive high speed vessels transport people through the waters, dotted among with its famous tourist boats.

Nearly half of the city is already less than one meter (3.2 feet) above sea level, making it especially vulnerable to flooding, according to Earth Org.

Along with Liverpool, this next one must be one of the world's most famous port cities, founded back in the 9th Century.

Historically, it has made its fortune as a major trading hub, gaining a reputation as one of the wealthiest cities in Europe.

However, its position leaves it particularly vulnerable to heavy rainfall, inland flooding and storm surges – making evacuation a real possibility in years to come.

It has already been implementing a range of flood protection measures, such as enhancing dike systems, improving drainage infrastructure and developing early warning systems.

This city's extensive network of canals – totalling more than 160 in all – helps provide a constant stream of tourists all year round.

But they also mean rising sea levels could easily flood the city, putting its historic streets and buildings out of bounds.

It looks like visitors will have to make their way around by hailing ridesharing boats instead of renting bicycles.

This historic city is notoriously vulnerable to the impacts of climate change, such as rising sea levels, extreme waves, and storm surges.

It has always been at risk of flooding, but these sorts of events have become 'uncomfortably frequent' in recent decades, says Royal Museums Greenwich.

This Asian city has poor drainage and heavy rainfall – a potentially lethal combination in the rest of the century.

It is home to 14 million people and underwent rapid and disorganized industrial expansion from the 1850s onward, making it vulnerable to natural disasters, according to Earth Org.

The poor economic history of the city has led to poor infrastructure maintenance and city planning, leading to clogged and unsanitary sewage, and suboptimal canal design,' it says.

'A 1-in-100 year flood – whose intensity has a 1 per cent chance of occurring in any given year – most probably driven by a storm surge, could kill hundreds if not thousands and majorly disrupt economic activity.'

Finally, this popular coastal city and tourist hotspot – especially for young Brits – looks almost unrecognizable.

Its sunny, subtropical climate and stunning beaches are rendered as something of a lost city surrounded by water.

The local government says on its website: 'Severe flooding is one of many natural hazards that our city faces every year.'

The cities that will be flooded by 2100 as sea levels rise by up to 6.2 FEET - so did you get them correct?

1. Bangkok, Thailand
2. New Orleans, USA
3. Hull, UK
4. Ho Chi Minh City, Vietnam
5. Hamburg, Germany
6. Amsterdam, Netherlands
7. Venice, Italy
8. Kolkata, India
9. Gold Coast, Australia

**Mail Online**

# Business and Economy

## ဒေါ်လာ ၅၀ ဘီလီယံတန်ဖိုးရှိ ရုရှားကားဈေးကွက်တွင် တရုတ်နှင့် ရုရှားလုပ်ကားများက ထိပ်ဆုံးမှဦးဆောင်




အနောက်နိုင်ငံများ၏စီးပွားရေးပိတ်ဆို့မှုများရှိနေသော်လည်း ရုရှားပြည်သူများ၏ မော်တော်ကားဝယ်ယူမှုသည် ပြီးခဲ့သည့်နှစ်အတွင်း၌ ရူဘယ် ၄ ဒသမ ၉၁ ထရီလီယံ (ဒေါ်လာ ၅၀ ဒသမ ၁ ဘီလီယံ) အသုံးပြုခဲ့ပြီး နိုင်ငံအတွင်းရှိကားဈေးကွက်တွင် တရုတ်နှင့် ရုရှားလုပ်မော်တော်ကားများက ထိပ်ဆုံးမှဦးဆောင်လျက်ရှိကြောင်း ကားဈေးကွက်လေ့လာရေးအဖွဲ့တစ်ဖွဲ့ဖြစ်သည့် Avtostat က ထုတ်ပြန်သည်။

ရုရှားနိုင်ငံ၏ မော်တော်ကားသစ်များအပေါ် ငွေကြေးအသုံးပြုမှုသည် ၂၀၂၃ ခုနှစ်က ပမာဏနှင့်နှိုင်းယှဉ်ပါက ၅၇ ရာခိုင်နှုန်းမြင့်တက်လာခြင်းဖြစ်သည်။ ထို့ပြင် ရုရှားကားဈေးကွက်တွင် ဦးဆောင်နေသည့် တရုတ်နှင့် ရုရှားမော်တော်ကားများသည် ရုရှားနိုင်ငံအပေါ်ချမှတ်ထားသည့် ပိတ်ဆို့မှုများကြောင့် နိုင်ငံအတွင်းမှ ထွက်ခွာသွားသည့် အနောက်နိုင်ငံများနှင့် ဂျပန်ကားကုမ္ပဏီများ၏နေရာတွင် အစားထိုးဝင်ရောက်လာခြင်းဖြစ်သည်။

၂၀၂၄ ခုနှစ်တွင် ရုရှားနိုင်ငံ၌ မော်တော်ကားသစ်အစီးပေါင်း ၁ ဒသမ ၅၇ သန်းခန့်ရောင်းချနိုင်ခဲ့ပြီး ယင်းပမာဏသည် ငါးနှစ်အတွင်း အမြင့်ဆုံးအဆင့်သို့ ရောက်ရှိလာခြင်းဖြစ်ကြောင်း Avtostat နှင့် Gazprombank Auto Leasing တို့က ပူးတွဲထုတ်ပြန်သည့် အစီရင်ခံစာတွင် ဖော်ပြထားသည်။

ရုရှားနိုင်ငံတွင် ၂၀၂၄ ခုနှစ် ဒီဇင်ဘာလအတွင်းရောင်းချနိုင်ခဲ့သည့်စာရင်းများအရ ယင်းလအတွင်း၌ တရုတ်နိုင်ငံထုတ် မော်တော်ကားများသည် ရုရှားနိုင်ငံတွင် ရောင်းချခဲ့သည့် မော်တော်ကား စုစုပေါင်းအနက် ၆၂ ရာခိုင်နှုန်းရှိပြီး ရုရှားထုတ်ကားများက ၁၇ ဒသမ ၅ ရာခိုင်နှုန်းဖြင့် ဒုတိယနေရာတွင် ရပ်တည်နိုင်ခဲ့သည်။ ယင်းနောက်တွင် ဥရောပထုတ်ကားများက တတိယနှင့် ဂျပန်နိုင်ငံထုတ် မော်တော်ကားများက စတုတ္ထနေရာများ၌ အသီးသီးရပ်တည်ခဲ့သည်။

ရုရှားနိုင်ငံတွင် ပြီးခဲ့သည့်နှစ်က ရောင်းချခဲ့သည့် မော်တော်ကားများတွင် ဇိမ်ခံကားအမျိုးအစားပါဝင်မှုများမြင့်တက်လာကြောင်း Avtostat က ဆက်လက်ဖော်ပြသည်။ ရုရှားပြည်တွင်းဖြစ် ကားထုတ်လုပ်မှုတွင် Lada ကုမ္ပဏီထုတ် မော်တော်ကားများက ထိပ်ဆုံးမှရပ်တည်လျက်ရှိပြီး ၎င်းကုမ္ပဏီထုတ် Granta နှင့် Vesta ကားများမှာ လူကြိုက်များသည့် မော်ဒယ်များဖြစ်သည်။

Ref: RT

## နိုင်ငံ့စီးပွားရေးတိုးတက်စေရန်အတွက်သာမက ဥရောပ၏ Silicon Valley အဖြစ် ထွက်ပေါ်လာစေရန် ရည်ရွယ်ထားသည့် အောက်စဖို့-ကိန်းဘရစ် စီးပွားရေးစင်္ကြံ


ဗြိတိန်နိုင်ငံက ဖော်ဆောင်မည့် အောက်စဖို့-ကိန်းဘရစ် စီးပွားရေးတိုးတက်မှုစင်္ကြံသည် လာမည့် ၂၀၃၅ ခုနှစ်ခန့်တွင် နိုင်ငံ့စီးပွားရေးအတွက် စတာလင်ပေါင် ၇၅ ဘီလီယံ ထွက်ပေါ်လာစေနိုင်သောကြောင့် အစိုးရအနေဖြင့် ၎င်းစင်္ကြံအတွင်း အခြေခံအဆောက်အဦ စီမံကိန်းများ ဖော်ဆောင်ရေးကို ထောက်ပံ့ပေးမည်ဖြစ်ကြောင်း ဗြိတိန်ဘဏ္ဍာရေးဝန်ကြီးရေချယ်ရီက ဇန်နဝါရီလ ၂၉ ရက်တွင်ပြောသည်။

အဆိုပါ စင်္ကြံတွင် မြို့ကြီးနှစ်မြို့ကို ဆက်သွယ်ပေးမည့်စီမံကိန်းများအပါအဝင် သယ်ယူပို့ဆောင်ရေးချိတ်ဆက်မှုအသစ်များ၊ အိမ်ရာစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် သောက်သုံးရေစီမံကိန်းများအပြင် ဉာဏ်ရည်တု (AI) နည်းပညာများပါဝင်မည်ဖြစ်သည်။ ဗြိတိန်နိုင်ငံသည် ၎င်းစင်္ကြံကို ဖော်ဆောင်ခြင်းအားဖြင့် နိုင်ငံ၏စီးပွားရေးတိုးတက်မှုအတွက် အထောက်အကူပြုစေရန်အတွက်သာမက ဗြိတိန်အား ဥရောပ၏ Silicon Valley အဖြစ်ထွက်ပေါ်လာစေရန်ရည်ရွယ်ထားခြင်းဖြစ်သည်။

လက်ရှိတွင် အဆိုပါ အောက်စဖို့-ကိန်းဘရစ် စီးပွားရေးတိုးတက်မှုစင်္ကြံတွင် စီးပွားရေးလုပ်ငန်းအများအပြားက ရင်းနှီးမြှုပ်နှံမှုများလုပ်ဆောင်မည်ဟု ကြေညာထားပြီးဖြစ်သည်။ ရင်းနှီးမြှုပ်နှံသည့်ကုမ္ပဏီများတွင် အမေရိကန်ဆေးဝါးကုမ္ပဏီတစ်ခုဖြစ်သည့် moderna ပါဝင်လျက်ရှိပြီး ၎င်းကုမ္ပဏီက အောက်စဖို့ရှိုင်းယားတွင် စတာလင်ပေါင် တစ်ဘီလီယံ ရင်းနှီးမြှုပ်နှံထားသည်။

ထို့ပြင် အစိုးရအနေဖြင့် နိုင်ငံအတွင်းရှိ လျှပ်စစ်ကားများအတွက် အားသွင်းပေးနိုင်သည့်ကွန်ရက်အား အဆင့်မြှင့်တင်ရန် စတာလင်ပေါင် ၆၅ သန်း၊ ဆိုလာပြားများ၊ လေစွမ်းအင်သုံးတာဘိုင်များနှင့် လျှပ်စစ်ကားများအတွက် လိုအပ်သည့်ကုန်ကြမ်းများအတွက် စတာလင်ပေါင် ၂၈ သန်း အသုံးပြုမည်ဖြစ်သည်။

Ref: Pbctoday




## အီးယူစိန်ဈေးကွက်အပေါ် ဆိုးရွားစွာသက်ရောက်စေခဲ့သည့် ရုရှားအပေါ်ချမှတ်ထားသည့် စီးပွားရေးပိတ်ဆို့မှု



ရုရှားနိုင်ငံအပေါ် ချမှတ်ထားသည့် စီးပွားရေးပိတ်ဆို့မှုများသည် အီးယူ၏ စိန်ဈေးကွက်အပေါ် သက်ရောက်စေလျက်ရှိကြောင်း NZZ နေ့စဉ်သတင်းစာက ဖော်ပြထားသည်။

အီးယူနှင့် စက်မှုဖွံ့ဖြိုးတိုးတက်ပြီး ခုနစ်နိုင်ငံ (G7) က ယူကရိန်းပဋိပက္ခနှင့် စပ်လျဉ်း၍ ရုရှားနိုင်ငံမှတင်ပို့လာသည့် စိန်များအပေါ်ချမှတ်ခဲ့သည့် ပိတ်ဆို့မှုများသည် ၂၀၂၄ ခုနှစ် ဇန်နဝါရီလမှစ၍ အသက်ဝင်လာခဲ့သည်။ ရုရှားမှတင်ပို့သည့် စိန်များအပေါ် ပိတ်ဆို့မှုများချမှတ်ပြီး မကြာမီ အီးယူနိုင်ငံများအတွင်းသို့ ဝင်ရောက်လာမည့်စိန်သွင်းကုန်အားလုံးသည် ဘယ်ဂျီယံနိုင်ငံ အန့်သဝ့်ါအခြေစိုက် စိန်လုပ်ငန်းမှ အတည်ပြုချက်ရယူရန် လိုအပ်ကြောင်း ဥရောပကော်မရှင်က ကန့်သတ်ခဲ့သည်။

ရုရှားနိုင်ငံမှ စိန်တင်ပို့ခြင်းကို ကန့်သတ်လိုက်ခြင်းကြောင့် အန့်သဝ့်ါအခြေစိုက်စိန်လုပ်ငန်းတွင် ဆိုးရွားသည့် သက်ရောက်မှုများနှင့် ရင်ဆိုင်နေရခြင်းကြောင့် အစိုးရကကြားဝင်ဖျန်ဖြေပေးရန် စိန်လုပ်ငန်းမှတာဝန်ရှိသူများက တောင်းဆိုထားသည်။

အန့်သဝ့်ါအခြေစိုက် စိန်လုပ်ငန်းသည် ကမ္ဘာပေါ်ရှိစိန်အားလုံး၏ ၉၀ ရာခိုင်နှုန်းကို ကိုင်တွယ်နေရသည့် အဖွဲ့အစည်းတစ်ခုလည်းဖြစ်သည်။ ရုရှားအပေါ် စီးပွားရေးပိတ်ဆို့မှုများချမှတ်ခြင်း၏ ရလဒ်ကြောင့် အဆိုပါစိန်လုပ်ငန်းရှိ ပို့ကုန်နှင့် သွင်းကုန်များမှာ ၂၀၂၃ ခုနှစ်နှင့်နှိုင်းယှဉ်ပါက အနည်းဆုံး ၂၅ ရာခိုင်နှုန်းကျဆင်းလာခဲ့သည်။

ရုရှားနိုင်ငံသည် ဘော့စဝါနာ၊ ကွန်ဂိုနိုင်ငံကဲ့သို့သော အာဖရိကနိုင်ငံများကို ကျော်ဖြတ်၍ ကမ္ဘာပေါ်တွင် စိန်အများဆုံး ထုတ်လုပ်နေသည့်နိုင်ငံအဖြစ်ရပ်တည်လျက်ရှိသည်။ ထို့ကြောင့် ရုရှားနိုင်ငံမှ စိန်တင်သွင်းမှုအပေါ် ချမှတ်ခဲ့သည့် ပိတ်ဆို့မှုများသည် ဘယ်ဂျီယံရှိစိန်လုပ်ငန်းကို ဆိုးရွားစွာထိခိုက်စေခဲ့ခြင်းဖြစ်သည်။

Ref: RT

## ဥဇဘက်ကစ္စတန်က ဒေါ်လာ ၁၈၆ ဒသမ ၂ သန်း တန်ဖိုးရှိ စပျစ်သီးများကို ပြည်ပသို့တင်ပို့နိုင်ခဲ့

ဥဇဘက်ကစ္စတန်နိုင်ငံသည် ပြီးခဲ့သည့် ၂၀၂၄ ခုနှစ်အတွင်း ဒေါ်လာ ၁၈၆ ဒသမ ၂ သန်းတန်ဖိုးရှိ စပျစ်သီးများကို ပြည်ပသို့တင်ပို့နိုင်ခဲ့ကြောင်း အစိုးရကထုတ်ပြန်သည့် စာရင်းအင်းများကိုကိုးကား၍ ဒေသတွင်းမီဒီယာတစ်ခုက ထုတ်ပြန်သည်။

၂၀၂၄ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ ဥဇဘက်ကစ္စတန်မှ ပြည်ပနိုင်ငံများသို့တင်ပို့သည့် စပျစ်သီးတင်ပို့မှုမှာ တန်ချိန်ပေါင်း ၂၁၉၂၀၀ ရှိကြောင်း အစိုးရက ဇန်နဝါရီလ ၂၉ ရက်တွင် ထုတ်ပြန်သည့် အစီရင်ခံစာတွင်ဖော်ပြထားသည်။ အဆိုပါပမာဏသည် ၂၀၂၃ ခုနှစ်က တင်ပို့သည့်ပမာဏနှင့်နှိုင်းယှဉ်ပါက နှစ်ဆကျော်မြင့်တက်လာခြင်းဖြစ်သည်။

ဥဇဘက်ကစ္စတန်နိုင်ငံမှ စပျစ်သီးများကို ရုရှားနိုင်ငံက အများဆုံးတင်သွင်းလျက်ရှိပြီး ပြီးခဲ့သည့်နှစ်အတွင်းတန်ချိန်ပေါင်း ၁၇၄၉၀၀ တင်သွင်းခဲ့သည်။ ထို့ပြင် ကာဇက်စတန်နှင့် ကာဂျစ္စတန်နိုင်ငံတို့ကလည်း တန်ချိန်ပေါင်း ၂၁၀၀၀ နှင့် ၁၅၄၀၀ အသီးသီးတင်သွင်းခဲ့သည်။

ဥဇဘက်ကစ္စတန်မှ စပျစ်သီးများကို ဘယ်လာရုဇ်နှင့် ယူကရိန်းနိုင်ငံတို့ကလည်းတင်သွင်းလျက်ရှိသည်။

Ref: Xinhua, Fructidor

# လူဝင်မှုဆိုင်ရာအကြောင်းအရာများအပါအဝင် အခြားကိစ္စရပ်များ ဆွေးနွေးရန် ထရမ့်နှင့်တွေ့ဆုံရန် ဖိလစ်ပိုင်စီစဉ်

**မနီလာ၊ နိုင်ငံရေး**

လူဝင်မှုဆိုင်ရာအကြောင်းအရာများ အပါအဝင် အခြားကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးရန်အတွက် အမေရိကန် သမ္မတ ဒေါ်နယ်ထရမ့်နှင့်တွေ့ဆုံရန် စီစဉ်လျက်ရှိကြောင်း ဖိလစ်ပိုင်သမ္မတ ဖာဒီနန် မားကို့စ် ဂျူနီယာက ဇန်နဝါရီလ ၁၀ ရက်တွင် ပြောသည်။

ထရမ့်၏ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ မူဝါဒများသည် အမေရိကန်ပြည်ထောင်စုရှိ ဖိလစ်ပိုင်နိုင်ငံသားအများအပြားအပေါ် သက်ရောက်မှုရှိလာနိုင်သောကြောင့် အဆိုပါကိစ္စရပ်နှင့်စပ်လျဉ်း၍ မားကို့က ထရမ့်နှင့်တွေ့ဆုံဆွေးနွေးရန် စီစဉ်နေခြင်းဖြစ်သည်။ သို့ရာတွင် တွေ့ဆုံဆွေးနွေးမည့် နေ့ရက်အတိအကျကိုမူ အသေးစိတ် ပြောကြားခြင်းမရှိပေ။

အမေရိကန်ပြည်ထောင်စုတွင် ထရမ့်က သမ္မတအဖြစ် ဒုတိယသက်တမ်း စတင်ထမ်းဆောင်ပြီးနောက်ပိုင်းတွင် နိုင်ငံအတွင်းရှိ အထောက်အထားမဲ့သူအများအပြားကို ဖော်ထုတ်၍ နေရပ်သို့ ပြန်ပို့နိုင်ရန်အတွက် စတင်လုပ်ဆောင်ခဲ့သည်။

ထို့ပြင် ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်းမှာပင် အမေရိကန်အစိုးရသည် ရွှေ့ပြောင်းနေထိုင်သူ အများအပြားကို ၎င်းတို့၏ သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်ပို့ဆောင်ပေးခဲ့သည်။ အဆိုပါ သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်ပို့ဆောင်ခြင်းခံရသူများတွင် ဖိလစ်ပိုင်နိုင်ငံသား ၈၀ ဦး ပါဝင်ကြောင်း အမေရိကန်ပြည်ထောင်စုဆိုင်ရာ ဖိလစ်ပိုင်သံအမတ် ဟိုဆေးမန်နျူရယ် ရိုမူးဒက်က ပြောကြားခဲ့ကြောင်း သိရသည်။

**Ref: IDT**

# ယူကရိန်းနိုင်ငံအတွက် ပါဝင်တိုက်ခိုက်ခဲ့သည့် ဩစတြေးလျကြေးစားစစ်သားအား ဖမ်းဆီးထားကြောင်း ရုရှားက ဩစတြေးလျအစိုးရအားအသိပေး

**မော်စကို၊ စစ်ရေး**

ယူကရိန်းနိုင်ငံအတွက် ပါဝင်တိုက်ခိုက်ခဲ့သည့် ဩစတြေးလျနိုင်ငံသား ကြေးစားစစ်သားတစ်ဦးအား ဖမ်းဆီးထားပြီး ယခုအချိန်အထိ အသက်ရှင်နေသေးကြောင်း ရုရှားနိုင်ငံက ဩစတြေးလျအစိုးရအား အသိပေးထားကြောင်း သိရသည်။




အောစကာဂျန်ကင်အမည်ရှိ ဩစတြေးလျကြေးစားစစ်သည်အား ရုရှားပိုင်နက်အတွင်း၌ ဖမ်းဆီးနိုင်ခဲ့ခြင်းဖြစ်ပြီး လက်ရှိတွင် ၎င်းသည် ပုံမှန်အခြေအနေတွင်ရှိနေကြောင်း ရုရှားသံအမတ် အလက်ဆီပက်လော့စကီက ဩစတြေးလျနိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဝန်ကြီးဌာနသို့ အကြောင်းကြားခဲ့ခြင်းဖြစ်သည်။

အသက် ၃၂ နှစ်အရွယ် အောစကာဂျန်ကင်သည် ယူကရိန်းဘက်မှ ဝင်ရောက်တိုက်ခိုက်နေရင်း ပြီးခဲ့သည့်နှစ်အတွင်းက ပျောက်ဆုံးသွားခြင်းဖြစ်သည်။ သို့ရာတွင် ၎င်းအား ရုရှားကဖမ်းဆီးရမိခဲ့ပြီး ၎င်းအား မေးမြန်းထားသည့် ဗီဒီယိုပြကွက်တစ်ခုကို ရုရှားအစိုးရက ဒီဇင်ဘာလအတွင်း၌ ဖော်ပြခဲ့သည်။

ရုရှားအစိုးရ၏အသိပေးချက်ကို ဩစတြေးလျနိုင်ငံကလက်ခံရရှိကြောင်း၊ ယင်းကိစ္စရပ်နှင့် စပ်လျဉ်း၍ စုံစမ်းလျက်ရှိကြောင်း ဩစတြေးလျဝန်ကြီးချုပ် အန်တိုနီအယ်ဘနိက ပြောကြားထားသည်။

ရုရှားနိုင်ငံသည် ယူကရိန်းဘက်မှ ဝင်ရောက်တိုက်ခိုက်နေသည့် ပြည်ပနိုင်ငံများမှ ကြေးစားစစ်သား ၇၈၅ ဦးကို ဖမ်းဆီးရမိခဲ့ပြီး စစ်ဆေးမေးမြန်းနိုင်ခဲ့ကြောင်း ရုရှားစုံစမ်းစစ်ဆေးရေးကော်မတီက ပြီးခဲ့သည့်နှစ် စက်တင်ဘာလအတွင်းက ထုတ်ပြန်ခဲ့ကြောင်းသိရသည်။

**Ref: RT**

## သတင်းတိုကဏ္ဍ

### ပြင်သစ်နိုင်ငံမြောက်ပိုင်းတွင် ကျောင်းကားတစ်စီး လမ်းဘေးရှိ မြောင်းအတွင်းသို့ထိုးကျ၊ တစ်ဦးသေဆုံးပြီး ၂၄ ဦးဒဏ်ရာရ

ပြင်သစ်နိုင်ငံမြောက်ပိုင်းတွင် ဇန်နဝါရီလ ၃၀ ရက်က ကျောင်းကားတစ်စီး လမ်းဘေးရှိမြောင်းအတွင်းသို့ ထိုးကျသွားရာ ကျောင်းသူတစ်ဦးသေဆုံးပြီး ၂၄ ဦး ဒဏ်ရာရရှိသွားကြောင်း အာဏာပိုင်အဖွဲ့က အတည်ပြုထားသည်။

အဆိုပါကျောင်းကားသည် Eure-et-Loir ဒေသမှ ထွက်ခွာလာခြင်းဖြစ်ပြီး ဒေသစံတော်ချိန် နံနက် ၈ နာရီခန့်က လမ်းဘေးရှိ မြောင်းအတွင်းသို့ ထိုးကျသွားခြင်းဖြစ်သည်။ အဆိုပါ မတော်တဆမှုအတွင်း အသက် ၁၅ နှစ်အရွယ် ကျောင်းသူတစ်ဦးသေဆုံးသွားသည်။

ကနဦးစစ်ဆေးချက်များအရ ကျောင်းကားမောင်းသူသည် မူးယစ်ဆေးဝါးသုံးစွဲထားသည့် လက္ခဏာများကိုတွေ့ရှိရခြင်းကြောင့် ၎င်းအား ရဲတပ်ဖွဲ့က ထိန်းသိမ်းထားပြီး စုံစမ်းစစ်ဆေးမှုများကို ဆက်လက်လုပ်ဆောင်လျက်ရှိကြောင်းသိရသည်။

**Ref: tf1info**

---

### နိုင်ငံအတွင်း၌ တုပ်ကွေးရောဂါဖြစ်ပွားမှုမြင့်တက်လာခြင်းကြောင့် နယ်သာလန်က ကြေညာချက်ထုတ်ပြန်

နယ်သာလန်နိုင်ငံတွင် တုပ်ကွေးရောဂါဖြစ်ပွားမှုမြင့်တက်လာခြင်းကြောင့် အစိုးရက ရောဂါကူးစက်မှုနှင့်စပ်လျဉ်း၍ ကြေညာချက်တစ်ရပ်ထုတ်ပြန်ခဲ့ရကြောင်း သိရသည်။

တုပ်ကွေးရောဂါဖြစ်ပွားမှုများသည် ယခုနှစ်အစပိုင်းမှစ၍ မြင့်တက်လာခြင်းဖြစ်ပြီး ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်း၌ လူ ၁၀၀၀၀၀ တွင် ၇၆ ဦးမှာ ရောဂါကူးစက်ခံထားရသည့် လက္ခဏာများပြသခဲ့ကြောင်း အာဏာပိုင်အဖွဲ့က ထုတ်ပြန်ထားသည်။

အဆိုပါရောဂါပိုးကူးစက်မှုကြောင့် နိုင်ငံအတွင်း၌ အခက်အခဲများနှင့် ရင်ဆိုင်ရလျက်ရှိပြီး အချို့ဆေးရုံများတွင် ဝန်ထမ်းများ၏ ကျန်းမာရေးအရ ခွင့်ယူမှုများကြောင့် ပုံမှန်လုပ်ဆောင်နေသည့် လုပ်ဆောင်ချက်များကို လျှော့ချခဲ့ရသည့်အပြင် စာသင်ကျောင်းများ၏ သင်ကြားရေးလုပ်ငန်းစဉ်များကိုပါ ထိခိုက်စေခဲ့ကြောင်း သိရသည်။

**Ref: Xinhua**

---

### အထောက်အထားမဲ့ဝင်ရောက်လာသူ ၃၀၀၀၀ ခန့်အား ဂွမ်တာနာမိုသို့ပို့ဆောင်ရန် ထရမ့်ညွှန်ကြား

အမေရိကန်ပြည်ထောင်စုအနေဖြင့် နိုင်ငံအတွင်းသို့ အထောက်အထားမဲ့ဝင်ရောက်လာသူ ၃၀၀၀၀ ခန့်အား ဂွမ်တာနာမိုရေတပ်အခြေစိုက်စခန်းသို့ ပို့ဆောင်ရန် သမ္မတဒေါ်နယ်ထရမ့်က ညွှန်ကြားခဲ့ကြောင်း Xinhua သတင်းဌာနကဖော်ပြသည်။

နိုင်ငံအတွင်းသို့ အထောက်အထားမဲ့ဝင်ရောက်လာသူများအား ဂွမ်တာနာမိုရေတပ်စခန်းတွင် ထိန်းသိမ်းထားနိုင်ရန်အတွက် ကြိုတင်ပြင်ဆင်မှုများပြုလုပ်ထားရန် ထရမ့်က ပင်တဂွန်နှင့် အမိမြေလုံခြုံရေးဝန်ကြီးဌာနအား ဇန်နဝါရီလ ၃၀ ရက်တွင် ညွှန်ကြားခဲ့ခြင်းဖြစ်သည်။

အမေရိကန်အစိုးရအနေဖြင့် နိုင်ငံအတွင်းသို့ အထောက်အထားမဲ့ဝင်ရောက်လာသူများအား မိမိသမ္မတအဖြစ် တာဝန်ထမ်းဆောင်သည်နှင့် တစ်ပြိုင်နက် သက်ဆိုင်ရာနိုင်ငံများသို့ အစုလိုက်ပြန်ပို့မည်ဟု ထရမ့်က ၎င်း၏မဲဆွယ်စည်းရုံးမှုအတွင်းပြောကြားခဲ့သည်။

အမေရိကန်အစိုးရသည် အစောပိုင်းကလည်း အထောက်အထားမဲ့ ဝင်ရောက်လာသူများအား ကိုလံဘီယာနိုင်ငံသို့ ပြန်လည်ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**Ref: Xinhua, TWP**

# ရော်နယ်ရေဂင်လေဆိပ်အနီးတွင်ဖြစ်ပွားခဲ့သည့် လေယာဉ်မတော်တဆမှုတွင် လိုက်ပါလာသူအားလုံးသေဆုံးဖွယ်ရှိဟုဆို

**ဝါရှင်တန်၊ မတော်တဆမှု**

အမေရိကန်ပြည်ထောင်စု ဝါရှင်တန်မြို့ ရော်နယ်ရေဂင်လေဆိပ်အနီးတွင် ဖြစ်ပွားခဲ့သည့် လေယာဉ်မတော်တဆမှုတွင် လိုက်ပါလာသူအားလုံး သေဆုံးနိုင်ဖွယ်ရှိကြောင်း ဝါရှင်တန်မီးသတ်တပ်ဖွဲ့အကြီးအကဲက ဇန်နဝါရီလ ၃၀ ရက်တွင် ပြောသည်။

ရော်နယ်ရေဂင် လေဆိပ်အနီးတွင် ဇန်နဝါရီလ ၂၉ ရက် ညပိုင်းက ခရီးသည်တင်လေယာဉ်တစ်စင်းက လေဆိပ်သို့ ဆင်းသက်မည့်လမ်းကြောင်းအတွင်းသို့ စစ်ဘက်သုံး Blackhawk ရဟတ်ယာဉ်က ပျံသန်းဝင်ရောက်လာစဉ် ဝေဟင်ပေါ်၌ တိုက်မိခဲ့ခြင်းဖြစ်သည်။

လေယာဉ်မတော်တဆဖြစ်ပွားစဉ် ခရီးသည်တင်လေယာဉ်ပေါ်၌ ခရီးသည် ၆၀ ဦး၊ လေယာဉ်အမှုထမ်းလေးဦးလိုက်ပါလာခဲ့ကြောင်းသိရသည်။ မတော်တဆမှုဖြစ်ပွားပြီးနောက် လေယာဉ်များမှာ အနီးအနားရှိ ပိုတိုမက်မြစ်အတွင်းသို့ ထိုးကျသွားခဲ့ခြင်းဖြစ်ကြောင်း အာဏာပိုင်အဖွဲ့က ထုတ်ပြန်ထားသည်။

လက်ရှိအချိန်အထိ အနည်းဆုံး ရုပ်အလောင်း ၃၀ ခန့်ကို မြစ်အတွင်းမှ ပြန်လည်ဆယ်ယူနိုင်ခဲ့ပြီး ရှာဖွေမှုများကို ဆက်လက်လုပ်ဆောင်လျက်ရှိသော်လည်း မတော်တဆမှုအတွင်း အသက်ရှင်ကျန်ရစ်သူမရှိနိုင်ကြောင်း ဝါရှင်တန်မီးသတ်တပ်ဖွဲ့အကြီးအကဲ ဂျွန်ဒေါ်နယ်လီကပြောသည်။

လက်ရှိတွင်ရဟတ်ယာဉ်၏အပျက်အစီးများကို ပြန်လည်ရှာဖွေတွေ့ရှိထားပြီးဖြစ်သည်။ ယခုဖြစ်ပွားသည့် လေကြောင်းမတော်တဆမှုသည် နိုင်ငံအတွင်း၌ နှစ်ပေါင်း ၂၀ ကျော်အတွင်း လူအသေအပျောက်အများဆုံးမတော်တဆမှုတစ်ခုဖြစ်ကြောင်း သိရသည်။



Blackhawk ရဟတ်ယာဉ်ပေါ်တွင် လေယာဉ်ပျံသန်းရေးလေ့ကျင့်မှုအဖြစ် စစ်သည်သုံးဦးလိုက်ပါလာကြောင်း သိရသည်။

**Ref: Xinhua, Startribune**

# ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးသင်တန်း အမှတ်စဉ်(၁၆)နှင့် အဆင့်မြင့်အရာထမ်းသင်တန်းအမှတ်စဉ်(၁၉) သင်တန်းဆင်းပွဲကျင်းပ



နေပြည်တော် ဇန်နဝါရီ ၃၀

ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး သင်တန်းအမှတ်စဉ်(၁၆)နှင့် အဆင့်မြင့် အရာထမ်းသင်တန်း အမှတ်စဉ်(၁၉) သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)နီလာခန်းမ၌ ကျင်းပ သည်။

သင်တန်းဆင်းပွဲသို့ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးအောင်သော်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် သူရဦးဘိုနီ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ရုံး ညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံ့ဝန်ထမ်း တက္ကသိုလ် (အထက်မြန်မာပြည်) ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ တက္ကသိုလ်သင်ကြား/ စီမံဌာနများမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

သင်တန်းဆင်းပွဲတွင် ပြည်ထောင်စု ရာထူးဝန်အဖွဲ့ဥက္ကဋ္ဌက နိုင်ငံတိုင်း၊ အဖွဲ့ အစည်းတိုင်းတွင် ခေါင်းဆောင်များ၏ အခန်းကဏ္ဍသည် `အရေးကြီးသဖြင့် မိမိအဖွဲ့အစည်းက အားကိုးရသည့် ခေါင်းဆောင်ကောင်းများဖြစ်စေရန်နှင့် ခေတ်နှင့်အညီ တိုးတက်ပြောင်းလဲနေ သော အသိပညာ၊ အတတ်ပညာ၊ နည်း ပညာသစ်များကို လေ့လာတတ်မြောက် ထားရန် နိုင်ငံ့ဝန်ထမ်းကောင်းပီသစွာ နိုင်ငံ့ဂုဏ်ကို မြှင့်တင်ဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။

ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူး သင်တန်းအမှတ်စဉ်(၁၆)သို့ သင်တန်းသား၊ သင်တန်းသူ ၂၂ ဦးနှင့် အဆင့်မြင့် အရာထမ်းသင်တန်းအမှတ်စဉ်(၁၉)သို့ သင်တန်းသား၊ သင်တန်းသူ ၄၄ ဦး တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိ သည်။

(၅၀၀)

## နံနက်စာကို အသားရေအသီးအနှံပါ စုံလင်စွာစားသောက်သင့်သည်။

## ရေကြောင်းသတိပေးချက်

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော PTTEP International Limited သည် ကမ်းလွန် လုပ်ကွက်အမှတ်၊ M-9 ရှိ ဇောတိကစီမံကိန်းနှင့် ကမ်းလွန်လုပ်ကွက်အမှတ်M-5 & M-6 ရှိရတနာ စီမံကိန်းတို့တွင် Geotechnical Site Investigation Survey(GTI) လုပ်ငန်းများအား Survey Vessel, GEO MARINER ရေယာဉ်ဖြင့် ဆောင်ရွက်သွားမည့် တည်နေရာကိုဖော်ပြသည့် Coordinate များဖြစ်သော ကမ်းလွန်လုပ်ကွက်အမှတ် M-5/M-6 (ရတနာ)ရှိ Well Location Point M5-Exp C1 မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၀၇ မိနစ် ၄၅ ဒသမ ၂၆၁၅ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၁၀ မိနစ် ၁၀ ဒသမ ၅၁၃၁ စက္ကန့်၊ Point M5-Exp C2 မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၀၂ မိနစ် ၅၀ ဒသမ ၃၇၇၂ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၀၆ မိနစ် သုည ဒသမ ၄၂၂၁ စက္ကန့်၊ Point M6-Exp CA မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၂၂ မိနစ် ၅၈ ဒသမ ၀၆၇၁ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၃ မိနစ် ၅၉ ဒသမ ၃၅၇၈ စက္ကန့်၊ Point M6-Exp CF မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၁၇ မိနစ် ၆ ဒသမ ၁၈၃၉ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၀၉ မိနစ် ၂၉ ဒသမ ၂၁၉၀ စက္ကန့်၊ Point Yadana-Infill WP2 မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၀၉ မိနစ် ၀၈ ဒသမ ၈၈၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၄၆ မိနစ် ၅၀ ဒသမ ၈၈၇ စက္ကန့်၊ Point Badamya-Infill WP4 မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၀၉ မိနစ် ၃၈ ဒသမ ၁၁၉ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၄၃ မိနစ် ၀၂ ဒသမ ၁၀၈ စက္ကန့်၊ Point Apprisal -C1 မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၀၉ မိနစ် ၂၃ ဒသမ ၅၂၈၁ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၀၉ မိနစ် ၄၈ ဒသမ ၄၀၀၁ စက္ကန့်၊ Point Apprisal-C2 မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၀၃ မိနစ် ၃၃ ဒသမ ၇၃၁၆ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၀၅ မိနစ် ၃၅ ဒသမ ၇၃၅၁ စက္ကန့်နှင့် ကမ်းလွန်လုပ်ကွက် M-9(ဇောတိက)ရှိ Wellhead Platform Location-Point WPH Zawtika-41 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၂၇ မိနစ် ၁၈ ဒသမ ၅၈၇၁၂ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၃၄ မိနစ် ၅၆ ဒသမ ၂၇၆၇၈ စက္ကန့်တို့အတွင်းတွင် ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ(၂၇)ရက်နေ့မှ ၂၀၂၅ ခုနှစ်၊ ဧပြီလ (၃၀)ရက်နေ့ အထိ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကမ်းလွန်လုပ်ကွက်အမှတ် M-9 ရှိ ဇောတိကစီမံကိန်းနှင့် ကမ်းလွန်လုပ်ကွက် အမှတ် M-5 & M-6 ရှိ ရတနာစီမံကိန်းတို့တွင် Geotechnical Site Investigation Survey (GTI)လုပ်ငန်းများအား Survey Vessels, GEO MARINER ရေယာဉ်ဖြင့် ဆောင်ရွက်နေစဉ် ကာလအတွင်း လုပ်ငန်းများနှောင့်နှေးကြန့်ကြာမှုမဖြစ်ပေါ်စေရေးအတွက် ဖော်ပြပါ တည်နေရာများမှ (၄)ကီလိုမီတာပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက်(Notice to Mariners) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်း သင်္ဘောများ၊ စက်တပ်သမ္ဗန်များဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်းနှင့် ငါးဖမ်းကိရိယာများချထားခြင်းမပြုလုပ်ကြရန် အသိပေးကြေညာအပ် ပါသည်။

ငါးလုပ်ငန်းဦးစီးဌာန

## လေပြင်းဘေးအန္တရာယ်ကြိုတင်ပြင်ဆင်ရေးနှင့်စပ်လျဉ်း၍ ပြည်သူသို့အသိပေးနှိုးဆော်ချက်

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန

### လေပြင်းဘေးအသိပညာပေးစာစောင်



မြန်မာနိုင်ငံအရပ်ရပ်တွင် နွေကြိုကာလ၊ နွေကာလနှင့် မိုးကြိုကာလများအတွင်း နေ့အပူချိန်များ တဖြည်းဖြည်း မြင့်တက်လာရာမှ အပူပုံတက်တိမ်များ ဖြစ်ထွန်း၍ မွန်းလွဲ/ညနေပိုင်းတို့တွင် မိုးတိမ်တောင်များ ဖြစ်ပေါ် နိုင်ပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာ တစ်လျှောက်တွင်စိုက်ဆင်းလေပြင်းများတိုက်ခတ်ခြင်း၊ လေပြင်းနှင့်အတူ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် နေရာကွက်ကျား မိုးထစ်ချုန်းရွာခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသည်။

၁

### လေပြင်းဘေးအတွက် ကြိုတင်ပြင်ဆင်ရန် အချက်များ

၁။ မိမိအိမ်၏ကြံ့ခိုင်မှုကို ပုံမှန်စစ်ဆေးပြီး တောင့်တင်း ခိုင်မာအောင် ပြုလုပ်ထားပါ။



၂။ လေပြင်းဒဏ် ခံနိုင်စေရေးအတွက် လိုအပ်သည့် နေရာများတွင် ထောက်တန်းများ/ဒေါက်တိုင်များ ထပ်မံအားဖြည့်တပ်ဆင်ပါ။

၃။ မြေဝင်အိမ်တိုင်များအား လိုအပ်လျှင် တိုင်ဖိနပ် ပတ်လည်တွင် မြေဖို့၍ သိပ်သည်းကျစ်လစ်အောင် ဆောင်ရွက်ပါ။

၄။ သွပ်အမိုးဖြစ်ပါက အစွန်ကျသောနေရာများတွင် သွပ်သံစိပ်စိပ်ရိုက်ပါ။ ဓနိ/သက်ကယ်အမိုးဖြစ်ပါက ဝါးရာဇမတ်ကွက် ကြက်နင်းဖြင့် ခိုင်ခံ့စွာ အုပ်ပါ။ သွပ်နန်းကြိုးဖြင့် ခိုင်မြဲစွာ ချည်နှောင်ပါ။



၂

၅။ အိမ်အကာအခံများ၊ တံခါးများ၊ ပြတင်းပေါက်များ အား ပိုမိုခိုင်ခံ့စေရန် ကြိုတင်ဆောင်ရွက်ပါ။

၆။ အိမ်အနီးရှိ ကျိုးကျနိုင်သော သစ်ပင်/သစ်ကိုင်းများ ကို ခုတ်ထွင်ရှင်းလင်းထားပါ။



၇။ အိမ်အတွင်းရှိ ပြိုကျ၊ ပြုတ်ကျ၊ ကွဲရှနိုင်သော ပစ္စည်းများကို အန္တရာယ်မဖြစ်စေရန် မြဲမြံအောင် ပြုလုပ်ထားပါ။ မီးလောင်စေနိုင်သော ပစ္စည်းများကို စစ်ဆေး၍ လိုအပ်သလို ပြင်ဆင်ထားပါ။

၈။ အရေးပေါ် သုံးပစ္စည်းများ၊ စားရေရိက္ခာနှင့်အရေးကြီး စာရွက်စာတမ်းများကို မိမိနှင့်အတူ ထားရှိပါ။

၉။ မိသားစုများ အရေးပေါ်ပြောင်းရွှေ့နိုင်ရန် နေရာ၊ လမ်းကြောင်းများနှင့် မိသားစုဆုံရပ်ကို ကြိုတင် သတ်မှတ်ထားပါ။



၃

### လေပြင်းတိုက်ခတ်နေစဉ် သတိပြုလိုက်နာရန် အချက်များ

၁။ လေပြင်းတိုက်ခတ်ချိန်တွင် အမှိုက်များနှင့် ပစ္စည်း များ လေနှင့်လွင့်ပါက အန္တရာယ်ဖြစ်စေနိုင်သော ကြောင့် မလိုအပ်ဘဲ အပြင်သို့ မထွက်ပါနှင့်။



၂။ တံခါးများနှင့် ပြတင်းပေါက်များကို မြဲမြံစွာပိတ်ထား ပါ။ မှန်ပြတင်းများအား တိတ်ပြားကြီးများဖြင့် ကန့်လန့်ဖြတ်ကပ်ထားပါ။



၃။ မှန်ပြတင်းပေါက်များနှင့် ဝေးရာတွင် နေထိုင်ပါ။

၄

# ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် ဥပဒေအသိပညာပေးဆွေးနွေးပွဲကျင်းပ




နေပြည်တော် ဇန်နဝါရီ ၃၀

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ အသိပညာမျှဝေဆွေးနွေးပွဲ အစီအစဉ် (Knowledge Sharing Program – KSP) အရ ကျင်းပသည့် ဆွေးနွေးပွဲအမှတ်စဉ် (၅၁)အဖြစ် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့်ပူးပေါင်း၍ မူပိုင်ခွင့်ဥပဒေနှင့်စပ်လျဉ်းသည့် အသိပညာပေးဆွေးနွေးပွဲကို ယနေ့မွန်းလွဲ ၂ နာရီတွင် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး နဝရတ်ခန်းမ၌ Hybrid စနစ်ဖြင့် ကျင်းပသည်။

ဆွေးနွေးပွဲသို့ ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာခင်နိုင်ဦး၊ ဒုတိယစာရင်းစစ်ချုပ်၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာများ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီး၊ ပြည်နယ်စာရင်းစစ်ချုပ်ရုံးနှင့် မြန်မာနိုင်ငံစာရင်းကောင်စီရုံးတို့မှ ညွှန်ကြားရေးမှူးများနှင့် ဝန်ထမ်းများက Online ဖြင့် တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုစာရင်းစစ်ချုပ်က မိမိတို့ရုံးသည် စစ်ဆေးခြင်းလုပ်ငန်းအပြင် ပြည်ထောင်စုဝန်ကြီးဌာနအသီးသီးအတွက် သဘောထားမှတ်ချက်ပေးခြင်းလုပ်ငန်းကိုလည်း ဆောင်ရွက်နေရသည့်အတွက် ဌာန၊ အဖွဲ့အစည်းအသီးသီးမှ ထုတ်ပြန်ထားသော ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ညွှန်ကြားချက်များကို သိရှိနားလည်ထားရန် လိုအပ်ကြောင်း၊ ယနေ့ဆွေးနွေးပွဲတွင် မူပိုင်ခွင့်ဥပဒေ(၄)ရပ်ဖြစ်သည့် ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေ၊ စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေ၊ တီထွင်မှုမူပိုင်ခွင့်ဥပဒေနှင့် စာပေနှင့်အနုပညာမူပိုင်ခွင့်ဥပဒေတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပေးသွားမည်ဟု သိရှိရကြောင်း ပြောကြားသည်။

ထို့နောက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မူပိုင်ခွင့်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်ဒေါက်တာနှင်းနွယ်အေးက မူပိုင်ခွင့်ဥပဒေနှင့် မူပိုင်ခွင့်၏အရေးပါပုံ၊ အခြေခံသိကောင်းစရာများခေါင်းစဉ်ဖြင့် လည်းကောင်း၊ ညွှန်ကြားရေးမှူး ဦးလင်းအောင်ဆွေက တီထွင်မှုမူပိုင်ခွင့်ဆိုင်ရာ အခြေခံသိကောင်းစရာများနှင့် စပ်လျဉ်း၍လည်းကောင်း အကျယ်တဝင့် ရှင်းလင်းဆွေးနွေးကြပြီး တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(၅၀၀)

# ကချင်ပြည်နယ်ရှိ မြစ်ကြီးနားဘူတာ၊ ဘူတာယာဒ်ဝင်းနှင့် ဒီဇယ်စက်ခေါင်းပြင်ရုံ (မြစ်ကြီးနား)တို့အား ဒုတိယဝန်ကြီး ဦးအောင်မြိုင် ကြည့်ရှုစစ်ဆေး



နေပြည်တော် ဇန်နဝါရီ ၃၀

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မြိုင်သည် မြန်မာ့မီးရထားမှ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့က မြစ်ကြီးနားဘူတာနှင့် ဘူတာယာဒ်ဝင်းတို့၏အခြေအနေ၊ ဝန်ထမ်းနေအိမ်လိုင်းခန်းများ၊ တွဲပြင်ရုံနှင့် ဒီဇယ်စက်ခေါင်းပြင်ရုံ(မြစ်ကြီးနား)တို့၏ အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

ထိုသို့ကြည့်ရှုစဉ် ဒုတိယဝန်ကြီးက ဘူတာ၊ ဘူတာယာဒ်ဝင်းနှင့် ဘူတာယာဒ်ဝင်းရှိဝန်ထမ်းနေအိမ်လိုင်းခန်းများအတွင်း သန့်ရှင်းသပ်ရပ်မှုရှိစေရေးဆောင်ရွက်ရန်နှင့် အိမ်ရာကြီးကြပ်ရေးအဖွဲ့ စနစ်တကျဖွဲ့စည်း၍ ပုံမှန်စစ်ဆေးပြီး ပျက်စီးမှုများကို ပြန်လည်ပြုပြင်ဆောင်ရွက်သွားရန်၊ စစ်ဆေးပြုပြင်ရန် အချိန်ကျရောက်သည့် ကုန်တွဲများ၊ လူစီးတွဲများကို ပုံမှန်စစ်ဆေးပြုပြင်သွားရန်၊ လူစီးတွဲများအတွင်းရှိ ထိုင်ခုံများနှင့်လူစီးတွဲကိုယ်ထည်များ ပျက်စီးမှုမရှိစေရေးထိန်းသိမ်းကြပ်မတ်ရန်၊ စက်ရုံတွင် ထိန်းသိမ်းထားသည့်စက်ခေါင်းများ၊ တွဲများနှင့် RBE ရထားတွဲများ၏ကြံ့ခိုင်မှုကို ပုံမှန်စစ်ဆေးခြင်းများ ပြုလုပ်သွားရန်၊ ဝန်ထမ်းများအရည်အသွေးနှင့်ကျွမ်းကျင်မှု တိုးတက်စေရေး၊ စက်ရုံရှိ စက်ကိရိယာပစ္စည်းများ ရေရှည်ကြံ့ခိုင်ကောင်းမွန်စေရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေး စနစ်တကျစီမံဆောင်ရွက်သွားရန်ဆွေးနွေးမှာကြားခဲ့သည်။

ထို့နောက် ဒုတိယဝန်ကြီးသည် မြန်မာ့မီးရထား တိုင်းအဆင့်အရာထမ်းဝန်ထမ်းများ၊ မြန်မာ့မီးရထားရဲတပ်ဖွဲ့ဝင်များနှင့်တွေ့ဆုံ၍ မိမိတိုင်းနယ်မြေအတွင်း ဘူတာယာဒ်ဝင်းနှင့် ရထားလမ်းတစ်လျှောက်ရှိ မြန်မာ့မီးရထားဌာနပိုင်ပစ္စည်းများ ပျောက်ဆုံး၊ ပျက်စီးဆုံးရှုံးမှုမဖြစ်စေရေး ရထားရဲတပ်ဖွဲ့နှင့်ပူးပေါင်း၍ စနစ်တကျစစ်ဆေးဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်အကြို စာစီစာကုံးပြိုင်ပွဲကျင်းပ

တောင်တွင်းကြီး ဇန်နဝါရီ ၃၀

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ပူးပေါင်း၍ ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်တွင် ကျရောက်မည့် (၇၈) နှစ်မြောက်ပြည်ထောင်စုနေ့အထိမ်းအမှတ်အကြို စာစီစာကုံးပြိုင်ပွဲကို ယနေ့နံနက် ၉ နာရီခွဲတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အေးမိုးမိုးမြင့်က ကျောင်းသား၊ ကျောင်းသူလူငယ်များအနေဖြင့် စာကြည့်တိုက်သို့ စဉ်ဆက်မပြတ် ဝင်ထွက်သွားလာတတ်သည့် အလေ့အထများဖြစ်ပေါ်စေရန်နှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ခြင်း၏တန်ဖိုးနှင့်အရေးပါပုံ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ခြင်း၏အနှစ်သာရများ၊ ပြည်ထောင်စုနေ့နှင့်ပတ်သက်သည့် ဗဟုသုတများအား လေ့လာသိရှိနိုင်စေရန် ရည်ရွယ်၍ ယခုကဲ့သို့ ပြိုင်ပွဲများကို ကျင်းပရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်အကြို စာစီစာကုံးပြိုင်ပွဲကိုကျင်းပရာ တောင်တွင်းကြီးမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများနှင့် ကိုယ်ပိုင်ကျောင်းများမှ အထက်တန်းအဆင့်နှင့် အလယ်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၂၄ ဦးတို့ ပါဝင်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲတွင် ဆုရရှိကြသည့် ကျောင်းသား၊ ကျောင်းသူများအား အခမ်းအနားဖြင့် ဆုများပေးအပ်ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

နောင်နောင် (ဗိသနိုးမြေ)

# မြို့နယ်အချို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

နေပြည်တော် ဇန်နဝါရီ ၃၀

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီလ ၂၉ ရက် မွန်းလွဲ ၂ နာရီခွဲတွင် မြိတ်မြို့နယ်၊ စန္ဒဝတ်ကျေးရွာအုပ်စု၊ ရွှေပေးရပ်၊ မြို့ပတ်(၁)လမ်းတွင် မင်းထက်အောင်(ခ)ဘေးနေဒစ် မောင်းနှင်လာသည့်ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၉၉၀ သိမ်းဆည်းရမိခဲ့ပြီး ညနေ ၅ နာရီတွင် မြိတ်မြို့နယ်၊ စန္ဒဝတ်ကျေးရွာအုပ်စု၊ မယင်းငယ်ဖျားကျေးရွာရှိ ၎င်း၏နေအိမ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၀ ထပ်မံသိမ်းဆည်းရမိခဲ့ကြောင်း၊ ကွင်းဆက်အရ ည ၆ နာရီတွင် မြိတ်မြို့နယ်၊ ပသောင်းကျေးရွာအုပ်စု၊ တောင်ပုလဲကျေးရွာနေ နိုင်ရွှေမန်း(ခ) နောင်မန်းအား စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၀ ကိုလည်းကောင်း၊ ယင်းနေ့ မွန်းလွဲ ၂ နာရီခွဲတွင် ပူးပေါင်းအဖွဲ့သည် ဒေါ်ပုံမြို့နယ်၊ ဗမာအေးရပ်ကွက်တွင် မသင်္ကာဖွယ်တွေ့ရှိသူ သူရဇော်(ခ)အောင်ရဲလင်းအား စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀ သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးချက်အရ ညနေ ၃ နာရီတွင် ဒေါ်ပုံမြို့နယ်၊ နွယ်အေးရပ်ကွက်၊ ရွှေဖူးမျှော်လမ်းရှိ ၎င်း၏နေအိမ်တွင် ဝေယံအောင်(ခ)သဘော်သီး အား စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀၀ နှင့်လည်းကောင်း၊ ညနေ ၄ နာရီတွင် သာကေတမြို့နယ်၊ (၂/တောင်) ရပ်ကွက်တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သယ်ဆောင်ရောင်းဝယ်ရာ၌ ပူးပေါင်းပါဝင်သူ အောင်ကျော်ဆန်း(ခ)ဖြိုးကိုကိုလည်းကောင်း ဖမ်းဆီးရမိခဲ့သည်။

ထို့အတူ ပူးပေါင်းအဖွဲ့သည် နံနက် ၈ နာရီခွဲတွင် ကလောမြို့နယ်၊ ဝက်ဖြူရေကျေးရွာအုပ်စု၊ ရေယားကျေးရွာအနီးတွင် ထွန်းဇော်မြင့်(ခ)လူဇော်မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၉၇၅၀ သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ နံနက် ၁၀ နာရီခွဲတွင်စိတ်ကြွရူးသွပ်ဆေးပြားများသယ်ဆောင်ခိုင်းသူ ဇော်လင်း(ခ)ငဇော်အား တောင်ကြီးမြို့နယ်၊ အေးသာယာမြို့၊ ရပ်ကွက်(၅)ရှိ ၎င်း၏နေအိမ်တွင် ဆက်လက်ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။



(သတင်းစဉ်)

# မိတ္ထီလာမြို့နယ် သံဃနာယကအဖွဲ့ပြန်လည်ရွေးချယ်ခြင်းနှင့် အဌမအကြိမ် မြို့နယ်သံဃာ့ဝန်ဆောင်(ဆဌမ)အစည်းအဝေး အခမ်းအနားကျင်းပ

**မိတ္ထီလာ ဇန်နဝါရီ ၃၀**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် သံဃနာယကအဖွဲ့ ပြန်လည်ရွေးချယ်ခြင်းနှင့် အဌမအကြိမ် မြို့နယ်သံဃာ့ဝန်ဆောင်(ဆဌမ)အစည်းအဝေးအခမ်းအနားကို ဇန်နဝါရီလ ၃၀ ရက် နံနက်ပိုင်းတွင် ရန်မျိုးအောင်ရပ်ကွက် သာသနာ့ဝေပုလ္လ ပါဠိတက္ကသိုလ်ကျောင်းတိုက် မဟာဝိဇယဓမ္မဗိမာန်တော်၌ ကျင်းပသည်။

ရှေးဦးစွာ အစည်းအဝေးနာယကဆရာတော် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသူရိယက ဩဝါဒကထာမိန့်ကြားပြီး မြို့နယ်သံဃနာယကအဖွဲ့မှအနားယူခြင်း၊ ပြန်လည်ရွေးချယ်ခြင်းကိုဆောင်ရွက်သည်။

ဆက်လက်၍ မြို့နယ်ဩဝါဒါစရိယဆရာတော် ဘဒ္ဒန္တဥတ္တရ၏ ဩဝါဒကထာကို မြို့နယ်သံဃနာယကအဖွဲ့ဒုတိယဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တဩဘာသက ဖတ်ကြားလျှောက်ထားပြီး မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကေသရက အစည်းအဝေးအဖွင့်ဩဝါဒကထာကို မိန့်ကြားသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်အောင်လေးက သာသနာရေးဆိုင်ရာများကိုလျှောက်ထားတင်ပြပြီး ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အလှူရှင်များက လှူဖွယ်ဝတ္ထုများကို ဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။

(၆၀၂)

# လေပြင်းဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြော

**ရွှေတောင် ဇန်နဝါရီ ၃၀**

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ် ကျွန်းကလေးကျေးရွာနှင့် ညောင်ကုန်းကျေးရွာတို့တွင် ခရိုင်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနရုံးမှ လေပြင်းဘေးကြိုတင်ကာကွယ်ရေးအတွက် အသိပညာပေးဟောပြောခြင်းနှင့်နေအိမ်များအား မွမ်းမံခြင်းကို ဇန်နဝါရီလ ၂၉ ရက် နံနက်ပိုင်းတွင် ဆောင်ရွက်ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ပြည်ခရိုင်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ခေတ္တဦးစီးမှူး ဦးရာဇာဝင်းထွန်းက လေပြင်းဘေး ကြိုတင်ကာကွယ်ရေးအတွက် ကြိုတင်ပြင်ဆင်ရမည့်နည်းလမ်းများကို ဟောပြောသည်။

ဆက်လက်၍မြို့နယ်သဘာဝဘေးစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဟံဝင်းအောင်နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ကျွန်းကလေးကျေးရွာမှ ကြံ့ခိုင်မှုမရှိသောအိမ်ခြေအလုံး ၁၇၀ နှင့် ညောင်ကုန်းကျေးရွာမှကြံ့ခိုင်မှုမရှိသော အိမ်ခြေအလုံး ၇၀ တို့အား တစ်အိမ်လျှင် အိမ်ဆောက်ပစ္စည်းငွေကျပ် ၆၃၀၀၀ တန်ဖိုးရှိပစ္စည်းများပေးအပ်ပြီး ပြန်လည်ပြုပြင်ဆောင်ရွက်ပေးကြောင်းသိရသည်။

**ကိုကိုမင်း (ပြန်/ဆက်)**

# Bakery & Snack အမျိုးမျိုး ထုတ်လုပ်မှုနည်းပညာသင်တန်းဖွင့်



ပင်းတယ ဇန်နဝါရီ ၃၀

ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်းတယမြို့နယ် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ရုံး အစည်းအဝေးခန်းမ(၁)၌ Bakery & Snack အမျိုးမျိုးထုတ်လုပ်မှုနည်းပညာ သင်တန်းဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီလ ၃၀ ရက် နံနက်ပိုင်းတွင်ကျင်းပသည်။

ရှေးဦးစွာ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအာကာလင်းက လူငယ်၊ လူရွယ်များ ပညာတတ်မြောက်ပြီးဝင်ငွေရရှိသောလုပ်ငန်းထူထောင်နိုင်စေရန်၊ လူ့စွမ်းအားအရင်းအမြစ်များပေါ်ထွန်းလာစေရန်၊ ပြည်တွင်းဖြစ် နိုင်ငံခြားစံချိန်မီအရည်အသွေးကောင်းမွန်သော စားသောက်ကုန်လုပ်ငန်းများပေါ်ထွက်လာစေရန်၊ ကျန်းမာရေးနှင့်ညီညွတ်ပြီး အာဟာရပြည့်ဝသောစားသောက်ကုန်များကို သန့်ရှင်းသပ်ရပ်စွာထုတ်လုပ်တတ်စေရန်နှင့် အသေးစားစက်မှုလက်မှုလုပ်ငန်းများ ပေါ်ထွန်းလာစေရန်ရည်ရွယ်၍ သင်တန်းဖွင့်လှစ်ပေးရခြင်းဖြစ်ကြောင်းပြောကြားသည်။

ထို့နောက် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအာကာလင်းက လုပ်ငန်းသုံးပစ္စည်းများကို သင်တန်းသူတစ်ဦးထံပေးအပ်သည်။

အဆိုပါသင်တန်းကို ဇန်နဝါရီလ ၃၀ ရက်မှ ဖေဖော်ဝါရီလ ၅ ရက်အထိ ခုနစ်ရက်ကြာဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပြီး သင်တန်းသား၊ သင်တန်းသူစုစုပေါင်း ၂၀ ဦးတက်ရောက်ကြောင်းသိရသည်။

**အောင်ကိုဦး(ပြန်/ဆက်)**

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

**၃၁-၁-၂၀၂၅ (သောကြာနေ့)**

| | |
|---|---|
| ၁။ ၀၆:၀၀ တရားတော် | ၉။ ၁၅:၀၀ မြန်မာသံစဉ်ချိုနားဝင် |
| ၂။ ၀၈:၀၀ မျိုးချစ်တပ်မတော် | ၁၀။ ၁၈:၀၀ နုပျိုလှပကျန်းမာဖို့ လမ်းလျှောက်ကြပါစို့ |
| ၃။ ၀၉:၀၀ မြဝတီနေ့စဉ်သတင်း | ၁၁။ ၁၈:၃၀ ထုတ်လွှင့်ပြန်ကြား သတင်းမှန်များ |
| ၄။ ၁၀:၀၀ နိုင်ငံတကာသတင်း | ၁၂။ **၁၉:၀၀ (၃၈)ဖြာမင်္ဂလာ တပေါ်စ** |
| ၅။ ၁၁:၀၀ အတွေးအမြင် | ၁၃။ ၂၀:၀၀ မြဝတီရုပ်မြင်သံကြား သတင်း |
| ၆။ ၁၂:၀၀ သာယာသီကြွေး ခေတ်ဆန်းတေး | |
| ၇။ ၁၃:၀၀ ဝေမျှဆွေးနွေးလူငယ့်အရေး | |
| ၈။ ၁၄:၀၀ Soft Skill | |

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအားပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ချက်**
**အကြောင်းအမျိုးမျိုးကြောင့်**
**နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့်**
**မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း**

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကိုလွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကိုထောက်ခံသူ အစွန်းရောက်များ၊ မတရားအသင်းနှင့်အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ DCS လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုမလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သောကျောင်းသား၊ ကျောင်းသူလူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များတည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့်ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့်အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီးရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအားဖျက်ဆီးမှု၊ (DCS) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့်ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှမြန်မာနိုင်ငံရှိ၎င်းတို့ဒေသအသီးသီးသို့ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့အား အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအားဖျက်ဆီးမှု၊ (DCS)လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့်ထွက်ပြေးတိမ်းရှောင်နေကြသည့်ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

# အာဆင်နယ်အသင်းက တိုက်စစ်ပိုင်းလိုအပ်ချက်အတွက် ဝက်စ်ကင်ကို စတာလင်ပေါင် သန်း ၆၀ ဖြင့်ကမ်းလှမ်းသော်လည်း ပယ်ချခံရ



လန်ဒန် ဇန်နဝါရီ ၃၀

အာဆင်နယ်အသင်းက ယခုဘောလုံးရာသီတွင် အသင်းတိုက်စစ်ပိုင်းလိုအပ်ချက်များရှိနေသည့်အတွက် ဇန်နဝါရီလကစားသမားအပြောင်းအရွှေ့ကာလတွင် အက်စ်တွန်ဗီလာအသင်းမှ တိုက်စစ်ကစားသမား ဝက်စ်ကင်ကို ပြောင်းရွှေ့ကြေး စတာလင်ပေါင် သန်း ၆၀ ဖြင့် တရားဝင်ကမ်းလှမ်းမှုတစ်ရပ်ပြုလုပ်ခဲ့သော်လည်း အက်စ်တွန်ဗီလာအသင်းက ပယ်ချခဲ့ကြောင်း သိရသည်။

အာဆင်နယ်အသင်းသည် ယခုဘောလုံးရာသီတွင် ပရီးမီးယားလိဂ်ချန်ပီယံလမ်းကြောင်းပေါ်တွင် ရပ်တည်နိုင်အောင် စွမ်းဆောင်နိုင်သော်လည်း အသင်းတိုက်စစ်ပိုင်း၌ သွင်းဂိုးများရရှိရန်အတွက် လူငယ်ကစားသမား ဆာကာကို အဓိကအားကိုးနေရပြီး ဆာကာ ဒဏ်ရာကြောင့် မပါဝင်နိုင်သည့်ပွဲစဉ်များတွင် အသင်းတိုက်စစ်ပိုင်းအနေဖြင့် သိသိသာသာလိုအပ်ချက်များရှိနေခဲ့ခြင်းဖြစ်သည်။

အာဆင်နယ်အသင်းသည် နောက်ပိုင်းပွဲစဉ်များတွင် အသင်းတိုက်စစ်ပိုင်းလိုအပ်ချက်များကြောင့် ပွဲစဉ်အများစုတွင် သွင်းဂိုးများရရှိရန် ရုန်းကန်ခဲ့ရပြီး တချို့ပွဲစဉ်များတွင် ခံစစ်ကစားသမားများ၏ သွင်းဂိုးများကြောင့်သာ ရမှတ်များစုဆောင်းနိုင်ခဲ့ခြင်းဖြစ်သည်။

လက်ရှိ အာဆင်နယ်အသင်း တိုက်စစ်ပိုင်းတွင် ဂျီးဆပ်နှင့် ဆာကာတို့အနားယူနေရသည့်အချိန်တွင် ကိုင်ဟာဗက်တစ်ဦးတည်းကိုသာ အားပြုနေရပြီး ကိုင်ဟာဗက်အနေဖြင့်လည်း နောက်ပိုင်းပွဲစဉ်များတွင် ဂိုးသွင်းယူနိုင်ရန် ရုန်းကန်နေရသောကြောင့် အာဆင်နယ်အသင်းက လက်ကျန်ရာသီဝက်အတွက် အသင်းတိုက်စစ်ပိုင်းကို အင်အားဖြည့်တင်းရန် ကြိုးပမ်းနေခြင်းဖြစ်သည်။

အသက် ၂၉ နှစ်အရွယ် ဝက်စ်ကင်သည် နောက်ပိုင်းနှစ်များတွင် အက်စ်တွန်ဗီလာအသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြလျက်ရှိပြီး ယခုဘောလုံးရာသီတွင်လည်း ပရီးမီးယားလိဂ် ၂၃ ပွဲကစားပြီးချိန်တွင် သွင်းဂိုး ၁၀ ဂိုးသွင်းယူထားနိုင်သည့်အတွက် အာဆင်နယ်အသင်းက စတာလင်ပေါင် သန်း ၆၀ ဖြင့် တရားဝင်ကမ်းလှမ်းခဲ့သော်လည်း အက်စ်တွန်ဗီလာအသင်းက လက်ကျန်ရာသီဝက်တွင် မရောင်းချလိုသောကြောင့် ကမ်းလှမ်းမှုကို ပယ်ချခဲ့ကြောင်း သိရသည်။

*Ref;Fabrizio Romano*

# မန်ယူအသင်းနှင့်စပါးအသင်းတို့က ဘိုင်ယန်မြူးနစ်အသင်းမှ မက်သရူးတဲလ်ကို အပြိုင်ကမ်းလှမ်း

လန်ဒန် ဇန်နဝါရီ ၃၀

ဘိုင်ယန်မြူးနစ်အသင်းတွင် ပွဲကစားခွင့်မရရှိသည့်အတွက် ဇန်နဝါရီလကစားသမားအပြောင်းအရွှေ့ကာလတွင် အသင်းမှထွက်ခွာရန် ဆုံးဖြတ်ထားသည့် လူငယ်တိုက်စစ်ကစားသမား မက်သရူးတဲလ်ကိုခေါ်ယူရန် မန်ယူအသင်းနှင့် စပါးအသင်းတို့က အပြိုင်ကမ်းလှမ်းမှုများ လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

မက်သရူးတဲလ်သည် အစောပိုင်းနှစ်များက ဘိုင်ယန်မြူးနစ်အသင်းတွင် ပွဲကစားခွင့်များရရှိခဲ့သော်လည်း လက်ရှိနည်းပြ ကွန်ပနီလက်အောက်တွင် ပွဲကစားခွင့်မရရှိသည့်အတွက် အသင်းမှ ထွက်ခွာရန် ဆုံးဖြတ်ထားခြင်းဖြစ်သည်။

မန်ယူအသင်းနှင့် စပါးအသင်းတို့ကလည်း ယခုဘောလုံးရာသီတွင် တိုက်စစ်ပိုင်းလိုအပ်ချက်များရှိနေသည့်အတွက် ဇန်နဝါရီလ ကစားသမားအပြောင်းအရွှေ့ကာလတွင် တိုက်စစ်ပိုင်းကို အင်အားဖြည့်တင်းလိုနေခြင်းဖြစ်ပြီး နှစ်သင်းစလုံးက ယခုဘောလုံးရာသီကုန်အထိ အငှားစာချုပ်ဖြင့် ခေါ်ယူကာ ဘောလုံးရာသီကုန်ပြီးလျှင် အပြီးသတ်စာချုပ်ဖြင့်ခေါ်ယူရန် ကမ်းလှမ်းမှုများလုပ်ဆောင်ထားပြီး မက်သရူးတဲလ်က ပွဲထွက်ခွင့်အာမခံချက်ပေးနိုင်သည့် အသင်းသို့သာ ပြောင်းရွှေ့ကစားရန်ဆုံးဖြတ်ထားကြောင်း သိရသည်။

*Ref;One Football*

# ရလဒ်ပိုင်းများမတည်မငြိမ်ဖြစ်နေသည့် အယ်အီတီဖက်အသင်းက နည်းပြစတီဗင်ဂျရတ်ကိုထုတ်ပယ်ပြီး နည်းပြအပြောင်းအလဲလုပ်ဆောင်ရန်ဆုံးဖြတ်

ရီယက် ဇန်နဝါရီ ၃၀

ဆော်ဒီပရိုလိဂ်ကလပ် အယ်အီတီဖက်အသင်းက ယခုဘောလုံးရာသီတွင် ရလဒ်ပိုင်းများတည်ငြိမ်မှုမရှိသည့်အတွက် အသင်းနည်းပြဂျရတ်ကို ရာထူးမှထုတ်ပယ်ပြီး နည်းပြအပြောင်းအလဲလုပ်ဆောင်ရန် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

အယ်အီတီဖက်အသင်းသည် ယခုဘောလုံးရာသီတွင် ရလဒ်များဆိုးရွားလျက်ရှိပြီး ဆော်ဒီပရိုလိဂ်ပြိုင်ပွဲ၌ ၁၇ ပွဲကစားပြီးချိန်တွင် ငါးပွဲသာ အနိုင်ရရှိပြီး လေးပွဲသရေရလဒ်နှင့် ရှစ်ပွဲရှုံးနိမ့်ကာ ရမှတ် ၁၉ မှတ်ဖြင့် အမှတ်ပေးဇယားအဆင့်(၁၂)နေရာ၌ ရပ်တည်နေသည့်အတွက် နည်းပြဂျရတ်ကို ရာထူးမှ ထုတ်ပယ်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

အယ်အီတီဖက်အသင်းသည် ဆော်ဒီပရိုလိဂ်ပြိုင်ဘက်အသင်းများကို ယှဉ်ပြိုင်နိုင်ရန် နည်းပြဂျရတ်ကို ၂၀၂၃ ခုနှစ် ဇူလိုင်လက ခန့်အပ်ပြီးနောက် ဥရောပမှ ဝင်နယ်ဒမ်၊ ဒမ်ဘီလီ၊ ကော်စတာ စသည့်ကစားသမားများကို ခေါ်ယူအင်အားဖြည့်တင်းခဲ့သော်လည်း ပြီးခဲ့သည့် ဘောလုံးရာသီက ဆော်ဒီပရိုလိဂ်ပြိုင်ပွဲတွင် အဆင့် (၆)နေရာ၌ ရပ်တည်နေသော်လည်း ယခုဘောလုံးရာသီတွင် ရလဒ်ပိုင်းမတည်မငြိမ်ဖြစ်နေသည့်အတွက် နည်းပြဂျရတ်ကို ရာထူးမှ ထုတ်ပယ်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

အသက် ၄၄ နှစ်အရွယ် နည်းပြဂျရတ်သည် ပရော်ဖက်ရှင်နယ်နည်းပြဘဝကို ၂၀၁၈ ခုနှစ်က ရိန်းဂျားအသင်းနှင့်စတင်ခဲ့ပြီးနောက် အသင်းကို အောင်မြင်မှုများရရှိအောင်စွမ်းဆောင်နိုင်ခဲ့ပြီး စကော့တလန်လိဂ်ပြိုင်ပွဲတွင် ဆုဖလားများဆွတ်ခူးပေးနိုင်ခဲ့သော်လည်း ၂၀၂၁ ခုနှစ်က ရိန်းဂျားအသင်းမှ ထွက်ခွာပြီးနောက် အက်စ်တွန်ဗီလာအသင်းကိုကိုင်တွယ်ခဲ့ရာ ရလဒ်ကောင်းများရရှိအောင် စွမ်းဆောင်နိုင်ခြင်းမရှိခဲ့သကဲ့သို့ အယ်အီတီဖက်အသင်းကိုလည်း ရလဒ်ကောင်းများရရှိအောင် စွမ်းဆောင်နိုင်ခြင်းမရှိခဲ့ကြောင်း သိရသည်။

*Ref;Fabrizio Romano*

# စပိန်လာလီဂါတစ်လတာအကောင်းဆုံးဆုများကို ရီးယဲလ်မက်ဒရစ်အသင်းမှ အမ်ဘာတ်ပီနှင့် ဘယ်လင်ဟာမ်တို့ဆွတ်ခူး

မက်ဒရစ် ဇန်နဝါရီ ၃၀

စပိန်လာလီဂါအဖွဲ့ချုပ်က ပေးအပ်သည့် ဇန်နဝါရီလအတွက် စပိန်လာလီဂါပြိုင်ပွဲ၏ တစ်လတာအကောင်းဆုံးကစားသမားဆုနှင့် အသက် ၂၃ နှစ်အောက် တစ်လတာအကောင်းဆုံးလူငယ်ကစားသမားဆုတို့ကို ရီးယဲလ်မက်ဒရစ်အသင်းမှ အမ်ဘာတ်ပီနှင့် ဘယ်လင်ဟာမ်တို့က ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

ရီးယဲလ်မက်ဒရစ်အသင်း တိုက်စစ်ကစားသမား အမ်ဘာတ်ပီနှင့် ကွင်းလယ်ကစားသမား ဘယ်လင်ဟာမ်တို့သည် အသင်းနှင့်အတူ ဇန်နဝါရီလအတွင်းကစားသည့် စပိန်လာလီဂါပွဲစဉ်များတွင် အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့ကြသည့်အတွက် စပိန်လာလီဂါပြိုင်ပွဲ၏ တစ်လတာအကောင်းဆုံးကစားသမားဆုကို အမ်ဘာတ်ပီက ဆွတ်ခူးနိုင်ခဲ့ပြီး အသက် ၂၃ နှစ်အောက်တစ်လတာအကောင်းဆုံးလူငယ်ကစားသမားဆုကို ဘယ်လင်ဟာမ်က ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

အမ်ဘာတ်ပီသည် ယခုဘောလုံးရာသီအစပိုင်းက ရုန်းကန်ခဲ့ရသော်လည်း နောက်ပိုင်းပွဲစဉ်များတွင် အကောင်းဆုံးခြေစွမ်းပြနိုင်ပြီး ဇန်နဝါရီလအတွင်း စပိန်လာလီဂါပွဲစဉ်သုံးပွဲကစားရာတွင် လက်စ်ပါးမက်စ်အသင်းနှင့်ပွဲစဉ်တွင် နှစ်ဂိုးနှင့် ဗယ်လာဒိုးလစ်အသင်းနှင့်ပွဲစဉ်တွင် သုံးဂိုးအထိသွင်းယူနိုင်ပြီးနောက် စပိန်လာလီဂါပြိုင်ပွဲ၏ တစ်လတာအကောင်းဆုံးကစားသမားဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

အလားတူ ဘယ်လင်ဟာမ်သည်လည်း အသင်းနှင့် ဇန်နဝါရီလအတွင်းကစားသည့် ပွဲစဉ်များတွင် ဂိုးဖန်တီးမှုနှစ်ကြိမ်ပြုလုပ်နိုင်ပြီး တစ်ဂိုးသွင်းယူနိုင်ပြီးနောက် တစ်လတာအကောင်းဆုံးကစားသမားဆုကို ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။ *Ref;Fotmob*



# ကျေးလက်ဂဝံကုန်ထုတ်လမ်း ဖောက်လုပ်နေမှု ကွင်းဆင်းစစ်ဆေး

**ရန်ကုန် ဇန်နဝါရီ ၃၀**

ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင် ကွမ်းခြံကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ၏ လယ်ယာမြေများမှ ထွက်ရှိသည့် စိုက်ပျိုးသီးနှံများ ဈေးကွက်အတွင်းသို့ ကုန်ကျစရိတ်သက်သာစွာ သယ်ယူပို့ဆောင်နိုင်ရန် ရည်ရွယ်၍ ယခုဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုငွေဖြင့် တောင်ကုန်းကျေးရွာ၌ ကျေးလက်ဂဝံကုန်ထုတ်လမ်း ဖောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ဇန်နဝါရီလ ၃၀ ရက်တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကွမ်းခြံကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စုသီတာလင်းနှင့် အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာကုန်ထုတ်လမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အတူ တောင်ကုန်းကျေးရွာ၌ အရှည် ၆ ဖာလုံ၊ အကျယ် ၁၂ ပေ၊ ထု ၉ လက်မရှိ ကျေးလက်ဂဝံကုန်ထုတ်လမ်း ဖောက်လုပ်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ မြို့နယ်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းပြည့်မီစွာ အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ကြရန် မှာကြားသည်။

တောင်ကုန်းကျေးရွာရှိ အဆိုပါကျေးလက်ကုန်ထုတ်လမ်းသည် ဂဝံလမ်းအမျိုးအစားဖြစ်ပြီး ပြည်ထောင်စုခွင့်ပြုငွေ ငွေကျပ် ၈၁ ဒသမ ၅၉၂ သန်း အကုန်အကျခံကာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ယခုအခါ လုပ်ငန်းများ ၉၅ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်သည်။

အဆိုပါ ကုန်ထုတ်လမ်းလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပါက တောင်ကုန်းကျေးရွာရှိ အိမ်ခြေ ၈၅၈ အိမ် လူဦးရေ ၃၁၁၃ ဦးတို့၏လယ်ယာမြေများစွာကို အကျိုးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ချိုသန်းညွန့်(ကျေးလက်)**

# ပွင့်ဖြူမြို့နယ်၌ တစ်နိုင်တစ်ပိုင်စိုက်ပျိုးထားသည့် မေမြို့ပန်း(ချင်းမိုင်မျိုး)များ အောင်မြင်ဖြစ်ထွန်း၍ စိုက်ပျိုးသူများ ဝင်ငွေအကျိုးအမြတ်ရရှိနေ



**ပွင့်ဖြူ ဇန်နဝါရီ ၃၀**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခု ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် မုန်းချောင်းရေနှင့် မြေအောက်ရေတို့ဖြင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးထားသည့် မေမြို့ပန်း(ချင်းမိုင်မျိုး)များ အောင်မြင်ဖြစ်ထွန်း၍ စိုက်ပျိုးသူများ ဝင်ငွေအကျိုးအမြတ်ရရှိပြီး လုပ်ငန်းအဆင်ပြေနေကြောင်း ဒေသခံတောင်သူများ၏ပြောပြချက်အရ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ဒေသခံတောင်သူများသည် မိသားစုဝင်ငွေတိုးပွားစေရေးအတွက် မုန်းချောင်းရေနှင့် မြေအောက်ရေတို့ကို စနစ်တကျအသုံးပြုပြီး ဂန္ဓမာပန်း၊ ကံ့ကော်ပန်း၊ နှင်းဆီပန်း၊ သစ္စာပန်း၊ နှင်းပန်း၊ စံပယ်ပန်း၊ သပြေပန်းမျိုးစုံနှင့် မေမြို့ပန်း(ချင်းမိုင်မျိုး) စသည့်ပန်းများကို စိုက်ပျိုးရောင်းချကြသည်။

"ဒီဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ မေမြို့ပန်း(ချင်းမိုင်မျိုး) စိုက်ပျိုးရေးလုပ်ငန်းက အောင်မြင်ဖြစ်ထွန်းပြီး ပန်းတွေရောင်းချရာကနေ တောင်သူတွေ ဝင်ငွေအကျိုးအမြတ်ရရှိနေပါတယ်။ မေမြို့ပန်း(ချင်းမိုင်မျိုး)က တစ်ပင်ကို ငွေကျပ် ၁၀၀ နဲ့ ဝယ်ယူစိုက်ပျိုးရပါတယ်။ စိုက်ပျိုးနည်းကတော့ ပန်းမစိုက်မီ မြေကိုထယ်ရေးညက်အောင် ထွန်ယက်ပြီး မြေဩဇာ၊ သဘာဝမြေဆွေး၊ သစ်ရွက်ဆွေးတို့ကို ရောနှောပြီး မြေဆီလွှာကောင်းမွန်အောင် ပြုပြင်တာ၊ မြေအစိုဓာတ်ရအောင် ရေလောင်းတာတွေ လုပ်ဆောင်ပေးရပါတယ်။ မြေအစိုဓာတ်ရအောင် သုံးလေးရက်လောက်နှပ်ထားပြီးရင် စတင်စိုက်ပျိုးလို့ရပါပြီ။ စိုက်ပျိုးပြီးတဲ့အချိန်မှာ အပင်တွေရှင်သန်ကြီးထွားအောင် ရေဖျန်းပေးတာ၊ မြေဩဇာကျွေးတာ၊ အပင်အားဆေးဖျန်းတာတွေ ပြုလုပ်ပေးရပါတယ်။ စိုက်ပျိုးပြီး နှစ်လလောက်အကြာမှာ ပန်းတွေကို စတင်ချိုးယူရောင်းချလို့ရပါပြီ။ စိုက်ပျိုးရေးအဆင်ပြေတဲ့အတွက် ဒေသခံတောင်သူအများစုက အပိုဝင်ငွေရရှိစေဖို့ စိုက်ပျိုးမြေအပြင် မိမိတို့ရဲ့နေအိမ်မြေကွက်လပ်တွေမှာပါ ဘုရားပန်းစိုက်ပျိုးရေးနဲ့ ဟင်းသီးဟင်းရွက် စိုက်ပျိုးရေးလုပ်ငန်းတွေကို လုပ်ကိုင်ကြပါတယ်" ဟု ပွင့်ဖြူမြို့နယ် ရွာသစ်ကျေးရွာမှ ဒေသခံတောင်သူတစ်ဦးက ပြောသည်။

ပွင့်ဖြူမြို့နယ် သရက်အုပ်ကျေးရွာအုပ်စုအတွင်းရှိ ရွာသစ်ကျေးရွာ၊ ပိန္နဲတောကျေးရွာ၊ ယောစုကျေးရွာနှင့် မုန်းချောင်းဘေးတစ်လျှောက်ရှိ ကျေးရွာများ၌ စိုက်ပျိုးသော မေမြို့ပန်း(ချင်းမိုင်မျိုး)မှာ လတ်ဆတ်မှုရှိပြီး တာရှည်ခံသည့်အတွက် ဒေသခံပြည်သူများက အကြိုက်တွေ့ဝယ်ယူကြသည့်အပြင် မင်းဘူး၊ စလင်း၊ မကွေးမြို့တို့သို့ တင်ပို့ရောင်းချရသဖြင့် စိုက်ပျိုးသူများဝင်ငွေရရှိကာ လုပ်ငန်းအဆင်ပြေလျက်ရှိကြောင်း၊ မြန်မာနိုင်ငံသည် ဒေသအလိုက် သီးနှံမျိုးစုံဖြစ်ထွန်းရှင်သန်စေနိုင်မည့် မတူညီသောရာသီဥတု၊ မြေအမျိုးအစား၊ သဘာဝဂေဟစနစ်၊ စိုက်ပျိုးရေအရင်းအမြစ် စသည့် စိုက်ပျိုးရေးကို အထောက်အကူပြုသော အခြေခံကောင်းများ ပြည့်စုံကြွယ်ဝသည့်နိုင်ငံဖြစ်ကြောင်း၊ နိုင်ငံတော်မှ စိုက်ပျိုးထုတ်လုပ်သူများအား လိုအပ်ချက်မရှိအောင် ကူညီဆောင်ရွက်ပေးလျက်ရှိရာ မိမိတို့လုပ်ငန်းများ ပိုမိုအောင်မြင်ရေးအတွက် အားသွန်ခွန်စိုက် ကြိုးပမ်းကြရမည်ဖြစ်ကြောင်း သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

# စာဖတ်ရှိန်မြှင့်တင်ရေး ကဗျာရွတ်ဆိုပြိုင်ပွဲကျင်းပ

**နတ်မောက် ဇန်နဝါရီ ၃၀**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ပူးပေါင်း၍ အခြေခံပညာမူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူများ စာဖတ်ရှိန်မြှင့်တင်ရေး ကဗျာရွတ်ဆိုပြိုင်ပွဲကို ဇန်နဝါရီလ ၃၀ ရက်တွင် မြို့နယ်လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

ရှေးဦးစွာ နတ်မောက်မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဥမ္မာခင်က စာပေလေ့လာဖတ်ရှုသည့် အလေ့အကျင့်ကောင်းများ ရရှိစေရန်၊ ကလေးငယ်များ စွမ်းဆောင်ရည်မြင့်မားစေရန်၊ စိတ်ပျော်ရွှင်စေရန်နှင့် ဉာဏ်ရည်ဉာဏ်သွေး ထက်မြက်စေရန် ရည်ရွယ်၍ ပြိုင်ပွဲများကျင်းပရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အခြေခံပညာမူလတန်းအဆင့် ကဗျာရွတ်ဆိုပြိုင်ပွဲကျင်းပရာ ကျောင်းသား၊ ကျောင်းသူများက မိမိတို့ကြိုက်နှစ်သက်သည့် ခေါင်းစဉ်များဖြင့် ဝင်ရောက်ယှဉ်ပြိုင်ကြပြီး တာဝန်ရှိသူများက ဆုရရှိသူများအား ဆုများအသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါကဗျာရွတ်ဆိုပြိုင်ပွဲသို့ အမှတ် (၁)အခြေခံပညာအထက်တန်းကျောင်းမှ ဆရာ၊ ဆရာမများ၊ အခြေခံပညာမူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူများနှင့် ကျောင်းသားမိဘများ တက်ရောက်ကြကြောင်း သိရသည်။



**လှဝင်း**

# ဖျာပုံမြို့နယ် ဘုရားကျောင်းကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ပဉ္စမအကြိမ်ထုတ်ချေး

**ဖျာပုံ ဇန်နဝါရီ ၃၀**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်က ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် ကျုံသွတ်တညီကျေးရွာအုပ်စု ဘုရားကျောင်းကျေးရွာ၌ စီမံကိန်းရန်ပုံငွေကို ပဉ္စမအကြိမ်အဖြစ် ဇန်နဝါရီလ ၃၀ ရက်တွင် ထုတ်ချေးပေးကြောင်း သိရသည်။

ရှေးဦးစွာ ဖျာပုံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သန်းသန်းအေးက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP)အကောင်အထည်ဖော် ဆောင်ရွက်ရခြင်း၏ရည်ရွယ်ချက်၊ လုပ်ငန်းစဉ်များအကြောင်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေပါအကြောင်းအရာများ စသည်တို့ကို ရှင်းလင်းပြောကြားပြီး ဘုရားကျောင်းကျေးရွာ မတည်ရန်ပုံငွေစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်းရန်ပုံငွေ ငွေကျပ် သိန်း ၃၅၀ နှစ်သောင်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များက ဘုရားကျောင်းကျေးရွာမှ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၇၈ ဦးအတွက် ငွေကျပ် ၂၃၁ သိန်း သုံးသောင်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၃၁ ဦးအတွက် ငွေကျပ် ၅၉ သိန်း ငါးသောင်း၊ ရေလုပ်ငန်းလုပ်ကိုင်သူ ၂၁ ဦးအတွက် ငွေကျပ် ၃၃ သိန်း သုံးသောင်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၁ ဦးအတွက် ငွေကျပ်၂၆ သိန်း တစ်သောင်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၄၁ ဦးအတွက် ငွေကျပ် သိန်း ၃၅၀ နှစ်သောင်းကို တစ်ဦးချင်းလက်ဝယ်အရောက် အတိုးနှုန်းသက်သာစွာ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**နွံ့ယဉ်**

# တရားမဝင်သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ စက်လှေများ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်နှင့် မော်တော်ယာဉ်များဖမ်းဆီးရမိ



မြန်မာ့စက်မှုဆိပ်ကမ်း၌ ဖမ်းဆီးရမိမှု။



သီလဝါဆိပ်ကမ်း၌ ဖမ်းဆီးရမိမှု။

နေပြည်တော် ဇန်နဝါရီ ၃၀

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိသည်။

အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **ဇန်နဝါရီလ ၂၇ ရက်**တွင် မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာ(၂)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့်လုပ်ငန်းသုံးပစ္စည်း (၅)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၉၈၁၉၈၅၃) ကိုလည်းကောင်း၊ **ဇန်နဝါရီလ ၂၈ ရက်**တွင် သီလဝါဆိပ်ကမ်း၌ ကုန်သေတ္တာ(၁)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၉၀၀၀၀)ကိုလည်းကောင်း၊ **ဇန်နဝါရီလ ၂၉ ရက်**တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ မော်လမြိုင်မြို့မှရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၄၀၀၀၀) နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Mitsubishi Fuso Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀) ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၆၃၀၉၈၅၃)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် **ဇန်နဝါရီလ ၂၈ ရက်**တွင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မကွေးမြို့နယ်၊ ကျွန်းတောကျေးရွာအနီး၌ တရားမဝင် ကျောက်စုပ်ရှာဖွေရာတွင် အသုံးပြုသည့် ကျောက်စုပ်ရေယာဉ်(၁၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၉၅၀၀၀၀၀) ကို မြန်မာ့သတ္တုတွင်းဥပဒေအရလည်းကောင်း၊ မင်းဘူးခရိုင်၊ စကုမြို့နယ်၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်(၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၉၇၅၀၀၀၀)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် **ဇန်နဝါရီလ ၂၉ ရက်**တွင် နေပြည်တော် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ လယ်ဝေးခရိုင်၊ လယ်ဝေးမြို့နယ်၌ တရားမဝင်ကျွန်းသစ်(သုည ဒသမ ၅၆)တန် **(ခန့်မှန်းတန်ဖိုးငွေကျပ်၁၈၈၅၆၀)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကော့သောင်းမြို့၊ ရွှေဟင်္သာရပ်ကွက်၊ ကျားပါးစပ်လမ်းရှိ တံတားတိုဂိုဒေါင်၌ တရားဝင် စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၂)မျိုး **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၁၅၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ပဲခူးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပဲခူးမြို့၊ လာဂမို့တိုးဂိတ်၌ ဘားအံမြို့မှ ရန်ကုန်မြို့သို့မောင်းနှင်လာသော မော်တော်ယာဉ်(၃)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း (၄)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၄၂၅၀၀၀) နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Toyota Hiace (၃)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀၀) **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၇၁၄၂၅၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာရတနာပုံတံတား(မန္တလေး)စစ်ဆေးရေးဂိတ်၌ မန္တလေးမြို့မှ ကလေးမြို့သို့ သွားရောက်မည့် မော်တော်ယာဉ်(၂)စီးနှင့် မန္တလေးမြို့မှ ဖားကန့်မြို့သို့သွားရောက်မည့် မော်တော်ယာဉ်(၁)စီးတို့ပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၆၇)မျိုး၊ လုပ်ငန်းသုံးပစ္စည်း (၂၄)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၅၁၉၇၅၆၈)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Hilux (၂)စီး၊ Toyota Hiace (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၆၀၀၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၁၁၉၇၅၆၈)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်၊ ၂၈ ရက်နှင့် ၂၉ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၃၁)မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၉၀၃၇၀၉၈၁)**ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင်ကုန်သွယ်မှုများကြောင့် အသေးစား၊ အငယ်စားနှင့်အလတ်စား ပြည်တွင်းစီးပွားရေးလုပ်ငန်းများမှ ထုတ်လုပ်သည့် ကုန်ပစ္စည်းများဈေးကွက်အတွင်း မျှတစွာယှဉ်ပြိုင်နိုင်မှုမရှိခြင်းနှင့် ဈေးကွက်ပျောက်ဆုံးခြင်းတို့ဖြစ်ပေါ်စေပြီး ပြည်တွင်းကုန်ထုတ်လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရေးအတွက် ကြီးမားသည့်ခြိမ်းခြောက်မှုများကို ဖြစ်ပေါ်စေပါသည်။ သို့ဖြစ်ပါ၍ သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။ **(သတင်းစဉ်)**

❒ **ကျောဖုံးမှအဆက်**

ရခိုင်ယူနိုက်တက်အသင်းသည် နိုင်ငံခြားသားကစားသမားများ အပါအဝင် ပြည်တွင်းအမာခံကစားသမားအစုံအလင်ဖြင့် ပွဲထွက်ခဲ့ပြီး အား/ကာသိပွဲအသင်းကလည်း ခိုင်ရဲဝင်း၊ ဝင်းပြည့်မောင်၊ သန်းတိုးအောင်၊ ဇင်ရဲနောင်တို့ဖြင့် လူစုံခဲ့သည်။ နှစ်သင်းစလုံး ပွဲစကတည်းက တိုက်စစ်အားပြုကစားခဲ့သလို ဂိုးရနိုင်သည့် အခွင့်အရေးများရရှိသော်လည်း နှစ်ဖက်ဂိုးသမားနှင့် ခံစစ်ကစားသမားများ အမှားမရှိသဖြင့် ဂိုးမရှိသရေရလဒ်ဖြင့်ပြီးဆုံးခဲ့ခြင်းဖြစ်သည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို ရခိုင်ယူနိုက်တက်ဂိုးသမား ခန့်မင်းသန့်က ရရှိသည်။ ယခုပွဲအပြီးတွင် အား/ကာသိပွဲအသင်းက ၁၈ ပွဲကစား ၂၈ မှတ်၊ ရခိုင်ယူနိုက်တက်အသင်းက ၁၈ ပွဲကစား ခုနစ်မှတ်ရရှိထားသည်။

ပွဲစဉ် (၁၈) ဒုတိယနေ့ကို ဇန်နဝါရီလ ၃၁ ရက်**(ယနေ့)** ညနေ ၄ နာရီတွင် သုဝဏ္ဏကွင်း၌ ဆက်လက်ကျင်းပမည်ဖြစ်ပြီး မြဝတီအသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်ကြောင်း သိရသည်။ **သတင်း-ရဲရင့်လွင်**

**ဓာတ်ပုံ-MNL**

# ညောင်ရွှေမြို့နယ်၊ ရေပူရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက လက်နက်ကြီးများဖြင့်ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် နေအိမ် ၁ လုံး ပျက်စီးခဲ့ကြောင်း မဟုတ်မမှန်သတင်းအမှားများရေးသားဖြန့်ဝေလျက်ရှိ

နေပြည်တော် ဇန်နဝါရီ ၃၀

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ညောင်ရွှေမြို့နယ်၊ ရေပူရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက လက်နက်ကြီးများဖြင့်ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် နေအိမ် ၁ လုံး ပျက်စီးခဲ့ကြောင်း တရားမဝင် ပြည်ဖျက်မီဒီယာများကမဟုတ်မမှန် သတင်းတု သတင်းအမှားများ ရေးသားဖြန့်ဝေလျက်ရှိကြောင်း တွေ့ရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာ လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် စစ်ရေးပစ်မှတ်မဟုတ်သည့် ဒေသခံပြည်သူများနေထိုင်ရာ ကျေးရွာ၊ ရပ်ကွက်များအတွင်းသို့ မည်သည့်ပစ်ခတ်မှုမှလုပ်ဆောင်ခြင်းမရှိကြောင်း၊ အကြမ်းဖက်သမားများကသာ ၎င်းတို့အပေါ် ထောက်ခံအားပေးမှုမရှိသည့် ကျေးရွာ၊ ရပ်ကွက်များအား ခေါင်းစဉ်အမျိုးမျိုးတပ်၍ အကြောက်တရားများ လွှမ်းမိုးစေရန် လက်နက်ကြီးများ၊ ဒရုန်းများဖြင့် ပစ်ခတ်လျက်ရှိကြောင်း၊ ယခုဖြစ်စဉ်တွင်လည်း အကြမ်းဖက်သမားများပစ်ခတ်လိုက်သည့် လက်နက်ကြီးကျည်များသည် ကျေးရွာအတွင်း ကျရောက်ပေါက်ကွဲရာမှ နေအိမ်များမီးလောင်ပျက်စီးခဲ့ရခြင်းဖြစ်ကြောင်းနှင့် တရားမဝင်ပြည်ဖျက်မီဒီယာများမှ အကြမ်းဖက်သမားများ၏ လုပ်ရပ်များကိုဖုံးကွယ်ရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အထင်အမြင်လွဲမှားစေရန်ရည်ရွယ်၍ မဟုတ်မမှန် လုပ်ကြံရေးသား ဖြန့်ဝေနေခြင်းဖြစ်ကြောင်း သတင်းရရှိသည်။




(၁၀၀)

**ပျောက်ဆုံးကြောင်း**

မူဆယ်မြို့၊ ခရစ်ယာန်ရပ်ကွက်နေ နန်းအက်စတာချွန်း(ဘ)ဦးချန်းခေါ ၁၃/မဆတ(နိုင်)၀၄၃၄၅၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**

ပဲခူးမြို့၊ ရွှေတန်းရွာနေ တင်မိုးဦး(ဘ)ဦးအောင်ထွန်း ၇/ပခန(နိုင်) ၃၂၄၁၃၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**

ဘုတလင်မြို့နယ်၊ ကင်းစမ်းကျေးရွာနေ မခိုင်ရဝေ(ဘ)ဦးဇေယျာမိုး ၅/ဘတလ(နိုင်)၁၄၁၅၇၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 664509)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**

ရဲထက်အောင်(ဘ)ဦးမြင့်အောင် ၇/အတန(နိုင်)၁၀၂၉၈၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 780457)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၇၀၄၁၃၂

**ပျောက်ဆုံးကြောင်း**

အေးအေးလွင်(ဘ)ဦးစံထွန်း ၉/မကန(နိုင်) ၀၃၂၂၀၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၉၉၀၀၉၈၀

**ပျောက်ဆုံးကြောင်း**

ဖြူဖြူဇင်(ဘ)ဦးဝင်းမြင့် ၁၂/သဃက(နိုင်) ၁၇၈၅၃၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 309048)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၉၃၇၆၆

**သစ်တောမှန်လျှင်အသုံးဝင် အစဉ်ထာဝရထိန်းသိမ်းကြ**



အင်္ဂလန်နိုင်ငံ International Brewing Awards ၊ ဩစတြေးလျနိုင်ငံ Australian International Beer Awards ၊ ဘယ်လ်ဂျီယံနိုင်ငံ Monde (World) Selection ၊
ဂျာမနီနိုင်ငံ European Beer Star ပြိုင်ပွဲကြီးများမှ အမြင့်ဆုံးဆုတံဆိပ်များ ရရှိခဲ့သော ဒဂုံအဖျော်ယမကာကုမ္ပဏီလီမိတက် ထုတ်ကုန်များ . . .
'ဒဂုံနှင့်အတူ ဂုဏ်ယူလိုက်ပါ'
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၂၆၃၁၄၇၃၈၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
DAGON
Non-Sparkling Lemon Tea
Sparkling Lemon Tea
LEMON




ထုတ်လုပ်မှုသက်တမ်း (၂၀) နှစ်ကျော်ရှိပြီး မိဘပြည်သူများ ယုံကြည်စိတ်ချစွာ အသုံးပြုနိုင်ပါသည်။
RHINO CEMENT
PORTLAND CEMENT, BRITISH STANDARD
OPC-BS-12-1996,42.5N
တစ်သက်တာလုံးကြံ့ခိုင်ဖို့
RHINO
သုံးကြစို့....
RHINO PORTLAND CEMENT
PRODUCT OF MEC EXPORT QUALITY
PREMIUM QUALITY CEMENT
ပင်ရင်းအရောင်းဌာန- ဖုန်း - ၀၉ ၄၂၈၇၃၀၉၉၂၊ ၀၉ ၄၂၈၇၃၀၉၉၃
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇




အောင်သစ္စာဦးအထွေထွေအာမခံကုမ္ပဏီလီမိတက်
"ဆုံးရှုံးမှုအန္တရာယ်ဘေး
မျှဝေခံစားပေးမှာ
အောင်သစ္စာဦး အာမခံပါ"
Hotline - 09-450450561, 09-450450562, 09-450450563
AUNG THITSA OO INSURANCE




ပဒုမ္မာဆပ်ပြာ
ရေမှာဆို 'ကြာ'
ဆပ်ပြာမှာ 'ပဒုမ္မာ'
ပဒုမ္မာဆပ်ပြာစက်ရုံ (ပေါင်းမြို့နယ်)မှ ခေတ်မီစက်ကြီးများဖြင့်
အသေးအသေးပြည့်မီစွာ ထုတ်လုပ်ထားသော အဝတ်လျှော်ဆပ်ပြာ၊
ကာဘော်လစ်ဆပ်ပြာ၊ ကိုယ်တိုက်ဆပ်ပြာနှင့် ဆပ်ပြာမှုန့်များအား လက်လီ၊
လက်ကား ဝယ်ယူအားပေးနိုင်ပါပြီ...
၀၉ ၇၈၁ ၈၄၈ ၆၉၉၊ ၀၉ ၇၉၃ ၇၃၂ ၆၁၆။
PADONMAR

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **မိမိတို့တစ်ဦးတစ်ယောက်ချင်းစီ၏ စာပေဖတ်ရှုလေ့လာခြင်းမှရရှိလာသည့် အသိဉာဏ်အလင်းသည် ဘဝတိုးတက်မှုအတွက် များစွာအထောက်အပံ့ဖြစ်စေနိုင်မည်ဖြစ်ပြီး မိမိ၏မိသားစုနှင့် မိမိတို့တာဝန်ထမ်းဆောင်ရသည့် ပတ်ဝန်းကျင်ကိုပါ အလင်းရောင်နှင့် လမ်းကြောင်းမှန်ကို ဖော်ဆောင်ပေးနိုင်ရမည်ဖြစ် . . .**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၂၆ ရက်နေ့တွင် မန္တလေးပညာရေးဒီဂရီကောလိပ်ရှိ နည်းပြဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများအား တွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

# ONE Friday Fights 95 ပြိုင်ပွဲတွင် မြန်မာဖိုက်တာသုံးဦး တွဲဆိုင်းများပါဝင်မည်




ရန်ကုန် ဇန်နဝါရီ ၃၀

ONE Friday Fights 95 ပြိုင်ပွဲကို ဇန်နဝါရီလ ၃၁ ရက်**(ယနေ့)**တွင် ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ကျင်းပမည်ဖြစ်ပြီး မြန်မာဖိုက်တာသုံးဦး၏ တွဲဆိုင်းများပါဝင်မည်ဖြစ်သည်။ ONE Friday Fights 95 ပြိုင်ပွဲတွင် တွဲဆိုင်းစုစုပေါင်း ၁၂ ပွဲ ပါဝင်မည်ဖြစ်ပြီး မြန်မာစံတော်ချိန် ည ၇ နာရီတွင် စတင်ကျင်းပမည်ဖြစ်သည်။

ယင်းပြိုင်ပွဲတွင် မြန်မာဖိုက်တာများဖြစ်သည့် မိုးထက်အောင်၊ အဲမွှီနှင့် စူပါရေချမ်းတို့ ပါဝင်ထိုးသတ်မည်ဖြစ်ပြီး မြန်မာဖိုက်တာ မိုးထက်အောင်က ထိုင်းဖိုက်တာ ဆာမင်ဒမ်၊

**စာမျက်နှာ ၁၇ ကော်လံ ၁** ◆

# MNL ပြိုင်ပွဲတွင် တန်းဆင်းဇုန်ထဲမှ ရခိုင်ယူနိုက်တက်အသင်းနှင့် အဆင့် ၅ နေရာမှ အား/ကာသိပ္ပံအသင်းတို့ သရေရလဒ်ထွက်ပေါ်

ရန်ကုန် ဇန်နဝါရီ ၃၀

၂၀၂၄-၂၀၂၅ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၁၈)တွင် ပထမနေ့ကို ယနေ့ညနေပိုင်းတွင် သုဝဏ္ဏကွင်း၌ကျင်းပရာ ရခိုင်ယူနိုက်တက်အသင်းနှင့် အား/ကာသိပ္ပံအသင်း ဂိုးမရှိသရေကျခဲ့သည်။

ပြိုင်ပွဲပြီးဆုံးရန် နီးကပ်လာပြီဖြစ်သောကြောင့် တန်းဆင်းဇုန်အတွင်း ကျရောက်နေသည့် ရခိုင်ယူနိုက်တက်အသင်း ရုန်းကန်နေပြီး ယခုပွဲတွင် အဆင့် ၅ နေရာမှ အား/ကာသိပ္ပံအသင်းကို သရေကစားကာ အမှတ်ခွဲယူခဲ့သည်။ အား/ကာသိပ္ပံအသင်းမှာ နည်းပြသစ် ဦးသာကျော်လက်ထက်တွင် နောက်ဆုံးသုံးပွဲဆက်တိုက် နိုင်ပွဲပျောက်ဆုံးခဲ့ရသည်။

**စာမျက်နှာ ၃၀ ကော်လံ ၁** ❒







# တရားမဝင်သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ စက်လှေများ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်နှင့် မော်တော်ယာဉ်များဖမ်းဆီးရမိ

စာ - ၃၀ သို့

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

